
www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# ရှင်နှောင်း

## မင်္ဂလာရက်ကို
## မကြေညာရက်ဘူးကိုကိုရယ်



ပန်းနိုသိန်းရွှေကြည်

2007

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၁၇၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၆၁၀၇၀၇
ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက်(၂၁)၊ အခန်း(၁၁)၊
စီးပွားကူးသန်းအိမ်ယာ၊ မြောက်ဒဂုံ
အတွင်းနှင့်အဖုံးပုံနှိပ်
ဦးထွန်းအောင်၊ စိန်နဂါးပုံနှိပ်တိုက်(၀၃၀၃၇)
အမှတ်(၁၇၅)၊ ၃၁–လမ်း။
ပထမအကြိမ်
၂၀၀၇ ခုနှစ်၊ စက်တင်ဘာလထုတ်
အုပ်ရေ (၁၀၀၀)၊ တန်ဖိုး (၅၀၀) ကျပ်
ရှင်နှောင်းစာပေ
အမှတ်(၄၅)၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊
ကျောက်ရေတွင်းရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်မှ တစ်ပြည်လုံးသို့
ဖြန့်ချိ၍ ဒေါ်အေးအေးမာ မှ
စီစဉ် ထုတ်ဝေပါသည်။

ရှင်နှောင်းစာပေ



## အခန်း ( ၁ )

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ခရီးသည်ကို ပို့ပေးပြီးသည့်နောက် ကားကိုခပ်သွက်သွက် မောင်း၍လာခဲ့သည်။

လေဆိပ်လမ်းအထွက် မှန်ဦးပေါက်ဝရောက်တော့ မီးပွိုင့်ကနီနေသဖြင့် ကားကိုဖြေးလေးစွာ ရပ်တန့်လိုက်၏။ မီးနီစောင့်ရသည်မှာ အချိန်အတော်ကြာသည်ဟု စိတ်ထဲက ပြောနေမိခဲ့သည်။

တစ်စုံတစ်ဦးကို သွားကြိုရန်အတွက် နောက်ကျနေမည်ကို စိုးရိမ်နေမိခြင်းပင်။

"ကျွတ်...ကြာလိုက်တာ...ဒီမီးပွိုင့်ကလဲ"

စိတ်မရှည်သည့် လေသံက သူ့နှုတ်မှ အလိုလိုထွက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

မီးပွိုင့်မှ မီးနီကို မကျေမနပ်ကြည့်ရင်း လက်မှာပတ်ထားသော နာရီလေးကို တစ်ချက်မှောက်ကာ ကြည့်လိုက်မိ၏။

"ဟာ...ဒုက္ခပါပဲကွာ"

အချိန်က တအားကို နောက်ကျနေမှန်း သိလိုက်ပါသည်။ ခုချိန်လောက်ဆိုရင်ဖြင့် "ရှင်နှောင်း" တစ်ယောက် သူ့ကိုစောင့်မျှော်လို့နေမည်ကို တွေးလိုက်မိ၏။

မတတ်နိုင်...သူ ဘယ်လိုမှ မတတ်နိုင်တော့ပါ။ ဟူးခနဲ သက်ပြင်းရှည်တစ်ချက် လေထဲကို မှုတ်ထုတ်လိုက်၏။

ထိုအခိုက် မီးပွိုင့်မှ မီးကာစိမ်းလို့လာသည်။ သူဂီယာထိုးလိုက်ပြီး ကားလေးကို အရှိန်မြှင့်တင်လိုက်ကာ ထိုမီးပွိုင့်မှ မောင်းထွက်လို့လာခဲ့တော့သည်။

သူ့အတွေးပုံရိပ်ထဲမှာတော့ ရှင်နှောင်း၏ နှုတ်ခမ်းစူပုတ်ပုတ်နှင့် မကြည်မသာဖြစ်နေသည့် ဟန်ပန်က အထင်သား ပေါ်လွင်လို့လာ၏။

"အင်း...နောက်ကျနေလို့ ငါ့ကိုတော့ နှောင်းကြည့်မှာမဟုတ်ဘူး"

သူ ကားအရှိန်ကို ပို၍မြှင့်တင်ကာ မောင်းလိုက်၏။ ကား





လေးက လမ်းကောင်းနေသဖြင့် မြွားတစ်စင်းပမာ တရိပ်ရိပ် ပြေးလွှားလို့နေရဲ့။ ရှစ်မိုင်မီးပွိုင့်ရောက်လာတော့ သူ့ကားက ကံကောင်းထောက်မစွာဖြင့်ပင် မီးပွိုင့်လွတ်လို့လာသည်။

"ဟား...ကံကောင်းလိုက်တာကွာ...ဒီမီးပွိုင့် လွတ်လာလို့"

သူ့မျက်နှာပြုံးလို့သွားသည်။ ဒီမီးပွိုင့်က နဲနဲကြာတတ်သည်မဟုတ်လား...ကားလေးကလည်း ကတ္တရာလမ်းမပေါ် လှစ်ကနဲပြေး...သူ့ရဲ့စိတ်ကလည်း ရှင်နှောင်းဆီသို့ ဖျတ်ကနဲ ရောက်ချင်ချင်နှင့်ပေါ့။

ဒီလိုနှင့် သူ့ကားလေးက ခုနစ်မိုင်သို့ရောက်တော့ ရှေ့ခပ်လှမ်းလှမ်း၌ သူ့ကားလိုပင် တက်ခ်စီ (TEXI) ကားလေးတစ်စီးကရပ်လို့ ထိုတက်ခ်စီ (TEXI) ကားလေးရဲ့ဘေးမှာ လူတစ်ယောက်က သူ့ကားကို လက်လှမ်းတားလို့ နေသည်ကို တွေ့လိုက်ရသည်။

သူ့စိတ်ထဲ ထင့်ခနဲ ဖြစ်လို့သွားတယ်။ တက်ခ်စီ မောင်းသမား၏ စိတ်ဓာတ်က သူ့ရင်ထဲသို့ တန်းကနဲ ဝင်လာခဲ့၏။ သူရပ်ပဲ ဆက်မောင်းလို့ သွားမည်ဟု စိတ်ထဲကနေ တွက်လိုက်မိသော်လည်း အနားသို့ရောက်တော့ လမ်းကြုံရင် ခေါ်သွားမှပဲ စိတ်ကူးက ပေါ်လာခဲ့သည်။

ထို့ကြောင့်ပင် သူ ကားလေးကို အရှိန်လျှော့လိုက်ပြီး လက်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတားသည့် ကားလေးနောက်၌ ထိုးရပ်ပေးလိုက်သည်။ သူ့ကားလေး ထိုးရပ်ပေးလိုက်တယ်ဆိုရင်ပဲ ထိုလူက အပြေးကလေးပင် ရောက်လာကာ...

"ညီလေး...အစ်ကို့ကို တစ်ခုလောက် ကူညီပေးပါလား ကွာ"

အားကိုးသောအကြည့်၊ တောင်းပန်သောလေသံတို့ဖြင့် သူ့ကိုကြည့်ကာ ပြောလာသည့် ထိုလူ့ရုပ်သွင်ကို သူဂရုဏာသက်လို့ သွားသည်။

"ကျွန်တော် ဘာအကူအညီ ပေးရမလဲ အစ်ကို"

"အစ်ကိုရဲ့ ခရီးသည်တစ်ယောက်ကို မြို့ထဲ လိုက်ပို့ပေးပါလားကွာ...အစ်ကို့ရဲ့ကားက ကျိုင်းပြုတ်ထွက်သွားလို့ပါ...ညီလေး"

သူ...အတန်ကြာစဉ်းစားလိုက်ပါတယ်...သူကမြို့ထဲက ဘိုကလေးဈေးကို သွားမှာဖြစ်သည့်အတွက် မြို့ထဲခြင်း၌တူနေ၏။ သို့သော် မြို့ထဲ ဘယ်နေရာပို့ရမည်ကို သိချင်သဖြင့် မေးမည်အလုပ်

"ညီလေးရာ ကူညီစမ်းပါကွာ...တို့တက်ခ်စီ သမားအချင်းချင်း ကူညီပါကွာနော်"

ခက်တော့နေ၏။ သူမကူညီမှာ စိုးရိမ်နေသည့်အလား... သူ့ကိုတောင်းပန်ခယစွာ ပြောလာခြင်းကိုတော့ အားနာလို့ သွားရ





သည်။

"နောက်ပြီး...ခရီးသည်ကလည်း ပြည်တွင်းခရီးသည် မဟုတ်ဘူး ညီလေးရာ...နိုင်ငံခြား ခရီးသည်တစ်ဦး ဖြစ်နေလို့ပါ"

"ဪ...ဟုတ်လား"

သူ ကူညီသင့်သည်ဟု တွေးလိုက်မိ၏။

"အင်းလေ...ဒါဆို ကျွန်တော် လိုက်ပို့ပါ့မယ်"

"ဟား...သိပ်ကျေးဇူးတင်တယ် ညီလေးရာ"

ထိုလူ သူ့ကားဆီသို့ လှည့်၍ ထွက်သွားသည်။ သူက သူ့ကားပေါ်ကနေ လှမ်းကြည့်လိုက်ရာ ထိုလူက သူ့ကားပေါ်ရှိ ခရီးသည်ကို အကျိုးအကြောင်းပြောပြလို့နေသည်ကို တွေ့လိုက်ရ၏။

ခဏအကြာမှာတော့ ထိုလူ၏ကားပေါ်မှ နိုင်ငံခြားခရီးသည် တစ်ဦး ဆင်းလို့လာသည်။

"ဟင်...အမျိုးသမီး တစ်ဦးပါလား"

သွယ်ပျောင်းသော ကိုယ်ဟန်လေးက နွဲ့နွဲ့နှောင်းနှောင်း ရှိလှသည်။ အသားလေးက ဆင်စွယ်ပမာ မှုန့်ညက်ဖွေးလဲ့လို့နေ၏။ မျက်ဝန်းနက်နက် တောက်တောက်လေးတွင် မည်းနက်ထူထဲလှသော မျက်တောင်ကော့ကြီးတွေ ရှိနေသည်။ နှာတံလေးကလည်း သေး သွယ်လို့ လုံးဝန်းနေတယ်။ ပါးမို့မို့လေး နှစ်ဘက်မှာလည်း မိတ်ကပ်



www.burmeseclassic.com

www.burmeseclassic.com



ရောင် တင်မထားဘဲ ရဲဝင်းလို့နေသည်။ နှုတ်ခမ်းလေးတွင် ဆေးရောင်မရှိ သို့သော် ရဲလွင်နုဖပ်နေ၏။

အရမ်းကို ချောညက်မွှန်လဲ့နေသော မိန်းကလေး။ ဤမျှချောသောလှသော မိန်းကလေးမျိုးကို သူမမြင်စဖူးသေး။

ဂုတ်ပေါ်ဝဲနေသည့် ဆံနွယ်တို့ကို လျှောက်လာရင်း တစ်ခါတစ်ခါ လှုပ်ရမ်းကာ ခါလိုက်တိုင်းမှာ လည်တိုင်ကျော့တွင် စိမ်းဖန့်သော သွေးကြောမျှင်လေးများအား တွေ့လိုက်မြင်လိုက်ရသလိုလို။

ဩော်...အင်မတန်မှ ချောမောလှပလွန်းနေသည်ကို သူ လက်ခံရတော့သည်သာ။ သူ့ကားဆီသို့ ရောက်တော့ သူ့ကိုပြုံးချိုစွာ ရယ်ပြ၏။

ဉရောပသူမဟုတ် အရှေ့တိုင်းသူတစ်ဦး ဖြစ်လို့နေသည်ကို သူခန့်မှန်းလိုက်မိသည်။ သူလည်းပဲ ပြန်၍ပြုံးပြလိုက်ပါတယ်။

နောက်ကလိုက်လာသည့် ထိုလူက သူ၏ကားရှေ့ခန်းက တံခါးကို ဆွဲဖွင့်ပေးလိုက်သဖြင့် နိုင်ငံခြားသူ ခရီးသည်မိန်းကလေးက ဝင်ထိုင်လိုက်သည်။

"ခုလို ကူညီတာ ကျေးဇူးတင်ပါတယ် ညီလေးရယ်၊ သူလည်းပဲ တို့မြန်မာလူမျိုးတွေက တစ်ဦးနဲ့တစ်ဦး အခက်အခဲတွေ့ရင် ကူညီတတ်ကြတယ်ဆိုတာ သိသွားတာပေါ့ကွာ ဟုတ်ဖူးလား"



ကားတံခါးကို ပြန်ပိတ်ရင်းနှင့် ထိုလူက စိတ်ထဲရှိသည့်အတိုင်း လှိုက်လှိုက်လှဲလှဲပြောလိုက်မိသည့် စကားကြောင့် သူ့ရင်ထဲတွင် သိမ့်ခနဲ နွေးထွေးစွာ ခံစားလိုက်ရသည်။ လူတစ်ယောက်၏ အခက်အခဲတစ်ခုကို ကူညီဖြေရှင်းလိုက်ရသဖြင့် ရင်ထဲတွင် အလိုလိုကျေနပ်မိသွားသည်ကအမှန်ပါ။

အထူးသဖြင့် နိုင်ငံခြားသားတစ်ဦးရှေ့၌ ကူညီလိုက်ရခြင်းကို သူဂုဏ်ယူလိုက်နိုင်သဖြင့် ဝမ်းသာပီတိ ဖြစ်လိုက်ရ၏။

"ကဲ...အစ်ကိုရေ ကျွန်တော်တို့ သွားမယ်နော်"

"အေးကွာ...အေး၊ ကျေးဇူးပဲ"

သူ ထိုနေရာလေးမှ ကားလေးကို မောင်းထွက်လို့လာခဲ့တော့သည်။ ကားလေးကို ဂရုတစိုက် မောင်းနှင်လို့ လာခဲ့ရာမှ ပြည်လမ်းမကြီးပေါ်သို့ ရောက်လာတော့ သူက နံဘေးတွင် ထိုင်လိုက်လာသည့် နိုင်ငံခြားသူ ခရီးသည်ကို စွေစောင်း၍ကြည့်လိုက်မိပါသည်။ ပြီးတော့ ရှေ့ဘက်ကို ပြန်လှည့်လိုက်ရင်း ဂျပန်လား၊ ကိုရီးယားလား မသိဘူး၊ အသားကတော့ ဖွေးဥနေတာပဲ။ အင်းတရုတ်လည်း ဖြစ်နိုင်တယ်။ သူတစ်ယောက်ထဲ အတွေးစကား မဆုံးသေးခင်မှာပဲ...

"ယူ...အင်္ဂလိပ်လို ပြောတတ်သလား"

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသူ အမျိုးသမီးလေးထံမှ မြန်မာသံ ခပ်ဝဲဝဲကို ကြားလိုက်ရသည်။ သူ ဖျတ်ကနဲ လှည့်ကြည့်လိုက်၏။ သူ့အကြည့်တွေထဲတွင် အံ့ဩမှုတွေ ပါကုန်၏။

နိုင်ငံခြားသူလေးကတော့ ပြုံးချိုချို မျက်နှာထားလေးနှင့် သူ့ကိုငေးစိုက်လို့ ကြည့်နေသည်ကို တွေ့လိုက်ရသည်။

ဘာရယ်မဟုတ် သူ့ရင်ထဲမှာတော့ ဖိုကနဲ ရှိန်းကနဲ ဖြစ်လို့သွားပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုတာ သူမသိ။

"အော်...အင်း...နည်းနည်းပါးပါး ပြောတတ်ပါတယ်"

သူ ပြောပြီးသည့်တိုင်အောင် သူမမျက်နှာ လှည့်၍မသွားပါ။ သူ့ကိုပြုံးလို့ ကြည့်နေသည်ကို သူ့မျက်ဝန်းထောင့်မှ တဆင့် သတိထားမိလိုက်သည်။

"ဒီမှာ...ယူတို့ မြန်မာလူမျိုးတွေ တစ်ယောက်ကို တစ်ယောက် ကူညီတတ်ကြတယ်နော်...သိပ်ချစ်စရာကောင်းတဲ့ ဓလေ့ပဲ"

နိုင်ငံခြားသူတစ်ယောက်၏ ချီးကျူးမှုကို ကြားရတော့ သူ့ရင်ထဲတွင် ကျေနပ်ပီတိ ဖြစ်မိလိုက်သည်။ ကိုယ့်လူမျိုးအတွက် ဂုဏ်လည်းယူမိလိုက်၏။

သူက ကားလေးကို ညင်သာစွာ မောင်းနေရာမှ ဖျတ်ကနဲ သူမဘက်သို့ လှည့်ကြည့်လိုက်သည်။





"ကျွန်တော်တို့ မြန်မာလူမျိုးတွေကို ခုလိုချီးမွမ်းတဲ့အတွက် အရမ်းကိုပဲ ကျေးဇူးတင်ပါတယ်...အဲ...နာမည်ဘယ်လိုခေါ်လည်း မသိဘူး"

သူ့နှုတ်က လွှတ်ကနဲ ထွက်လိုက်မိသည်။ နာမည် မေးလိုက်ခြင်းသည် ရိုင်းစိုင်းသော အပြုအမူတစ်ခုလားဟု တွေးလိုက်မိ၏။ သို့သော် သူမက ပြုံးရွှင်စွာနှင့်ပြော၏။

"အိုဂျူးစံ လို့ခေါ်ပါတယ်"

အိုဂျူးစံဆိုသည့် စကားလုံးလေးကို သူ့နှုတ်ကလိုက်၍ ရွတ်ကြည့်သည်။ ဂျပန်လူမျိုးလားဟု စိတ်ကမှန်းကာ တွေးကြည့်ရင်း နှုတ်ကမေးလိုက်မိ၏။

"ဂျပန်လူမျိုး ထင်တယ်နော်"

"ဟုတ်ပါတယ်...ကျွန်မ ဂျပန်လူမျိုးပါ"

"မြန်မာစကားကို တော်တော် လေ့လာထားတယ်နဲ့ တူတယ်"

"ဟုတ်ကဲ့ ... ဂျပန်မှာကတည်းက လေ့လာသင်ယူထားခဲ့တာပါ"

အပြောအဆိုက ယဉ်ကျေးသိမ်မွေ့လွန်းသည်ကို အကဲခတ်မိလိုက်သည်။ သူမ၏ နာမည်လေးကလည်း ချစ်စရာကောင်းသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



တွေးလိုက်မိနေဆဲမှာ...

"ယူ...နိမ်း"

သူမက သူ့ကိုအင်္ဂလိပ်လို နာမည်မေးလာပါတယ်။ သူက ခပ်ပြုံးပြုံးလေး လုပ်လိုက်ပြီး...

"အိုင်း(I'm) ဖွန်ဦးမောင်...ပါ"

"အိုး...ဂွတ်...နာမည်သိပ်လှတယ်"

သူမရဲ့ အပြောလေးကြောင့် ပြုံးရယ်မိလိုက်တယ်။

"အိုဂျူးစံဆိုတဲ့ နာမည်လေးလဲ လှပါတယ်"

"တကယ်ပြောတာလား"

"ကျွန်တော် မြှောက်မပြောတတ်ပါဘူး အိုဂျူးစံ"

"အ...ဟင်း...ဟင်း...ဟင်း"

သူ့ရဲ့အပြောလေးကို အိုဂျူးစံတစ်ယောက် သဘောကျသွားသည့်အလား ခလေးတစ်ယောက်လို ရယ်မောလိုက်ပါသည်။ နောက်တော့ ကားလေးထဲတွင် တိတ်ဆိတ်လို့သွား၏။ သူ...နေမင်းပိုင်။ ကားလေးကို အမြန်နှုန်းတင်ကာ မောင်းနေမိတော့သည်။

အိုဂျူးစံကတော့ ပြင်ပမှ တိုးဝင်လာသည့် လေဒဏ်ကြောင့် တစ်ဘက်တစ်ချက်သို့ ရောက်ရောက်သွားနေသည့် ဆံနွယ်စတို့ကို လက်ဖြင့်ဖယ်ရင်းက ပြင်ပရှုခင်းတို့ကို ငေးကြည့်နေလိုက်သည်။





ထိုအခိုက် ကားလေးက ပြည်လမ်းမှ မောင်းနေရင်း ပြည်သူ့ဥယာဉ်နှင့် ပြည်သူ့လွှတ်တော်ရှေ့သို့ ရောက်လာသည့်အခါ အိုဂျူးစံက...

"အိုး...ကြည့်စမ်းပါ...ဒါ ရွှေတိဂုံပဂိုးဒါး(Pagoda)"

ပြည်သူ့ဥယာဉ်မှ ရွှေတိဂုံဘုရားအား မြင်လိုက်ရသည့်ခဏ အိုဂျူးစံ၏ မျက်နှာတွင် အံ့ဩမှုတွေ ဝမ်းသာကြည်နူးမှုတွေ လျှပ်တစ်ပြက်ရောက်လာ၏။

"မြန်မာပြည်ကို ဂျူးစံရောက်လာတာ တစ်ကယ်တန်ဘိုး ရှိလိုက်တာ"

ကြည့်လို့ မဝနိုင်သည့်အလား ဘုရားကို ကျော်သွားသည့်တိုင် နောက်သို့လှည့်ကာကြည့်ရင်း ကြည်ညိုသဒ္ဓါပွားလို့ အားမရနိုင်ဘူးဖြစ်နေသည်။

"ကျွန်တော် ဘယ်လိုပို့ပေးရမလဲဆိုတာ ပြောပါဦးလား"

ရန်ကုန်မြို့တွင်း အဝင် ဇေယျာစပ်သို့ရောက်တော့ အိုဂျူးစံဘက်သို့ လှည့်ကာမေးလိုက်သည်။

"သြော်...အင်း...အင်း"

အိုဂျူးစံက ခေါင်းလေးညိတ်လို့ ရယ်မောရင်း အတာချိတ်အိတ်ဖွင့်ကာ ဖိုင်တွဲတစ်ခုထုတ်ယူပြီး ထိုဖိုင်တွဲကြားမှ ကဒ်ပြားတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ယူကာ သူ့ကိုလှမ်းပေးလာ၏။ ဖွန်ဦးမောင်က လှမ်းယူပြီး ကြည့်လိုက်တယ်။

"အဲဒီ Adress (လိပ်စာ)အတိုင်း ပို့ပေးပါ"

သူ လိပ်စာကဒ်ကို ကြည့်နေတုံး အိုဂျူးစံမှ အသံထွက်လာသည်။

"ဗိုလ်အောင်ကျော်လမ်းပဲ...စိတ်ချ အိုဂျူးစံ ကျွန်တော် ရောက်အောင်ပို့ပေးပါ့မယ်"

"Thank You (ကျေးဇူး)"

ဟုပြောပြီး အိုဂျူးစံ၏ အကြည့်များသည် သူ့အပေါ်သို့ ချစ်ခင်နှစ်သက်သောဟန်၊ ခင်မင်လေးစားသောဟန်တို့ ပြည့်နှက်စွာ တည်ရှိနေသော်လည်း ဖွန်ဦးမောင်အနေဖြင့်တော့ အတော်ထူးခြားလွန်းနေ၏။ မိန်းကလေးများနှင့် ဆက်ဆံပြောဆိုခဲ့ရပေါင်းများခဲ့သော်လည်း မည်သည့် ခံစားမှုမျိုးကိုမှ မခံစားခဲ့ရပါ။

ခုတော့ သူမ...အိုဂျူးစံနှင့်ကျမှ ရင်ထဲမှာ လှိုင်းတံပိုးတွေ ထန်သွားသလိုလို...လေမုန်တိုင်းတွေ ခပ်ရမ်းရမ်း ခပ်ကြမ်းကြမ်း တိုက်ခတ်သွားသလိုလို...ခံစားသွားရသည်ကိုတော့ ထူးခြားလွန်းနေသည်ဟု မြင်မိ၏။

သို့ဖြင့် သူ၏ကားလေးသည် ရန်ကုန်မြို့တွင်းသို့ ရောက်လာ





ခဲ့ပါသည်။ သံရေးတလျှောက်တွင် ကားတွေက ပြည့်ကျပ်သိပ်လို့ နေသဖြင့် ကားကို တဖြေးဖြေးချင်း မောင်းလို့နေရသည်။

လူတွေကလည်း ပျားပန်းခပ်မျှ သွားလာလှုပ်ရှားလို့နေ၏။ အိုဂျူးစံကတော့ ထိုမြင်ကွင်းများကို တစိုက်မတ်မတ် ကြည့်လို့ နေလျက် သူ့ကားလေးသည် သိမ်ကြီးဈေးကိုကျော်လာပြီး ဆူးလေ စေတီတော်အတိုင်းကို ပတ်ကွေ့လိုက်စဉ် အိုဂျူးစံက...

"What Pagoda (ဘာ...ဘုရားလဲ)"

ဆူးလေစေတီတော်ကြီးအား မော့ကြည့်လိုက်ရင်းက သူ့ကိုမေးလိုက်ရာ...

"ဆူးလေ ပဂိုးဒါး အိုဂျူးစံ"

သူမ အံ့သြတသင့်နှင့် ဗန္ဓုလပန်းခြံတွင်းရှိ လွတ်လပ်ရေး ကျောက်တိုင်ကြီးကိုလည်း ကြည့်လိုက်သည်။

" မြန်မာပြည်မှာ ကြည့်စရာ ရှုစရာတွေက အများကြီးပဲနော် "

ပန်းဆိုးတန်းဘက်ကိုလွန်တော့ ဗိုလ်အောင်ကျော်လမ်း ဘက်သို့ မောင်းနှင်လိုက်ပြန်၏။ တအောင့်အကြာမှာ ဗိုလ်အောင် ကျော်လမ်းထဲသို့ ရောက်ရှိလို့လာသည်။

ကားကို ဖြေးလေးစွာ လိုမ့်မောင်းရင်း Adress ကဒ်မှ



www.burmeseclassic.com

www.burmeseclassic.com




လိပ်စာကိုကြည့်ရင်း ရှာဖွေမိသည်။ ဟော... တွေ့ပြီ၊ အဆောက်အဦ ရှေ့တစ်ခုအရောက်တွင် ကားကိုထိုးရပ်လိုက်ပါတယ်။ သူမ ကား ပေါ်ကဆင်းပြီး အိတ်ဘာချိုက့်ကို ဖွင့်ကာ ငွေစက္ကူတစ်ချို့ကို ယူလိုက် ချိန် ဖွန်ဦးမောင်က...

"ဆာယိုးနားရာ"

ဟု ဂျပန်လို သွားတော့မယ်နော်လို့ နှုတ်ဆက်ရင်း ကားကို မောင်းထွက်လာခဲ့တော့၏။ သူ့ကားဘက်ခ်မှန်တွင်းမှ ကြည့်လိုက် သည်။ အိုဂျူးစံကတော့ ကားလေးထွက်သွားရာကို မှင်သက်ငေးမော စွာနှင့် ကျန်ခဲ့ပါတော့တယ်။ လက်ထဲတွင် ငွေစက္ကူတစ်ချို့ ကိုင်ထား လို့ပေါ့လေ။

♡ ♡ ♡





အခန်း (၂)

ဘိုကလေးဈေးလမ်း၏ အလယ်ဘလောက်သို့ ကားကို မောင်းဝင်လာခဲ့၏။ လမ်း၏အလယ်သို့ မရောက်တစ်ရောက်တွင် အဆောက်အဦတစ်လုံး၏ လှေကားခြေရင်းအုတ်ခုံပေါ်တွင် ထိုင် နေသည့် ရှင်နှောင်းကို ကားထဲကနေ သူလှမ်းတွေ့လိုက်သည်။

ရှင်နှောင်းတစ်ယောက်ကတော့ လက်မှာပတ်ထားသည့် နာရီလေးကို တစ်ချက်မြှောက်ကာ ကြည့်လိုက်သည်။

"တောက်"

အချိန်က တအားနောက်ကျလွန်းလှချေပြီ။ ဒေါသတို့က ရင်ထဲမှာ အလိပ်လိုက် အလိပ်လိုက် တက်လို့လာသည့်အခွက် တောက်ခေါက်မိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"လာကြိုတိုင်း ဒီအတိုင်းချည်းပဲ...အမြဲကိုနောက်ကျတယ်၊ ဟွန်း...ဘယ်တော့မှ စောစောမလာဘူး"

ရှင်နောင်း တစ်ယောက်တည်း ထိုင်စောင့်ရင်း စကားတွေ ပြောနေမိသည်။ မျက်နှာလေးမှာလည်း ငိုမဲ့မဲ့နှင့် ခပ်နွမ်းနွမ်းလေး ဖြစ်နေ၏။

သူ...ဖွန်ဦးမောင် ကားလေးကို သူမရှေ့တည့်တည့်တွင် ထိုးရပ်လိုက်သည်ဆိုတာနှင့်ပဲ ရှင်နောင်း၏ မျက်နှာရှုပုတ်ပုတ်နှင့် အလိုမကျ ဒေါသထွက်နေသော မျက်ဖောင်းအစ်ကြောင့် မျက်နှာလေးက ကွက်ခနဲပျက်သွားရသည်။ ကားပေါ်မှ ကပျာကယာဆင်းပြီး ရှင်နောင်း၏ ရှေ့တည့်တည့်သို့ ရပ်လိုက်၏။

"ဆောရီးပဲ...နောင်းရာ...ကိုယ်နောက်ကျသွားတယ်ကွာ"

ရှင်နောင်းမျက်နှာလေးမဲ့ကာ နှာခေါင်းလေးရှုံ့လိုက်ပါတယ်။

"ကိုယ် နိုင်ငံခြားခရီးသည်တစ်ဦးကို လိုက်ပို့နေရလို့ပါ နောင်းရာ"

မကျေနပ်ချင်...ဒီဆင်ခြေကို လုံးဝမကျေနပ်ချင်တာ အမှန်။ ဘယ့်နှယ် အမြဲတမ်းလိုလို နောက်ကျနေတာကတော့ အလုပ်မဟုတ်တော့။ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်လို့ စိတ်ကူးထဲကို ထည့်၍ မထားတော့တာအမှန်။





"ကိုယ်...တောင်းပန်ပါတယ် နောင်းရယ်နော်"

"ဒီမှာ စောင့်နေရတာ ဘယ်လောက်ကြာသွားပြီ မှတ်လဲ၊ တစ်ယောက်ထဲ ကြောင်တောင်တောင်နဲ့ လူတွေက ဝိုင်းကြည့်လို့ သိပ်ရှက်ဖို့ကောင်းတာပဲ သိလား"

ငိုသံရောနှောလို့ ပြောလိုက်ပေမဲ့လည်း မျက်ဝန်းအိမ်မှ မျက်ရည်တို့က စီးကျလို့ လာပါတော့တယ်။ ဖွန်ဦးမောင်တစ်ယောက် ရှင်နောင်းကိုကြည့်ရင်း စိတ်မကောင်းဖြစ်ကာ သနားလို့သွား၏။

"ကိုယ် ထပ်တောင်းပန်ပါရစေ နောင်း"

"တောင်းပန်ရုံနဲ့ ကျေနပ်ရမှာလားလို့"

ဘုတောတောဖြင့် သူ့ကို ပြန်ပြောလိုက်သဖြင့် သူ သက်ပြင်း မှုတစ်ချက်ကို မှုတ်ထုတ်လိုက်ရသည်။ နောက်ပြီး သူ့ကို အတော် လေး တင်းနေသည်ကိုလည်း သူ သိနေသဖြင့် ...

"နောက်...ဒီလိုမဖြစ်စေရဘူးကွာ...ကိုယ်..နောင်းကို ကတိပေးတယ်၊ လာပါ...နောင်းရာ ကားပေါ်တက်တော့နော်"

"တက်ဖူး"

နှုတ်ခမ်းကိုစူရင်း တစ်ခြားဘက်သို့ မျက်နှာလွှည့်လိုက်သည်။ ဖွန်ဦးမောင်က ရှင်နောင်း၏ အပြုအမူကြောင့် ပြုံးလိုက်မိ၏။

"နောင်းရာ စိတ်ကောက်တာ လှလည်းမလှပဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ကနဲ သူ့မျက်နှာကို စူးကနဲကြည့်လိုက်တယ်...

"ဘာပြောတယ်...ဟွန်း...လုလု...မလုလု...လု ဘာ
လာမေးပြာနဲ့"

ဟောကြည့် ဒေါသကထွက်တာအရင်၊ မျက်နှာတပြင်လုံး
ဒေါသသွေးတို့ကြောင့် ရဲလို့နေပေ၏။ မျက်ရည်တွေကလည်း ကျ
လာ၏။ ဒီတော့ ဖွန့်ဦးမောင် မနေနိုင်တော့ပါ၊ ရှင်နောင်းကို ချော
တော့မည်လေ။

"နောင်းက တစ်ကယ်စိတ်ဆိုးနေတာကိုး၊ လာပါ နောင်း
သွားကြရအောင် ကိုယ်လည်းမိုက်ဆာနေပြီ၊ နောက်ဆို ဒီလိုမဖြ
အောင် ကိုယ်ကြိုးစားပါ့မယ်"

ရှင်နောင်းတစ်ယောက် သူမဆုံးဖြတ်ထားသည့်အတိုင်း ခွ
လွှတ်ဖို့ရန် စိတ်ကူးထဲမထည့် ...

"နောင်းရယ်...ကိုယ်ဘယ်လိုတောင်းပန်မှ ကျေနပ်မှာ
လည်းကွာ"

ရှင်နောင်း သူ့ကိုဘာစကားမှ မပြောတော့... ကြည့်လည်း
မကြည့်တော့၊ သူ့စိတ်ထဲမှာလည်း ဘယ်လိုမှ ချော့လို့ရမှာ မဟုတ်
တော့ဘူးဆိုတာ သိလိုက်ပြီ ဒါကြောင့် ဖွန့်ဦးမောင် သူ့သိက္ခာ ကျ
မည့် အလုပ်တစ်ခုကိုလုပ်ရန် ဆုံးဖြတ်လိုက်ရ၏။





ဒါကတော့ဖြင့် ရှင်နောင်း၏ ရှေ့တည့်တည့်တွင် သူ
ထောက်ကာ နေလိုက်၏။ အဖြစ်အပျက်က မြန်လွန်းသဖြင့်
နောင်း ရုတ်တရက် မှင်သက်လို့သွားသည်၊ နောက်တော့ ကမန်း
တမ်း မတ်တပ်ထရပ်လိုက်ရင်း...

"အို... ဒါ ဘာလုပ်တာလဲ"

သူ ဘာမှပြန်မဖြေမိ။

"မေးနေတယ်လေ...ဘာလုပ်တာလဲလို့"

ဒါလည်း ဘာတစ်ခုမှ သူပြန်မပြော။

"ကဲ...ထပါ...လူမြင်မကောင်းဘူး"

ရှင်နောင်းက သူ့ပုခုံးကို အတင်းဆွဲမ၍နေသဖြင့် ...

"ကိုယ့်ကို စိတ်ဆိုးဦးမှာလား"

"ဟင့်အင်း...ဟင့်အင်း...မဆိုးတော့ဘူး"

ဒီတော့မှ သူ ဒူးထောက်နေရာမှ ထလိုက်တော့သည်။
ကနဲဆိုပြီး မကြာမသာ ဆောင့်ဆောင့်အောင့်အောင့်နှင့် ကား
ခါးဖွင့်ကာ ရှင်နောင်း ကားထဲဝင်ထိုင်လိုက်သည်။ သူလည်း
ရှေ့ကပတ်ပြီး တံခါးဖွင့်ဝင်ထိုင်ရင်းက...

"ဒီလို လိမ္မာမှပေါ့ ခလေးမရယ်"

ဒိုင်းကနဲ ရှင်နောင်းမျက်စောင်းက သူ့ဆီလာမှန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း...မစနဲ့နော်"

သူ လျှာလေးတစ်လစ်နှင့် ရယ်ချင်ချင်ဖြစ်လို့ သွားပါတယ်။ သော့ပေါက်ထဲကို သော့သွင်းလိုက်ပြီး ကားစက်နှိုးလိုက်၏။

"ဘယ်တော့မှ စောစောလာတယ်မရှိဘူး။ သူ့ကိုပဲ ဒီက အမြဲစောင့် စောင့်နေရတယ်၊ တော်ပြီ...နောက်ကို ကိုယ့်ဖာသာကိုယ် ကားငှားပြီး ပြန်တော့မယ်"

"ဒီလိုတော့ မပြောပါနဲ့ နှောင်းရယ်...ကိုယ့်ဘဝက အငှားကားမောင်းရတဲ့ဘဝဆိုတော့ ခရီးသည်တွေနဲ့ တွေ့ရင်ခုလို နောက်ကျတတ်ပါတယ်...ကိုယ့်ကို အဲဒါတစ်ခုတော့ နားလည်ခွင့်ပေးပါ နှောင်းရယ်"

"ကဲ...ပြောမနေပါနဲ့တော့ ... မောင်းတော့"

"ဝုတ်"

ဖျတ်ကနဲ မျက်စောင်းအကြည့်က သူ့ဆီကို ရောက်သွားပြန်၏။ ဖွန့်ဦးမောင် ပြုံးတည်တည်နှင့် ကားကိုလှိမ့်ထွက်ကာ မောင်းလိုက်တော့သည်။







အခန်း (၃)

အိမ်ရှေ့တည့်တည့်ကို ကားကို ထိုးရပ်လိုက်သည်။ ရွှင်နှောင်းက ကားတံခါးကို ခပ်ကြမ်းကြမ်းဖွင့်ကာ ဆူဆူအောင့်အောင့်နှင့် ဆင်းသွားပြီး...

"ဂျိမ်း"

ကားတံခါးကို တအားဆောင့်ပိတ်လိုက်၏။ ပြီးတော့ သူ့ကို မျက်စောင်းထိုးလိုက်သေး၏။ မျက်နှာကိုလည်း မဲ့လိုက်ပြန်၏။ နောက်ဆုံးတော့ နှုတ်ခမ်းစူကာ ခြေဆောင့်လို့ ထွက်သွား၏။ ဒါတောင် ပါးစပ်က အသံထွက်လိုက်သေးသည်။ ဘာတဲ့...ဩော်...ဟွန်းတဲ့။ ဒါကို ဖွန့်ဦးမောင်တစ်ယောက် သဘောကျသွာ ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အသံထွက်အောင်တော့ မရယ်ရယ်တာ အမှန်။ တော်ကြာ ရှင်နှောင်း၏ ဒေါသတို့က မုန်တိုင်းတစ်ခုထက်ပိုပြီး ပြင်းထန်လာလိမ့်မည်ကို သူ သိနေခြင်းကြောင့်ပင်၊ အသာလေး ခေါင်းလေးငုံ့လို့ မသိချင်ယောင်ကို ဆောင်နေလိုက်ရသည်။ ရယ်ချင်တာမှ ရင်ထဲမှာ ယားကျိကျိနှင့် ပေါ့လေ။ ရှင်နှောင်းက နှုတ်ခမ်းစူစူနှင့် အိမ်ပေါ်သို့ တက်လာခဲ့သည်။

"ဟဲ့ ...သမီး နှောင်း ဘယ်လိုဖြစ်လာတာလဲ...နှုတ်ခမ်းကလည်း စူလို့"

မျက်နှာမသာမယာနှင့် တက်လာခဲ့သည့် ရှင်နှောင်းကို သူမ၏ အမေဒေါ်ခင်နှောင်းမေက ဆီး၍ မေးလိုက်သံကို အိမ်အောက်တွင် ကားကိုသန့်ရှင်းရေး ပြုလုပ်ရန် လုပ်ဆောင်နေသော ဖွန်ဦးမောင်က လှမ်း၍အသံပြုလိုက်၏။

"ကျွန်တော် လာကြိုတာ နောက်ကျလို့ စိတ်ကောက်နေတာ အန်တီမေရေ"

"အော်...သမီး နှောင်းရယ် ဒါစိတ်ကောက်စရာလားလို့"

"စိတ်ကောက်နေတာ မှုတ်ပါဘူး၊ မေမေရဲ့ စိတ်ဆိုးနေတာ"

"ဟောကြည့် ပြောလေစိုးလာလေပဲနော် . . .သားလေးဖွန်က အငှားကားမောင်းနေတာလေ...ခရီးသည်တွေကို ပို့ရင်းနဲ့





...ရှာတာလေ..အဲဒါနောက်ကျတာ ဘာဖြစ်လဲ...ဒါကို သမီးက ...နားလည်ပေးရမှာပေါ့ ... ဒီမှာ...သမီး"

ဒေါ်ခင်နှောင်းမေ၏ ခပ်ထန်ထန်လေသံကို ကြားလိုက်...၏။

"အိမ်ရဲ့စီးပွားရေးကို သားလေးဖွန်က တစ်ဖက်တစ်လမ်းက ...ဖေးပေးနေတာလေ...အဲဒါကို သမီးနားလည်ထား...ကလေး ...ဆန်နေတော့ သိလား"

"အမေကလဲ သူ့ဘက်ကချည်း လိုက်ပြောနေတာပဲ"

ရှင်နှောင်းကပြောပြီး အိမ်နောက်ခန်းတွင်းသို့ ခြေဆောင့်...သွားသည်ကို သူကြားနေရ၏။ တစ်ကယ့် ကလေးဆိုးကြီးပဲဟု ...သာ မှတ်ချက်ပြုရင်း ပြီးကာ ကားရေဆေးဖို့ကို ပြင်ဆင်လိုက်သည်။ ...ပေါ်မှာတော့ ရှင်နှောင်းတစ်ယောက် စိတ်ကောက်ရင်း နောက်ဖေး ...ချောင်ဘက်သို့ ရောက်လာသည့်အခါ...

"ဟင်...နှောင်းလေး"

ဟင်းအိုးကို နွှေးလို့နေရင်း နောက်က ခြေသံပြင်းပြင်းနှင့် ...ရောက်လာသံကြောင့် ဒေါ်ခင်မေသိန်း ဖျတ်ကနဲကြည့်လိုက်သည်။ ...နှောင်း၏မျက်နှာ အလိုမကျဟန်ကို တွေ့လိုက်ရတော့ ...

"မျက်နှာလည်း မကောင်းပါလား...ဘာဖြစ်လာတာလဲ



www.burmeseclassic.com

www.burmeseclassic.com



တင်"

ရှင်နှောင်း မကျေမနပ်ဟန်နှင့် မီးဖိုချောင် ကြမ်းပြင်ထက် ပေါ်မှာတင် တင်ပုလွှေခွေထိုင်ချလိုက်တယ်။

"ဟွန်း"

မကျေနပ်သံ...ရှင်နှောင်းနှုတ်က မကျေနပ်သံက ဖျောက်အိုးတစ်လုံး ပစ်ဖောက်လိုက်သည်ထက် ဆိုး၏။

"ပြောစမ်း...အမေသိန်းကိုပြောစမ်း...နှောင်းလေးကို ဘယ်သူဘာပြောလိုက်လဲ"

"အမေသိန်း...သားပေါ့"

အင်း...ဒင်းကြောင့်ကိုး...ထင်တော့ထင်သား။

ဒေါသတွေ ပေါက်ကွဲချင်တိုင်း ပေါက်ကွဲလို့ ရှင်နှောင်း တစ်ယောက် မချိတင်ကဲနှင့် ညည်းညူကာ ပြောလာသည်ကို ဒေါ် ခင်မေသိန်း ရိပ်မိလိုက်သည်။

"ဘာလဲ...ဒီကောင် သမီးနှောင်းလေးကို အခေါ်နှောက် ကျပြန်ပြီလား"

"ဟုတ်တယ်...အန်တီသိန်း"

"ဒီကောင်ကတော့ နှောင်းလေးဆို ဂရုမစိုက်ချင်ဘူး... တွေ့မယ်...ဒီကောင့်ကို အမေသိန်း ကောင်းကောင်းကြီး ဆုံးမပြ





မယ်...သိလား နှောင်းလေး"

သူမ နည်းနည်းတော့ စိတ်ပျော့သွားဟန်ရှိသည်ထင်၏။ မျက်နှာထားက ခုနကလောက် တင်းမာမှုမရှိတော့ပါ။

"ဒီကြားထဲ အမေက သူ့ဘက်ကချည်း ကာကွယ်ပြီး ပြောတယ်... သိလား...အမေသိန်း"

"ဟုတ်လား"

"ဟုတ်တယ် အမေသိန်းရဲ့ ..နောက်ပြီး သမီးကိုတောင် ဆူလိုက်သေးတယ်...အမေသိန်းပဲ သမီးကိုနားလည်တာ"

ရှင်နှောင်းအပြောကြောင့် ဒေါ်ခင်မေသိန်းရင်ထဲ ကြည်နူးလို့ သွားရသည်။ ရှင်နှောင်း ငယ်ငယ် မူလတန်း အရွယ်ကပင် ထိန်းသိမ်းကျောင်းလာခဲ့ရသဖြင့် သမီးအရင်းတစ်ယောက်လို ချစ်ခဲ့ ရသည်။ အလိုလည်း လိုက်ခဲ့၏။

ဒါကြောင့်ပင် ရှင်နှောင်းက ဒေါ်ခင်မေသိန်းအပေါ် နွဲ့ဆိုး ဆိုးတော့၏။

"ကဲပါ...သမီးလေးနှောင်းရယ်...စိတ်ကို နည်းနည်း လျှော့လိုက်တော့ ... အမေသိန်းလေ သမီးလေးကြိုက်တတ်တဲ့ ငါးခူစဉ်းကော ချက်ထားတယ်ကွယ့်"

ချက်ချင်း ရှက်နှောင်းမျက်နှာကြည်လင်လို့သွား၏။ ရှင်နှောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုကြိုက်တတ်သည်ဆိုတာကို သိထားနှင့်ပြီးသားဆိုတာ ဒေါ်ခင်မေသိန်း တစ်ယောက် ကောင်းကောင်း သဘောပေါက်ထား၏။

"ဟာ...ဟုတ်လား...ဒါကြောင့် အမေသိန်းကိုချစ်တာ"

"ဒါဆို...သမီးလေး...ရေချိုးဦးမလား...တစ်ခါတည်း စားမလား"

"ရေအရင်ချိုးလိုက်ဦးမယ် အမေသိန်းရယ်"

"အေး...အေး...ဒါဆိုလည်း အမေသိန်း ထမင်းပွဲပြင်ထားလိုက်မယ်လေ"

အင်း ဆိုပြီး ရှင်နှောင်းခေါင်းလေးညိတ်ကာ ထလို့ထွက်သွားသည်။ ခုတော့လည်း ဘာမှမဖြစ်တော့သလိုမျိုး ဖြစ်လို့သွားသည့် ရှင်နှောင်းကိုကြည့်ရင်း ဒေါ်ခင်မေသိန်း ငေးကျန်လို့ကြည့်ရင်း အတွေးတွေက ပြန့်လွင့်လို့ သွားခဲ့သည်လေ...။

ဟိုတစ်ချိန်...အနှစ် နှစ်ဆယ်ကာလကပေါ့ ...

နေ့တစ်နေ့ရဲ့ မနက်ပိုင်းလောက်မှာ ဦးအောင်ထက်နှင့် ဒေါ်ခင်နှောင်းမေတို့၏ နေအိမ်သို့ ဦးထွန်းမောင်နှင့် ဒေါ်ခင်မေသိန်းတို့ ဇနီးမောင်နှံနှစ်ဦး အလုပ်ဝင်လုပ်ဖို့ ရောက်လာခဲ့သည်။

သူတို့နှင့်အတူ မူလတန်းကျောင်းသားအရွယ် သားတစ်ယောက်ပါလာခဲ့၏။ နာမည်က မောင်ဖွန့်ဦးမောင်လို့ ခေါ်သတဲ့။





ဦးထွန်းမောင်က ကားဒရိုင်ဘာတာဝန်ကို ထမ်းဆောင်ရန်နှင့် တစ်ခြားအိမ်မှုကိစ္စအဝဝကိုလည်း လုပ်ကိုင်ရသည်လေ။ သို့သော် ဦးထွန်းမောင်သည် ဟိုတုန်းက ဆယ်တန်းအောင်ခဲ့သဖြင့် အင်္ဂလိပ်စာ ကောင်းကောင်းပြောတတ်ပြီး စီးပွားရေးအမြင်ရှိခဲ့သည်။

ထို့ကြောင့်ပင် ဦးအောင်ထက်၏ စီးပွားရေးလုပ်ငန်းအချို့၌ အကြံဉာဏ်တွေ ပေးလာခဲ့သဖြင့် ဦးအောင်ထက်၏ ယုံကြည်ကိုးစားမှုကို ရခဲ့သည်။ ဦးထွန်းမောင်ကလည်း သစ္စာရှိရှိ ရိုးသားစွာနှင့် လုပ်ကိုင်ပေးခဲ့ပါသည်။

ဒေါ်ခင်မေသိန်းမှာလည်း ကိုယ့်ရဲ့မိသားစုအရေးကိစ္စတွင်မက ဒေါ်ခင်နှောင်းမေ၏ အိမ်မှုကိစ္စအဝဝကိုလည်း ဖော်ရွေစွာ လုပ်ကိုင်ပေးတတ်သဖြင့် ဒေါ်ခင်နှောင်းမေ၏ ချစ်ခင်နှစ်သက်ခြင်း ယုံကြည်မှုကို ရခဲ့ပါသည်။

တစ်ဦးကိုတစ်ဦး ညီအစ်မအရင်းလို ဆက်ဆံခဲ့ကြသည်။ အလုပ်ရှင်နှင့် အလုပ်သမားဟူ၍ မခွဲခြားတတ်သော ဦးအောင်ထက်နှင့် ဒေါ်ခင်နှောင်းမေတို့ ဇနီးမောင်နှံနှစ်ဦးက ဦးထွန်းမောင်နှင့် ဒေါ်ခင်မေသိန်းတို့ကို မိသားစုလိုပင် ပြောဆိုဆက်ဆံကြသဖြင့် ပတ်ဝန်းကျင် အမြင်မှာတော့ ဦးအောင်ထက်နှင့် ဦးထွန်းမောင်ကိုပင် ညီအစ်ကို အရင်း...ဒေါ်ခင်နှောင်းမေနှင့် ဒေါ်ခင်မေသိန်းတို့ကို ညီအစ်မအရင်း



www.burmeseclassic.com

www.burmeseclassic.com



များဟု ထင်မှတ်ခဲ့ကြသည်။

သစ္စာရှိမှု နှင့် ရိုးသားမှု...

ယုံကြည်မှု နှင့် ပေးကမ်းမှု...

ထိုနှစ်ခုပေါင်းစပ်လိုက်သည့် အခါမှာတော့ အင်မတန် ပျော်ရွှင်စရာကောင်းသည့် မိသားစု အသိုင်းအဝိုင်းကြီး ဖြစ်လာခဲ့သည်ပေါ့။

တစ်မိသားစုနှင့် တစ်မိသားစုတို့ ပို၍ယုံကြည်လာကြကာ အတွင်းရေးများကိုပင် တိုင်ပင်လာခဲ့ကြသည့် ဆွေမျိုးစုကြီး ဖြစ်လာခဲ့သည်လေ။

ဦးအောင်ထက်နှင့် ဒေါ်ခင်နှောင်းမေမှာလည်း ရှုမငြီးစရာ ရှင်နှောင်းဆိုသည့် သမီးချောလေးတစ်ဦး ရှိခဲ့သည်။ ဦးထွန်းမောင်နှင့် ဒေါ်ခင်သိန်းမေတို့ရဲ့သား ဖွန့်ဦးမောင်နှင့်က သက်တူရွယ်တူပင် ဖြစ်၏။

ကလေးနှစ်ယောက်မှာလည်း လူကြီးတွေလိုပင် အထူးပြောစရာမလိုလောက်အောင် တတ်သိလိမ္မာ၍ ခင်ခင်မင်မင် ရှိခဲ့ကြသည်။

သို့သော် ရှင်နှောင်းကတော့ ဖွန့်ဦးမောင်အပေါ် နွဲ့ဆိုးဆိုးတတ်၏။ အနိုင်ယူတတ်၏။ ဖွန့်ဦးမောင်ကတော့ မိဘများဆိုဆုံးမထားမှုကြောင့် သည်းခံတတ်၏...ခွင့်လွှတ်တတ်၏။ နဂိုစိတ်ရင်း





ကိုယ်က ရှင်နှောင်းအပေါ် ညှာတာသနား ကြင်နာစိတ်တွေ အပြည့်အဝရှိခဲ့၏။ ဒါကြောင့် ဖွန့်ဦးမောင်အပေါ်သို့ ဦးအောင်ထက်တို့ ဇနီးမောင်နှံနှစ်ဦးက ကိုယ့်သားအရင်း တစ်ယောက်ပမာလို ချစ်မြတ်နိုးခဲ့ပါသည်။

မူလတန်း ကျောင်းတက်တော့လည်း သမီးရင်း ရှင်နှောင်းနှင့်အတူ တစ်ကျောင်းထဲမှာ အတူတူထားခဲ့သည်။

ရုပ်ရှင်တွေထဲကလို ဝတ္ထုတွေထဲကလို အလုပ်ရှင်သမီးနှင့် အလုပ်သမားသားဟူ၍ ခွဲခြမ်းစိတ်ဖြာထားခြင်း မရှိခဲ့ပေ။ စိတ်ရင်းမှန်နှင့် ချစ်ခဲ့ခြင်းပင်။

ဒီလိုနှင့်ပေါ့ မိသားစုကြီးနှစ်စု ပျော်ပျော်ရွှင်ရွှင်နှင့် နေလာကြသည့် အချိန်ကာလကတော့ ဆယ်စုနှစ်တိုင် ကျော်လာခဲ့ပါသည်။

ဖွန့်ဦးမောင်နှင့် ရှင်နှောင်းတို့ အထက်တန်းကျောင်းသားဘဝသို့ ရောက်လာကြသည်။ အရွယ်လေးတွေကလည်း ဆယ်ကျော်သက်အရွယ်သို့ ရောက်လာခဲ့ကြပြီ။

တစ်နေ့မှာတော့ ထိုမိသားစုကြီး အသိုက်အအုံထဲသို့ ကံကြမ္မာဂြိုလ်ဆိုးက စတင်၍ စစ်ခင်းလာခဲ့တော့သည်။

အလုပ်ကိစ္စတစ်ခုဖြင့် ဦးအောင်ထက်နှင့် ဦးထွန်းမောင်တို့ [illegible] နယ်ကိုခရီးထွက်ခဲ့ကြသည်။ လုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ရန်ကုန်သို့ပြန်အလာ လမ်းခရီးတစ်နေရာအရောက် ၎င်း
စီးလာသည့် ကားကတိမ်းမှောက်၍ တစ်ဘက်ရှိ ချောက်ကမ္ဘားထဲ
ထိုးကျလို့သွား၏။

အဲဒီမှာပဲ ဦးအောင်ထက်နှင့် ဦးထွန်းမောင်တို့ နှစ်ဦးစလုံး
လည်း အသက်ဆုံးရှုံးခဲ့ကြရပါတော့သည်။ ကံကြမ္မာမုန်တိုင်းဒဏ်
လှလှပပကြီးကို ထိုးနှက်လိုက်ခြင်းပင်။

ထိုအချိန်မှစ၍ ဒေါ်ခင်နှောင်းမေ၏ စီးပွားရေးသည် တ
လှိုင်းပမာ မရေရာဆိုသည့်အတိုင်း တရိပ်ထိုးပဲ ထိုး၍ကျသွားခဲ့
တော့သည်။

အမှန်တော့ လင်ယောကျ်ားမရှိတော့သည့် မိန်းမသား
အပေါ်သို့ ရိုးသားမှုမရှိကြသော စီးပွားဘက်တို့က နည်းမျိုးစုံ
ယုတ်မာပက်စက်ကာ လိမ်လည်လှည့်ဖြား၍ လာကြခြင်းဖြစ်သည်

စီးပွားရေး ကျဆင်းသွားခဲ့သော်လည်း ဒေါ်ခင်နှောင်းမေနှ
ဒေါ်ခင်မေသိန်းတို့ နှစ်ဦးမှာ လောကဓံကို ကြံ့ကြံ့ခံကာ ရုန်းကန်
လှုပ်ရှားခဲ့ရသည်။ သားနှင့်သမီးဆိုသော သူတို့က ရင်ထဲနှလုံးသား
ထဲမှာ အမြဲတည်ရှိနေသည့်အတွက်လည်း ဆင်းရဲမှုဒဏ်၊ ပင်ပန်း
ဒဏ်အားလုံးကို နှစ်ယောက်သား ခါးစည်းလို့ ခံခဲ့ကြပေသည်။

ဒီလိုနှင့် ရှင်နှောင်းနှင့် နေမင်းပိုင်တို့နှစ်ဦး အထက်တန်း





ကျောင်းသားဘဝမှ တက္ကသိုလ်ဝင်တန်းကို အောင်မြင်လာသည့်တွင်
အိမ်၏စီးပွားရေး အနေအထားကို နားလည်သဘောပေါက်ထားသည့်
ဖွန့်ဦးမောင်က အိမ်၌ လူစုံသည့်အခါ . . .

"အန်တီမေနဲ့ အမေ့ကို သားပြောစရာရှိတယ်"

ဒေါ်ခင်မေသိန်းနှင့် ဒေါ်ခင်နှောင်းမေတို့နှစ်ဦးက သူ့ကို
ဖျတ်ကနဲ ကြည့်လိုက်သည်။ အနားတွင်ရှိနေသော ရှင်နှောင်းကပါ
သူဘာပြောမှာလည်းဆိုသည့် အသွင်နှင့်ကြည့်မိ၏။

"ကျွန်တော် တက္ကသိုလ် ဆက်မတက်တော့ဘူး . . .
အန်တီမေ"

"ဟင် . . . ဘာဖြစ်လို့လဲ သား"

မမျှော်လင့်သည့်စကား၊ မမျှော်လင့်သည့် အကြောင်းအရာကို
ကြားလိုက်ရသဖြင့် ဒေါ်ခင်နှောင်းမေက ချက်ချင်း ပြန်မေး
လိုက်သည်။

ရှင်နှောင်းကတော့ သက်ပြင်းရှိုက်မိသည်။ ဤ ဖွန့်ဦးမောင်
ဆိုသည် သူ့ကို မေးနေ၍ဖြင့် ပြောမည်မဟုတ် . . . ဒါကြောင့်
အသာလေး ငြိမ်နားထောင်နေလိုက်၏။

ဒါပေမဲ့ စိတ်ထဲကတော့ သူ့ကို သိပ်မကျေနပ်ချင်
ဘာအဆန်းထွင်ဦးမလဲဆိုတာ ကြည့်နေလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ စီးပွားရေးအခြေအနေက မကောင်းဘူးမှတ်လား"

"ဒါတွေ သားစဉ်းစားစရာမှ မဟုတ်တာ၊ သားနဲ့သမီး ခု ဆယ်တန်းအောင်ကြပြီ၊ မေမေတို့နှစ်ယောက် သိပ်ဝမ်းသာတယ်၊ ဒါကြောင့် သားနဲ့သမီးက တက္ကသိုလ်ကို ဆက်တက်ရမယ်၊ မေမေတို့တွေ ထားနိုင်ပါတယ်ကွယ်"

"မှတ်သေးပါဘူး အန်တီမေ...သားတစ်ကိုယ်ကောင်း မဆန်ချင်တော့ဘူး...မေမေတို့နှစ်ဦး ပင်ပန်းကြီးစွာနဲ့ စီးပွားရှာနေတာကိုလည်း မကြည့်ရက်ဘူး။ ခု ကျွန်တော်လည်း အရွယ်ရောက်ပြီလေ...အလုပ်,လုပ်တော့မယ်...သားအလုပ်,လုပ်ချင်တယ်"

မျက်လွှာလေးချ၍ အသံတိုးတိုးဖြင့် ပြောနေသည့် ဖွန်ဦးမောင်ကို ဒေါ်ခင်နှောင်းမေ ငေးစိုက်ကြည့်မိသည်။

ဘယ်လိုမှ ယုံစရာမရှိ ဒီအရွယ်နှင့် ဒီအသိတရားလေး ရင်ထဲကိုရောက်နေသည့် ဖွန်ဦးမောင်ကို ဆို့နင့်ကြေကွဲစွာဖြင့် ခံစားရင်းက မျက်ရည်များ ဝေ့တက်ရင်းက...

"သား...သားလေးရယ်"

ရင်ထဲက လှိုက်လှိုက်လှဲလှဲပင် ခေါ်လိုက်မိပါတယ်။

ဒေါ်ခင်မေသိန်းကတော့ သားအတွက် ပီတိအပြုံး၊ ပီတိမျက်ရည်များ ကျလာခဲ့၏။ ဒီလိုသားမျိုး မွေးရကျိုးနပ်လိုက်တာဟု





တွေးရင်း ခင်ပွန်းဖြစ်သူ ဦးထွန်းမောင်ကို သတိရတမ်းတလိုက်ပါတော့သည်။

"သားပြောတာကို လက်ခံလိုက်ပါ ခင်နှောင်းရယ်..သမီးရှင်နှောင်းကိုသာ ကျောင်းဆက်တက်ခိုင်းမယ်...သားက အဝေးသင်တက်လိမ့်မယ်"

"အယ်တော့"

ရှင်နှောင်းရင်ထဲမကောင်း။ ခုလို တစ်ကိုယ်ကောင်းဆန်လို့တော့မဲဖြစ်။

"ဟာ..ရှင်နှောင်းလည်း တက္ကသိုလ်မတက်ဘူး...ရှန့်လိုပဲ အဝေးသင်ပဲတက်မယ်"

ရှင်နှောင်းက နှုတ်ခမ်းလေးစူစူနဲ့ ပြောလိုက်သဖြင့် ...

"သားတစ်ယောက်ထဲ အနစ်နာခံလို့ ဘယ်ဖြစ်မလဲ၊ အန်တီမေ ခွင့်မပြုရက်ဖူးကွယ်"

"အန်တီမေတို့ ကျေးဇူးတရားတွေက ကျွန်တော်နဲ့ အမေ့အပေါ်မှာ အများကြီးပါ၊ ဘယ်တော့မှ ဆပ်လို့ကုန်မှာ မဟုတ်ပါဘူး။ ခုပဲကြည့်လေ စီးပွားရေးအခြေအနေ မကောင်းဘူးဆိုတာ ကျွန်တော်သိပါတယ် အန်တီမေရယ်"

---

✍ သူ...ဖွန်ဦးမောင် လေသံဖျော့ဖျော့နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ ကျွန်တော့်ကို ကျေးဇူးဆပ်ခွင့်ပြုပါ အန်တီ မေရယ် နော်"

"သား ပြောတာမှန်တယ် . . .သားကိုခွင့်ပြုလိုက်ပါလား မေရယ်...ဒါမှသွားလေသူတွေ ဘဝတစ်ခြားကနေ ကျွန်မတို့မိသားစု ကြီးကို စိတ်ချနိုင်မှာပေါ့ရှင်"

ဒေါ်ခင်မေသိန်း၏ မျက်ဝန်းတွင် ကြေကွဲရိပ်တွေ ထင်နေသည်။ သူကိုယ်တိုင်လည်း စိတ်မကောင်းနိုင်။ အခြေအနေနှင့် အချိန်အခါကြောင့်သာ ဖွတ်မိုတ် ပြောယူရသည့် စကားများပါ။

ဒေါ်ခင်နှောင်းမေ မျက်နှာမကောင်း . . .ဖွန်ဦးမောင်ကို ယူကြုံးမရစွာနှင့် ကြည့်လိုက်ရင်းက...

"ဒါနဲ့ သားက ဘာလုပ်မယ် စိတ်ကူးထားလဲ"

"ကျွန်တော် အငှားကားမောင်းမယ် အန်တီမေ"

ဒေါ်ခင်နှောင်းမေ ဘာတစ်ခွန်းမှ ဆက်မမေးဖြစ်တော့ပါ။ သူ့ရင်ထဲတွင် ဆို့တက်လို့နေလေရဲ့။ ကြေကွဲဝမ်းနည်းစွာဖြင့်သာ ဖွန်ဦးမောင်ကို ကြည့်နေမိတော့သည်။

ဤသို့ဖြင့် ဖွန်ဦးမောင်တစ်ယောက် TEXI မောင်းသမား လေးတစ်ယောက် ဖြစ်လို့သွား၏။

ထိုအခါမှ ဤအိမ်၏ စီးပွားရေးသည်လည်း အတန်အသင့်





ချောင်လည်ခဲ့ရတော့သည်လေ။ ပြေလည်ခဲ့ရသည်ပဲလေ။

မီးဖိုပေါ်တွင် ရေနွေးအိုးကြီးက အငွေ့တထောင်းထောင်းနှင့် ဆူလို့ပွက်လို့၊ ဒေါ်ခင်မေသိန်းကတော့ အဲဒီ ရေနွေးအိုးတည်တဲ့ မီးဖိုရှေ့တည့်တည့်မှာ ဒူးပေါ်လက်နှစ်ဖက်တင်ပြီးထိုင်ကာ ငေးလို့ တွေးလို့ပေါ့။

"အမေသိန်း ... အမေသိန်း"

"ဟေ...ဘာလဲ...ဘာလဲ"

ရှင်နှောင်း မီးဖိုခန်းတွင်းသို့ ရောက်လာပြီး ခေါ်လိုက်တော့ ယောင်အအနှင့် ပြန်ထူးလိုက်ပုံက ရယ်စရာ။

"ဟယ်တော့ ...အမေသိန်း ဘာတွေ စဉ်းစားနေလဲ သိဘူး"

ဒေါ်ခင်မေသိန်းက အတွေးရေယာဉ်ကြော်မျောလို့ နေရာမှ ရှင်နှောင်းကြောင့် ပြန်လည်ကူးခပ်ကာ လာရတော့သည်။

"ဗိုက်ဆာပြီ ... ထမင်းစားမယ်လေ"

"ဪ...အေး...အေး...အမေသိန်းခူးလိုက်မယ်"

ရှင်နှောင်းက မီးဖိုခောင်ပြတင်းပေါက်မှာ ကြည့်လိုက်သည်။ အိမ်အောက်မှာတော့ ဖွန်ဦးမောင် ကားအောက်ပိုင်းကို စိမ်ပြေ နပြေ ဆေးလို့နေပါတယ်။ ကားမောင်းလို့ အိမ်ပြန်ရောက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်နှင့် ကား၏ကြွံခိုင်ရေးနှင့် သန့်ရှင်းရေးကိုတော့ အမြဲမပြတ်ကြည့်ရှုရသည်က နေ့တိုင်းပင်။ ဒါကမလုပ်မဖြစ် လုပ်ရမည့် အလုပ်တစ်ခုပါပဲလေ။

"သား...ပြီးပြီလား...ထမင်းစားရအောင်လေကွယ်"

အိမ်ပေါ်မှနေ၍ ဒေါ်ခင်နှောင်းမေက လှမ်း၍အသံပြုလိုက်သည်။ သူ့အလုပ်ကလည်း လက်စမသပ်သေး...ဒီအလုပ်မျိုးဆိုတာက လုံးဝပြီးသွားမှသာ ကောင်း၏။

"စားနှင့် အန်တီမေ...အလုပ်ကမပြီးသေးဘူး"

သူက ကုန်းကာခေါင်းငုံ့ရင်း ရေပိုက်ဖြင့် ကားအောက်ပိုင်းများနှင့် ကားဘော်ဒီတို့ကို ရေဆေးရင်းက လှမ်းအော်ပြောလိုက်ပါတယ်။

ဟောကြည့်လုပ်ပြီ။ ဒေါ်ခင်နှောင်းမေက အိမ်ပေါ်ပြူတင်းပေါက်ကနေ အိမ်အောက်ရှိ ဖွန်ဦးမောင်ကို လှမ်း၍ကြည့်လိုက်တော့ သူ့တစ်ကိုယ်လုံး ရေတွေစိုထားသည်ကို တွေ့ရသဖြင့် ...

"ဟဲ့ ... သား။ သိပ်အအေးမခံနဲ့လေကွယ်...တော်ကြာဖျားနာလို့ ဒုက္ခရောက်ဦးတော့မှာပဲ ဒီကလေးကတော့လေ"

"ရပါတယ်...အန်တီမေရယ်...ပြီးတော့မယ်...နဲနဲလေးပဲကျန်တော့တယ်"





"အဲဒါဆို မြန်မြန်လုပ်"

"ဟုတ်"

သူအိမ်ပေါ်သို့ လှမ်းကြည့်လိုက်သည်။ ဒေါ်ခင်မေနှောင်းပြူတင်းပေါက်မှလှည့်ကာ ထွက်သွားသည်ကို တွေ့လိုက်ရတော့ သူ့အပေါ် ဂရုစိုက်ခြင်းကို သူ့ရင်ထဲ ကျေနပ်မှု ပီတိက ရင်နှင့်မဆံ့တော့။ နောက်ဖေးမီးဖိုခန်းတွင်းမှာတော့လေ။

"ကြည့်...တွေ့လား အမေသိန်း...မေမေက ဖွန်ဆိုသိပ်အရေးပေးတာပဲ...နှောင်းတော့ သိပ်ကို အမြင်ကပ်တယ်၊ ဟွန်း...ဒီလောက်ခေါ်နေတာတောင်မှ မလာရင် ရှိတဲ့ဟင်းတွေ အကုန်စားပစ်လိုက်မယ်"

ဒီစကား ဒီအပြောတို့ဖြင့် အိမ်အပေါ် ထမင်းစားခန်းမှ ရွှင်နှောင်းတစ်ယောက်က ဖွန်ဦးမောင် ကြားလောက်အောင်ကို ပြောဆိုနေခြင်းဖြစ်ပါသည်။

ဖွန်ဦးမောင် ကြားလိုက်ရတော့ မျက်နှာက ပြုံးတုံ့တုံ့နှင့် ရယ်ချင်နေမိတယ်။ ရွှင်နှောင်း၏ မကုန်သေးသော ကလေးစိတ်ကို သူသဘောကျနေမိသည်က အမှန်ပါ။

သူက အိမ်အောက်ကနေ မီးဖိုဆောင်ဘက်သို့ လှမ်းကြည့်လိုက်ရင်း၊ တကယ့်ခလေးတစ်ယောက်လိုပါပဲလား နှောင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲကနေ ပြောလိုက်သော်လည်း ကြည်နူးစွာ ပျော်ရွှင်နေမိသည်လေ။

ဒီကနေ့ ရှယ်နှမလေး အိုဂျူးစံကို လိုက်ပို့လိုက်ရခြင်းကြောင့် အချိန်တွေပို၍ နောက်ကျရသည်။ ဒါကို ရှင်နှောင်းက စိတ်ဆိုးနေခဲ့၏။

စိတ်ဆိုးလည်း စိတ်ဆိုးစရာပါ...ရှင်နှောင်းကို သွားကြို လေတိုင်း သူအမြဲပဲ နောက်ကျလို့နေချည်း ဖြစ်နေတတ်သည်။

ရှင်နှောင်းက တက္ကသိုလ်ကျောင်းမတက်မီ ကွန်ပျူတာသင်တန်းကို တက်နေခြင်းဖြစ်ပါသည်။ ဒါကလည်း သူတက်ခိုင်းခြင်းကြောင့်ပင်။ အချိန်အားနေချိန်၌ အတတ်ပညာတစ်ခုကို တတ်ထားသင့်သည်ဟု ဖွန်ဦးမောင်က ယူဆ၍ ထားသဖြင့် ဤကွန်ပျူတာသင်တန်းကို သင်ခိုင်း၍ တက်ခိုင်းခြင်းဖြစ်ပါသည်။

ရှင်နှောင်းကလည်း တက်ချင်ချင်နှင့် ဖြစ်နေသော်လည်း အိမ်၏စီးပွားရေး ကျပ်တည်းမှုကြောင့် မသင်ဖြစ်နေချိန်။

ဒါကို သူကသိနေသည့်အတွက် အတင်းတိုက်တွန်းကာ တက်ခိုင်းခြင်းပင်။ ကုန်ကျစရိတ်အားလုံးကို သူတာဝန်ယူထားလိုက်ပါတယ်။ အပို့အကြိုကိုလည်း သူပဲတာဝန်ယူ၏။

ဟော...ခုတော့ အကြိုနောက်ကျ၍ စိတ်ဆိုးနေပါ၏။

ကားနောက်ပိုင်းကို စိတ်တိုင်းကျစွာ ရေဆေးပြီးနောက် ကား





ရှေ့ပိုင်းသို့ ကူးလာသော ကားဘောနပ်ဖုံးကို ရေပိုက်ထိုးပက်လိုက်သည်။ ထိုမှတဆင့် ကား၏ရှေ့မှန်ချပ်ကြီးကိုပါ တစ်ခါတည်း ထိုးပက်လိုက်စဉ်မှာပင်...

"ဟင်...ဘာပါလိမ့်"

သူ၏နှုတ်က အသံထွက်၍လာသည်။ ကားမှန်ချပ်ပေါ်မှ ရေတို့က တလိမ့်လိမ့်ဖြင့် စီးကျလို့သွားသည်ကို ကြည့်လိုက်စဉ်ခဏ သူ၏မျက်ဝန်းအစုံက ဒက်ရှ်ဗုတ်ပေါ်ရှိ ဖိုင်တွဲလေးတစ်ခုပေါ်သို့ ရောက်လို့သွားခြင်းဖြစ်သည်။

သူ ရေပိုက်ကို အောက်သို့ ချထားလိုက်ပါသည်။ ပြီးနောက် ကားတံခါးအနီးသို့ လျှောက်လှမ်းလို့သွား၏။ စိတ်ထဲကလည်း ဘယ် Passenger မေ့ကျန်ခဲ့တာလဲလို့ တွေးနေလိုက်မိသည်။

ကားနားရောက်တော့ ဖိုင်တွဲလေးကို စူးစိုက်ကြည့်နေလိုက်မိတယ်။ ဒါနဲ့ သူက ကားတံခါးလေးကို ဆွဲဖွင့်လိုက်ပြီး ဒက်ရှ်ဘုတ်ပေါ်က ဖိုင်တွဲလေးကို လှမ်းယူလိုက်သည်။

ဖိုင်တွဲလေး၏ မျက်နှာစာအဖုံးပေါ်တွင် အင်္ဂလိပ်လို စာတမ်းလေးတစ်ခုကို ရေးသားထားသည်ကို တွေ့လိုက်ရ၏။ 'အိုဂျူးစံ' တဲ့။

သူ စဉ်းစားကြည့်လိုက်သည်။ ဒီဖိုင်တွဲလေး ဘယ်လိုကနေ သူ့လက်ထဲရောက်နေပါလဲဆိုတာကို။ အိုဂျူးစံကို လိုက်ပို့တော့ သူက ဘယ်ကိုနိုက်ပို့ရ



www.burmeseclassic.com

www.burmeseclassic.com



မလဲဆိုတာကို မေးလိုက်သည့်အခါ အိုဂျူးစံက သူမ၏ပေါင်ပေါ်တင်ထားသော အတာချီကေ့စ်လေးကိုဖွင့်ပြီး အထဲက ဖိုင်တွဲတစ်ခုကို ထုတ်ကာ ထိုဖိုင်တွဲထဲမှာမှ ကဒ်ပြားတစ်ခု ထုတ်ယူလိုက်တာကို မြင်ယောင်မိလိုက်သည်။

ထို့နောက် ထိုဖိုင်တွဲကို အိုဂျူးစံသည် အတာချီကေ့စ်ထဲ ပြန်မထည့်မိဘဲ ဒက်ရ်ှဘုတ်ပေါ်တင်လိုက်မည်။ နောက်...သူနှင့် စကားတွေပြောနေမိ၏။

ဤသို့ပဲ ဖြစ်လိမ့်မည်ဟု သူတွေးလိုက်မိသည်ပေါ့။ သူက ဖိုင်တွဲလေးကို ဖွင့်ကြည့်လိုက်ရန် စိတ်ကူးလိုက်သည်။

အို...မကောင်းပါဘူး။ သူမသိပဲဖွင့်ကြည့်တာ အောက်တန်းကျပါတယ်၊ မနက်ဖြန်ကျရင် သူ့ဆီသွားပေးမှ ဖြစ်မယ်။ သူ ဖိုင်တွဲလေးကို ဒတ်ရ်ှဘုတ်ပေါ်သို့ ပြန်တင်ထားလိုက်တော့သည်။





## အခန်း (၄)

'ရွှေညီသည်' TGA HOUSE အပြင်ကနေ လှမ်းကြည့်တော့ ဆိုင်ထဲတွင် လူတွေအတော်များနေသည်။ စလောင်းမှတဆင့် ထိုးမီးယား ဘောလုံးပွဲကို စိတ်ဝင်စားစွာ ကြည့်လို့နေကြ၏။ အာဆင်နယ်နဲ့ မန်ယူပွဲဆိုတော့ ပွဲစျေးကြိတ်ကြိတ်တိုးပေါ့လေ။

ဒါနဲ့ ဖွန်ဦးမောင် ဆိုင်ပြင်ဘက် ဇန်ဒါပင်အောက်မှာရှိတဲ့ စားပွဲဝိုင်းတွင် ထိုင်လိုက်သည်။ အပြင်ဘက်မှာတော့ လူတွေက ကြဲတို့ကျဲတဲနဲ့၊ ဒါက စဘောင်းမကြည့်တဲ့ လူတွေလေ။ သူလည်း အထဲပါနေလေရဲ့။

"အစ်ကို ဘာသောက်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"Lemon Tea တစ်ခွက်ပေးကွာ"

စားပွဲထိုးလေး သူ့အနားက ထွက်သွားပြီး ဆိုင်ထဲကို လှမ်းအော်လိုက်သည်။

"တောက်"

သူ့လက်မှပတ်ထားသော နာရီကို မြှောက်ကြည့်လိုက်သည်။ အချိန်ကမနည်းတော့။ နှိုက်ကမှ သူကနောက်ကျနေရတဲ့အထဲ ဒီကောင် ထူးကျော်တစ်ယောက် ခုထိမပေါ်လာသေး။

ထူးကျော်ဆိုတာက သူတို့နေတဲ့ရပ်ကွက်က။ ဒါပေမဲ့ လမ်းခြင်းတော့မတူ။ သူ TEXI မောင်းမယ်ဆိုတော့ အဲ့ဒီထူးကျော်ဆိုတဲ့ သူငယ်ချင်းကပဲ အကူအညီပေးခြင်းဖြစ်သည်။

အဲဒီသူငယ်ချင်းကလည်း သူ့လို TEXI မောင်းသမား တစ်ယောက်။ သူတို့နှစ်ယောက် ကားသိမ်းပြီဆိုရင်ဖြင့် ရပ်ကွက်ထိပ်ရှိ ဒီဆိုင်လေးထဲတွင် ညရှစ်နာရီဆို ဆုံနေကျ။ ခုကိုးနာရီ ခွဲတော့မည်။ ထူးကျော် ခုထိ မပေါ်လာသေးပါ။ စားပွဲထိုးလေး လာချပေးသည့် Lemon Tea ကို ဇွန်းဖြင့် မွှေလိုက်သည်။

"ဟာ"

"ဟင်"

"ဒါလေးတောင် မဝင်ဘူး...တော်တော်ညံ့တယ်ကွာ"





ဘောလုံးပွဲကြည့်နေသည့် ပရိသတ်ထဲက အားမလိုအားမရအသံတွေက ဆူညံစွာ ထွက်ပေါ်လာခြင်းဖြစ်သည်။ သူတောင်ရောယောင်၍ လှည့်ကြည့်မိလိုက်သေးတယ်။

"ဇွန်...မင်းရောက်နေတာ ကြာပြီလားကွ"

တီဗီဘက်ကို ငေးမောကြည့်နေရာမှ ဇွန်ဦးမောင် မော့ကြည့်မိသည်။

"မင်းကွာ နောက်ကျလိုက်တာ"

"ညနေစောင်းလောက်ကမှ ပဲခူးဘက်ပါသွားလို့"

"ဟာ...ဒါဆို...မင်းတော့သွားပြီပေါ့"

ထူးကျော် ပြုံးရင်း ခေါင်းညိတ်ပြသည်။ ခုံတစ်ခုဆွဲရင်းထိုင်လိုက်၏။

"အင်း...အုံနာခနဲ့ ဆီဘိုးနှုတ်ပြီး ကိုယ့်အတွက် သုံးခုလောက်တော့ ကျန်တယ်"

"ဒါဆို ဒီည မင်းဒကာပေါ့"

"ရပါတယ်...ဟေ့ ငါ့အတွက် ရှယ်ပေါ့ဆိမ့် တစ်ခွက်ကွာ"

ထူးကျော် သူ့ကိုပြောရင်း စားပွဲထိုးကောင်လေးကိုလှမ်းအော်လို့ မှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွန်"

"ဘာလဲကွ"

"မင်းကို မေးစရာရှိတယ်"

ဖွန်ဦးမောင် Lemon Tea ခွက်ကို သောက်နေရာမှ ပန်းကန်ပြားထဲ ပြန်ချထားလိုက်သည်။ ပြီးတော့ ထူးကျော်ကို မျက်လုံးလှန်ကြည့်လိုက်၏။ ထူးကျော်မျက်နှာက ပြုံးစိစိ။

"မင်းက ဘာကိုမေးမှာလဲ"

"အဟင်း...ဟင်း"

မပြောသေးပဲ ဒီကောင်ရယ်လိုက်တယ်။ သူ့ကိုကြည့်ရတာ မြင်ပြင်းကပ်စရာ အတော်ကောင်းနေပြီဆိုတာ ပြောလိုက်ချင်ရဲ့။

"ဟေ့ကောင် ထူးကျော် ရယ်မနေနဲ့ ဘာမေးမှာမို့လို့လဲ"

"ဟိုကွာ ပြည်လမ်းမှာ မင်းကို ကောင်မလေးတစ်ယောက်နဲ့ တွေ့လိုက်တယ်...တော်တော်လှတယ်ကွ...အဲဒါ မင်းရဲ့ကိုယ်ပိုင်လား...ဒါမှမဟုတ် ပါစင်ဂျာလား"

ထူးကျော်အသံမှာ ချိုကြည်ရွှင်မြူးကြွလို့နေသည်။ သြော် အိုဂျူးစံအား လိုက်ပို့သည်ကို သူပြောခြင်းဖြစ်သည်ကို နားလည်လိုက်၏။

"ငါ ပြောရင် မင်းယုံမှာလား





"ယုံအောင်ပြောရင် ယုံမယ် ဖွန်"

ယော်...ခက်ပြီ။ ဒီကောင့်စကားက မယုံချင်သည့်ဘက်သို့ …ဦးတည်မှန်းကို မှန်းဆလို့ရသည်။ မတတ်နိုင်တော့။

သူယုံချင်ယုံ မယုံချင်နေပေါ့ ... ကိုယ့်ဘက်ကတော့ အမှန်အတိုင်း ပြောရမည်လေ။

"Passenger ပါ ထိုပစ္စည်းမဟုတ်ပါဘူး"

"ဟုတ်လို့လား"

"မင်းကို အတင်းမယုံနိုင်းဘူးလေကွာ"

ထူးကျော် မျက်နှာ မှုန်သုန်သုန်ဖြစ်သွားသည်။ ဖွန်ဦး…မောင်က စကားကို အဲလိုပြောတတ်သည်လေ။

"ထားပါတော့ကွာ..ကောင်မလေးက တော်တော်လှတယ်"

ထိုစဉ် သူမှာထားသည့် လှက်ရည်ကို စားပွဲထိုးလေး လာချ…သေး၏။

"အင်း...လှတယ်"

ဆိုပြီး ဖွန်ဦးမောင် Lemon Tea ကို ဆက်သောက်နေ…လိုက်တယ်။

"မင်း...စိတ်မဝင်စားဘူးလား"

ထူးကျော် ခပ်သဲ့သဲ့လေး ပြောပြီး ရယ်မောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားလား...မစားလားတော့ မသိဘူး ထူးကျော် ရေ့...မနက်ဖြန်ကျရင် သူနဲ့ထပ်ကို တွေ့ရဦးမယ်"

'ဟော'ကနဲ ထူးကျော် အံ့သြသင့်သွားသည်။

"မင်း...အံ့သြပြမနေနဲ့တော့"

ဖွန်ဦးမောင်...အိုဂျူးစံနဲ့ စတွေ့လာပုံကို ပြောပြလိုက်သည်။ ထို့နောက် အိုဂျူးစံ၏ ဗိုင်တွဲလေး ကားဒတ်ချာ့တ်ပေါ်တွင် ကျန်ခဲ့ ပုံများကို တစ်ခုမကျန် ပြောလိုက်၏။

"ဟော့ကောင် ဖွန်"

ဖွန်ဦးမောင် သူ့ကိုမျက်လုံးလေး မှင်ကြည့်လိုက်တယ်...

"မင်း ဇာတ်လမ်းတစ်ခု ဖြစ်နိုင်တယ်နော်"

"ကျွတ်"

မဖြစ်နိုင်တာကို ထူးကျော် လျှောက်ပြောလို့နေသည်။

"ဒီမှာ ထူးကျော် အဲဒါ တို့မြန်မာ မိန်းကလေး မဟုတ်ဘူး ကွ...နိုင်ငံခြားသူ အတိအကျ ပြောရရင် ဂျပန်အမျိုးသမီးလေး သူ့နာမည်တောင် ပြောလိုက်ဦးမယ်"

"ဘယ်လိုခေါ်လဲ"

"အိုဂျူးစံတဲ့"

ဖွန်ဦးမောင် အပြုံးကလေးနှင့် ပြောသဖြင့် ...





"မင်းက စကားပြောရင်လေ Twist လို့ ဝှက်ချက်တစ်ခု အမြဲသုံးတယ် သိလား"

သူ...ထူးကျော်စကားကြောင့် ခပ်ယဲ့ယဲ့လေး ပြုံးလိုက်သည်။ Twist သုံးလား မသုံးလားဆိုတာ သူသာအသိဆုံးပါလေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

သင်တန်းကျောင်း၏ အုတ်လှေကားရှေ့တည့်တည့်တွင် ကားကိုထိုးရပ်ပေးလိုက်သည်။ ရှင်နှောင်းကားပေါ်ကနေ ဆင်းလိုက်ပြီး ကားတံခါးကို ပြန်ပိတ်လိုက်စဉ် သူ့ကိုမေးလိုက်သည့် စကားတစ်ခွန်းကြောင့် ရယ်ချင်စိတ်ကို မနည်းမျိုသိပ်လိုက်ရ၏။

ရှင်နှောင်းမေးလိုက်သည့် စကားက...

"ဖွန် ညနေလာကြိုရင် နောက်ကျဦးမှာလားတဲ့".

သူကလည်း ပြန်ဖြေပေးလိုက်ပါတယ်။

"အင်း"

သူက အဲလိုပြောလိုက်တယ်ဆိုရင်ပဲ ရှင်နှောင်းက မျက်





မှောင်ကြုံကြည့်လိုက်တယ်။ မျက်ဝန်းနက်နက်လေးက အလိုမကျဟန်လေးနှင့် သူ့ကို လှပသောမျက်စောင်းလေးထိုးပြီး ခြေသော့ကာ လှေကားပေါ်တက်လို့သွားခဲ့သည်။

ရှင်နှောင်း၏ ထိုးလိုက်သော မျက်စောင်းလေး၏ ဟန်ပန်လေးကိုက သူ့အဖို့ စွဲငြိစေပြီး ချစ်စရာကောင်းသည့် ဟန်လေးဖြစ်သဖြင့် လှပသောမျက်စောင်းလေးဟု သူက တင်စားခေါ်ခဲ့သည်။

လှေကားအတိုင်း တက်သွားသည့် ရှင်နှောင်းကို ငေးကြည့်ရင်း ဒုတိယထပ်ရှိ ဝရံတာကို သူကားထဲမှ ခေါင်းလေးထွက်ပြီး မော့ကြည့်လိုက်၏။

တအောင့်အကြာ ဒုတိယထပ် ဝရံတာဆီသို့ ရှင်နှောင်း ရောက်လာပြီး အောက်ကို ငုံ့ကြည့်သည်ကို သူမြင်လိုက်ရတော့ ရင်ထဲတွင် ဘာရယ်မဟုတ် နွေးကနဲ ခံစားလိုက်ရသည်။

သူက လက်ကလေးကိုထောင်ကာ ဝှေ့ယမ်းပြလိုက်တယ်။ ဒါပေမဲ့ ရှင်နှောင်းက နှုတ်ခမ်းလေးရှုပြရင်း အခန်းတွင်း ဝင်သွားလိုက်ပါတော့တယ်။

ဩော်...ရှင်နှောင်းရယ်...ကလေးသိပ်ဆန်တာပဲကွယ်။ တစ်ခါတော့ နောက်မကျအောင်လို့ သတိထားရမည်ဟု ကိုယ့်ကိုယ်ကို သတိပေးတဲ့အနေနဲ့ ပြောလိုက်ပြီး သူကားလေးကို မောင်းထွက်



www.burmeseclassic.com

www.burmeseclassic.com



ထိုးလာခဲ့တယ်။ ဒီကလေးဈေးလမ်းနဲ့ ဗိုလ်အောင်ကျော်လမ်းဆိုတာ သိပ်မဝေးပါဘူး။

ဒါပေမဲ့ တစ်လမ်းမောင်းသွားနေကြတဲ့အတွက် လမ်းကြောကို ကွေ့ပိုက်ပြီးမောင်းမှသာ ကိုယ်ရောက်ချင်သည့်နေရာကို ရောက်တတ်သည်မဟုတ်လား။ အချိန်တော့ နဲနဲကုန်တာပေါ့။ ခုလည်းပဲကြည့် အိုဂျူးစံတို့နေသည့် ဗိုလ်အောင်ကျော်လမ်းသို့ သူ့ ကားလမ်းကိုကွေ့ပိုက်ကာ ကားမောင်းနေရသည်။

ဒီကြားထဲ မီးပွိုင့်တွေ၊ လူကူးမျဉ်းကျားတွေမှာလည်း အချိန်ကကြာနေတတ်ပြန်သည်။ ကားနှင့်မဟုတ် ခြေလျင်နှင့်ဆိုရင်တောင် ခုလောက်ဆိုလျှင် ရောက်လို့နေပြီလေ။ ဟော မကြာခင်မှာပဲ မနေ့ကအိုဂျူးစံကို ပို့ခဲ့သည့် ရုံးအဆောက်အဦးတစ်ခုရဲ့ရှေ့သို့ ကားလေးကို ထိုးရပ်လိုက်တယ်။

"အိုး...မစွတာဇွန်"

သူ ကားထိုးရပ်လိုက်တယ်ဆိုရင်ပဲ ရုံးအပေါက်ဝမှ အိုဂျူးစံ တစ်ယောက် ဝမ်းသာအားရနှင့် ပြေးဆင်းလာတယ်။ သူ့နာမည်ကို မှတ်ထားသည်ကိုက သူ့အပေါ်ကို ခင်မင်စွာရှိခဲ့လို့ဟု ထင်လိုက်မိတယ်။ အိုဂျူးစံ ကားနားရောက်တော့ သူကလည်း ကားပေါ်က ဆင်းနှင့်ပြီးသား ဖြစ်လို့နေ၏။





ဒီနေ့ကျမှ အိုဂျူးစံ အရမ်းလှနေသည်ဟု သူခံစားလိုက်မိ၏။ ထူးထူးခြားခြားပင် မြန်မာလိုဝတ်ဆင်ထား၏ ထမိန်နှင့် ရင်ဖုံးအင်္ကျီ ဆက်ရှည်နှင့်ဆိုတော့ တစ်ကယ့်မြန်မာမလေးဟု ထင်ရသည်။

သူက မှင်သက်ငေးမော အံ့ဩစွာနှင့် ကြည့်လိုက်သလို အိုဂျူးစံကလည်း သူ့ကိုနှစ်လိုဖွယ်ရာ အကြည့်နှင့် ကြည့်လို့နေတယ်။ ထိုအကြည့်ချင်း ပြိုင်လိုက်သည်က တဒင်္ခဏတာလေးပါ။ နောက်တော့မှ အိုဂျူးစံက ခါးလေးကိုင်းလို့ ခေါင်းလေးကိုလည်း ငုံ့လို့ ဂျပန်လို အရိုအသေပေးလာသဖြင့် သူကလည်းပြန်၍ ဂျပန်လို အရိုအသေ ပေးလာသဖြင့် သူကလည်း ပြန်၍ ဂျပန်လို အရိုအသေ ပေးလိုက်ပါတယ်။

"အိုဟားယိုး ဂိုဇိုင်းမတ်စု အိုဂျူးစံ"

မထင်မှတ်ပဲ ဂျပန်လိုပြောလိုက်သည်ကို အိုဂျူးစံ မျက်လုံးလေးပြူးကျယ်ဝိုင်းစက်လို့ သွားတော့၏။ သူက ဂျပန်လို မင်္ဂလာနံနက်ခင်းပါဟု ပြောလိုက်ခြင်းဖြစ်သည်။

အိုဂျူးစံက နှစ်ခြိုက်သဘောကျကာ ရယ်မောရင်း သူ့ကို ကြည့်နေလိုက်၏။ ထိုအကြည့်တို့တွင် တစ်ခုခုတော့ ပါနေတယ်ဟု ထင်လိုက်၏။ သို့သော် ဘာမှန်း ဇွန်ဦးမောင် သေသေချာချာမသိချေ။

"မစွတာ ဇွန် ရုံးခန်းပေါ်သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

အိုဂျူးစံက ရှေ့ကနေ ထွက်သွားတော့ သူလိုက်လို့သွားပြီး တစ်လှမ်းနှစ်လှမ်းလောက်ကို သွားလိုက်သည့်ခဏ...သူက အိုဂျူးစံ ခဏလေးဟုဆိုပြီး ကားဆီသို့ ပြန်လှည့်လာခဲ့သည်။ ပြီးနောက် သူ ကားထဲသို့ ခေါင်းငုံ့ကာ ဖိုင်တွဲလေးကို ဆွဲယူလို့ အိုဂျူးစံအား လှည့် ကြည့်လိုက်ပါတယ်။

အိုဂျူးစံရဲ့ အကြည့်တွေကတော့ ထိုဖိုင်တွဲလေးပေါ်မှာ စူးရှ စွာသက်ရောက်နေ၏။

"ရော့"

ဟုဆိုကာ သူ ဖိုင်တွဲလေးကို အိုဂျူးစံအား လှမ်းပေးလိုက်ပါ တယ်။ အိုဂျူးစံက ဖိုင်တွဲလေးကို မြတ်မြတ်နိုးနိုးလေး လှမ်းယူလိုက် ရင်း ရင်ခွင်ထဲသို့ ထွေးပိုက်လိုက်သည်။ ပြီးတော့ ခေါင်းလေးမော့ မျက်လုံးလေးမှိတ်ကာ သူ့ကို 'မစ္စတာ ဖွန်' လို့ခေါ်လိုက်ပြီး...

"အဲဒီ ဖိုင်တွဲလေးက ဂျူးစံရဲ့ ဒုတိယအသက်ပဲ သိလား"

ဟုပြောပြီး မျက်ဝန်းအစုံအားဖွင့်ကာ အရယ်ပြုံးလေးဖြင့် ပြောလို့ကြည့်လာခဲ့သည်။

"ဒါ...အိုဂျူးစံရဲ့ ဖိုင်တွဲလေးမျှန်းကို အိမ်ရောက်တော့မှ သိလိုက်ရတာ...ပြန်လာပေးဘို့က အချိန်မှရှိတော့တာနဲ့ ခုမနက်





ကျမှ လာပေးဖြစ်တာ"

သူပြောသမျှကို အပြုံးကလေးနဲ့ကြည့်လို့ နားထောင်လို့။ ဖွန်ဦးမောင် ပြောပြီးသွားတော့မှ...

"အိုး...ရက်စ်...ဒိုမိုအာရီဂတ်တေားဂိုးဇိုင်းမတ်ဆု... ဖွန်"

ဝမ်းသာအားရနှင့် အိုးဂျူးစံက ဂျပန်လို ကျေးဇူးတင်စကား ပြောလိုက်သည်။ ရင်းနှီးမှုအတိုင်းအတာကြောင့် နောက်ဆုံးစကား တွင် ဖွန်ဟုသုံးပြီး မစ္စတာကို ဖြုတ်လိုက်သည်။ ဖွန်ဦးမောင်ကတော့ ပြုံးတုံ့တုံ့မျက်နှာပေးနှင့် အိုဂျူးစံကို ကြည့်နေလိုက်၏။

"Let'go ဖွန်"

အင်္ဂလိပ်အသုံးကိုပါ အိုဂျူးစံ ကြားညှပ်သုံးလိုက်၏။ သွားရ အောင်တဲ့။ သူခေါင်းညိတ်ပြလိုက်သည်။ နှစ်ဦးသား ရုံးပေါ်ကို ရောက် တော့ ...

"ဒါ...ဂျူးစံတို့ရဲ့ ကုမ္ပဏီလေ"

ဟု သူ့ကိုပြောလိုက်သည်။

ဖွန်ဦးမောင် ရုံးခန်းတွင်းသို့ မျက်လုံးဝေ့ကာစားလိုက်သည်။ သူနှင့် အိုဂျူးစံတို့ကို ဝန်ထမ်းတစ်ချို့က ကွက်ကြည့်ကွက်ကြည့်နှင့် စူးစမ်းစွာ ကြည့်နေကြသည်မှာ ထူးဆန်းမှုတစ်ခုဟု သူတို့တွေ



www.burmeseclassic.com

www.burmeseclassic.com



ယူဆကြလိမ့်မည်ဟု သူထင်လိုက်ပါသည်။

ယနေ့ကမှ ရောက်လာသည့် အိုဂျူးစံနှင့် TEXI သမား သူ့ကို ဘယ်လိုအနေအထားနှင့် ဘယ်လောက်ရင်းနှီးစွာ ဆက်ဆံနေကြပါသလဲဟု တွေးကောင်းတွေးနိုင်သည်။ ဒီကိစ္စကို သူကြာရှည်မတွေးလိုက်ရ။

"OFFICE ROOM ထဲ ခဏဝင်ပါဦး...ဖေဖေနဲ့ မိတ်ဆက်ပေးပါရစေ"

"ဟုတ်ကဲ့"

လို့ဆိုကာ သူခေါင်းညိတ်လိုက်၏။ အခန်းတွင်းသို့ အိုဂျူးစံနောက်မှကပ်ကာဝင်လိုက်တယ်ဆိုရင်ပဲ အဲယားကွန်း အအေးဓာတ်က သူ့ဆီသို့ ရိုက်ခတ်လိုက်သဖြင့် တစ်ကိုယ်လုံး အေးစက်လို့သွား၏။

"ချီ...ချီ"

အိုဂျူးစံ၏ ခေါ်လိုက်သံကြောင့် စားပွဲပေါ်တွင် စာရေးနေသော လူကြီးတစ်ယောက်က ဖျတ်ကနဲ မော့ကြည့်လာသည်။ အိုဂျူးစံ၏အဖေမှန်းကို ခုနက ဂျပန်လို အိုဂျူးစံ ခေါ်လိုက်သည့်အတွက်ကြောင့် သိလိုက်ရ၏။

နဖူးက အနည်းငယ်ပြောင်၍ မျက်နှာကလုံးဝန်းပြီးပြည့်ကာ ဥပဓိရုပ်သန့်သန့်နှင့် အိုဂျူးစံ၏အဖေသည် တစ်ကယ့်လူကြီး





ကောင်းဟန်အပြည့်ရှိလှသည်။ ထိုင်နေသော်လည်း အရပ်အမောင်းကောင်းလိမ့်မည်ဟု သူခန့်မှန်းလိုက်၏။ အိုဂျူးစံ၏ အဖေသည် စာရေးနေရာမှ ကလောင်တံကို အဖုံးပိတ်လိုက်ပြီး အိတ်ကပ်ထဲသို့ သွင်းကာ ထိုင်လိုက်ပြီး အိုဂျူးစံနှင့် သူ့ကိုပြုံးပြုံးကြီးနှင့် ကြည့်လိုက်ပါ၏။

"ချီချီ...ဒါ...မစ္စတာဖွန်လို့ ခေါ်တယ်"

သူသည် အိုဂျူးစံက သူမ၏အဖေနှင့် မိတ်ဆက်လို့ပေးသည်။ သူက ခါးလေးကိုင်းပြီး ခေါင်းလေးကို ဦးညွတ်လိုက်ပြီး..

"ဟာဂျီမယ်...မရှိတယ်"

တွေ့ရတာဝမ်းသာပါတယ်လို့ သူကဂျပန်လိုပင် ပြုံးရွှင်စွာ နှုတ်ဆက်လိုက်တယ်။ အိုဂျူးစံ၏အဖေ ဂျပန်လူကြီးကလည်း ထတ်တပ်ရပ်လို့ သူ့ကိုဦးညွတ်ကာ ပြန်လည်၍ နှုတ်ဆက်ရှာသည်။

"ထိုင်ပါ...မစ္စတာဖွန်"

စားပွဲနှင့် မျက်စောင်းထိုးတွင် ဧည့်သည်များကို ဧည့်ခံရန်အတွက် ဆက်တီဆိုဖာထိုင်ခုံများ စီစဉ်ထားသည်ကို တွေ့လိုက်ရ၏။

ထိုဆက်တီထိုင်ခုံတွင် ထိုင်ရန် ဧည့်ခံလိုက်သည်။ ဖွန်ဦးမောင်လည်း အစွန်တွင်ရှိသော ဆက်တီဆိုဖာတစ်လုံးတွင် ဝင်၍ထိုင်လိုက်၏။ အိုဂျူးစံက နံရံကပ်ဘီဒိုထဲမှ လွှက်ရည်ခွက်များယူပြီး မွှေစတော့ဖြင့် ကော်ဖီဖျော်လို့နေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဖွန်က…ဂျပန်လိုပတ်တယ်နော်"

သူ့စားပွဲမှ လျှောက်လာရင်း မေးလိုက်သည့် အိုဂျူးစံ၏ အမေက သူနှင့်မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်ပါတယ်။ သူပြုံးမိလိုက်တယ်။

"ကျောင်းသားဘဝတုံးက လေ့လာထားခဲ့လို့ နဲနဲပါးပါး ပြောတတ်တာပါ…ထမင်းစားရေသောက်လောက်ပါပဲ"

သူမရှပ်မလွန်လေးပဲ ဖြေလိုက်တယ်။

"မဆိုးပါဘူး…ဒီလောက်ပြောတတ်တာကိုပဲ ချီးကျူးရမှာပါ"

ကြည့်စမ်း ဒီလိုချီးကျူးလိုက်တော့ သူမနေတတ် မထိုင်တတ် ဖြစ်လို့သွားခဲ့သည်။ အိုဂျူးစံ၏အမေက…

"ဝါတာရှိနော့ နာမအဲဝ နာကာတာစံ ဒက်စ်"

"ဟိုက်"

သူ့အမည် နာကာတာစံပါဟု သူ့ကိုယ်သူ ဂျပန်လိုပင် ပြောကာ နှုတ်ဆက်လိုက်သဖြင့် သူက ဟုတ်ကဲ့ဟု ပြန်လည်အသိအမှတ် ပြုလိုက်ရသည်။

"ခုလို သမီးရဲ့ အရေးကြီးတဲ့ စာရွက်စာတမ်းတွေ ထည့်ထားတဲ့ ဖိုင်တွဲကိုလာပေးတာ သိပ်ကိုကျေးဇူးအထူးတင်ပါတယ်..





အတွက် ကျွန်တော်တို့ဘက်က မစ္စတာဖွန်ကို ဘယ်လိုကျေးဇူးဆပ်ရမှန်း မသိတော့ဘူး ဖြစ်နေရတယ်"

ဖွန်ဦးမောင် အားတုံ့အားနာ ဖြစ်လို့သွားရသည်။ သူ့ကို အသယ ဘောင်းပန်သလိုမျိုးဖြင့် ပြောလိုက်တော့ သူအနေရခက်သွားတယ်ထင်ပါရဲ့။

"ဟာ…ဒါကိုစိတ်ထဲ ထည့်မထားပါနဲ့လား ခင်ဗျား"

"အို…မဟုတ်တာ…ကျေးဇူးတင်တာကိုတော့ တင်ကိုတင်ရမှာပေါ့ … မစ္စတာ ဖွန်"

အိုဂျူးစံက ကော်ဖီဘန်းလေး သယ်လာရင်းက ကော်ဖီခွက်အိုကို သူ့ရှေ့တွင် ချလိုက်ကာ ပြောလိုက်သဖြင့် သူ ခပ်ပြုံးပြုံးလေးပဲ နေလိုက်တော့တယ်။

"ပူတုံးလေး သောက်လိုက်ပါဦး"

"ဟိုက်"

သူ ကော်ဖီခွက်ကို လှမ်းယူလိုက်ပြီး ကော်ဖီကိုငုံလိုက်သည်။ အားပါး အရသာရှိလိုက်တာ ကောင်းလိုက်တဲ့ ကော်ဖီသူတစိမ့်စိမ့်နှင့် သောက်လိုက်တယ်။

"မစ္စတာ ဖွန်ရဲ့ ရိုးသားမှုကို ကျွန်တော်တို့ သားအမိတွေ ဂုဏ်ယူလို့မဆုံးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ...ကျွန်တော်တို့ အဲလောက်ထိလည်း မြှောက်ပြောမနေကြပါနဲ့ဗျာ...ကျွန်တော်မိုးပေါ် ရောက်သွားပါတော့မယ်"

"ခစ်...ခစ်"

ဖွန်ဦးမောင်ရဲ့ စကားကြောင့် အိုဂျူးစံ ရယ်လိုက်တယ်၊ လိုက်လိုက်လှဲလှဲကို ရယ်လိုက်တယ်၊ အဲလို ရယ်လိုက်တော့မှ အိုဂျူးစံရဲ့အလှက ပိုပြီးပြင်ပေါ်လွင်လာတယ်ဟု သူထင်လိုက်၏။

"အော်...ဒါနဲ့"

လို့ပြောပြီး အိုဂျူးစံအဖေ နာကာတာစံက ဖွန်ဦးမောင်ကို ခပ်ပြုံးပြုံးလေး ကြည့်လိုက်ပါတယ်...သူကဘာများပြောမည်လဲဆိုတာ နားစွင့်လိုက်တယ်။

"မစ္စတာဖွန်က TEXI ပဲ မောင်းတာနော်"

"ဟုတ်ကဲ့"

ဟုဆိုကာ သူခေါင်းညိတ်အဖြေပေးလိုက်ရာ...

"ဒါဆိုရင် မစ္စတာဖွန်ကို အကူအညီ တစ်ခုတောင်းချင်တယ်"

အကူအညီဆိုတော့ ဘယ်လိုအကူအညီလဲဟု သူတွေးလိုက်သည်။

"တခြားတော့မှုတ်ပါဘူး...မစ္စတာဖွန်ရဲ့ကားကို ကျွန်တော့်





သမီးသွားလာဖို့အတွက် ငှားချင်တယ်...တစ်လလောက်ပေါ့လေ"

အကူအညီ ပေးသင့်သည်ဟု သူစဉ်းစားလိုက်မိ၏။

"ဟုတ်တယ်...ဖွန်ရဲ့ အိုဂျူးစံ သွားလာဖို့အတွက် ကားတစ်စီးလိုနေတာလေ...ဘယ်လိုလဲ...ကူညီမယ်မဟုတ်လား"

အိုဂျူးစံကပါ အားတက်သရော မေးလာခဲ့ရာ သူ့ရင်ထဲမှာ ပျော်ရွှင်မှုတွေ တဟုန်ထိုး ဖြစ်ပေါ်၍လာခဲ့တယ်။ နာကာတာစံ ထပ်ဆင့်ပြီးတော့ သူ့ကိုအကူအညီပေးဖို့အတွက် ပြောလာခဲ့သည်။

"သမီး ဂျူးစံလေးအတွက် ရိုးသားတဲ့ မစ္စတာဖွန်ကို အကူအညီတောင်းတာပါ...ဒါမှလည်း ကျွန်တော့်အနေနဲ့ သမီးကို စိတ်ချနိုင်မှာမို့လို့ပါ...မစ္စတာဖွန်"

သူ ကူညီပါ့မယ်လို့ ပြောတော့မည့်ဆဲဆဲ။

"ဟိုလေ ဝန်ဆောင်မှုအတွက် ကြေးငွေကိုလည်း မစ္စတာဖွန်တောင်းသမျှ ကျွန်တော်တို့ ပေးပါ့မယ်လေ"

သားအဖနှစ်ယောက်လုံး သူမကူညီနိုင်မှာကို စိုးရွံ့နေသည့်အလား စကားကိုစဉ်ဆက်ပြောနေရသဖြင့် အဖြေကို သူပေးမရဖြစ်နေ၏။ သူ့ကိုလည်း မျှော်လင့်တကြီးနှင့် ကြည့်ရှာ၏။

"စိတ်ချ ကျွန်တော်ကူညီပါ့မယ်...ငွေကြေးကိစ္စကတော့ အစဉ်ပြေသလို ပေးလို့ရပါတယ် ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဘယ်ဟုတ်မလဲ...ထုံးစံအတိုင်း ပေးရမှာပေါ့ သေ...နေ့ကဲ့ဖြန့်ကစပြီးတော့ ကျွန်တော်တို့ ငှားလိုက်ပြီးနေ့ မှုတော့ပွန်"

"တိုက် (ဟုတ်ကဲ့)"

သူ...အိုရှူးစံမျက်နှာလေးကို မသိမသာလေး ခိုးကြည့်လိုက်ပါတယ်။

ကျေနပ်ပြုံးလေလား...

ရှက်ပြုံးလား...

အပြုံးလေးတစ်ခုတော့ ... တစ်ခုပင်။ ဘာအပြုံးလေးလဲ ဆိုတာကိုတော့ ရွှန်ဦးမောင် ကိုယ်တိုင်မသိ။





# အခန်း(၆)

ထိုးနေကျ ဂိတ်ဆီကားလေးကို မောင်းသွားတော့ သူ့ကို အောင်ကျော်ထွန်းက အရင်စမြင်လိုက်ပါတယ်။

"ပေါ်တော်မူမင်းသား...ခုမှရောက်လာတယ်ပေါ့"

အော်ကြီးဟစ်ကျယ်နှင့် အော်ပြောလိုက်သဖြင့် ဂိတ်တွင် ထိုးထားသော TEXI သမားအားလုံးက သူ့ကိုလှမ်းကြည့်လိုက်ကြသည်။

ထွန်းကျော်ကတော့ သူ၏ကားခေါင်းထဲမှ ဘောလုံးဂျာနယ် တစ်စောင်ကို ဖတ်ရင်းက ရွှန်ဦးမောင်ကားကို လှမ်းကြည့်လိုက်၏။ ရွှန်ဦးမောင်က သူ့ကားကို အော်ကျော်ထွန်း၏ ကားဘေးတွင်ကပ်၍



www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်သည်။

"ဘယ်လိုလဲ...ပျောက်လှချည်လား...ဘယ်လိုလိုမှ
တာလဲ...ဇွန်ရ"

ပြုံးစစမျက်နှာပေးနှင့် အောင်ကျော်ထွန်းမေးလာသည်။

"ဂွင်လေးတစ်ခု တွေ့ထားလို့ ချစ်တီးရေ"

ချစ်တီးတဲ့ ... အောင်ကျော်ထွန်းရဲ့ နာမည်ပျက်တစ်ခု သည်နာမည်က နှယ်နှယ်ရရ ရလာသည့်နာမည်မဟုတ်...ရာဇ နှင့် ... ကိုလိုနီခေတ်က တောင်သူလယ်သမားများထံမှ အတိုးနှုန်း များများယူပြီး ငွေချေးစားသည့် ချစ်တီးကုလားများ ရှိခဲ့သည် မဟုတ် လား။

သူ့အကြွေးကို မပေးနိုင်သည့် လူများထံမှ ရှိသည့်ပစ္စည်းကို ရအောင်ယူတတ်ကြသည်လေ။ သူတို့က အယူပဲရှိတယ်...သူတို့ ကအလကားပေးတာဆို ဘာမှမရှိ။ ထို့အတူ အောင်ကျော်ထွန်းသည် လည်း သူငယ်ချင်း အပေါင်းအသင်းများအတွက် ကုန်ကျရတော့မည် ဆိုလျှင် ဘယ်တော့မှ သူ့ငွေကိုမထုတ်...ချစ်တီးကုလားများလို ခြစ်ခြုတ်ပြီး သိမ်းထားတတ်၏။

ဒီလောက်နှင့်တော့ သူ့ကိုဒီလိုဘွဲ့နာမည် မပေးသေးပါ ပေးလောက်သည့် အပြစ်ကတော့ သူ့တွင် ရှားရှားပါးပါး ချစ်သူ





ကောင်မလေးတစ်ယောက်ရှိ၏။ ထိုကောင်မလေးနှင့် တစ်နေရာရာသို့ သွားရန် ချိန်းဆိုပြီး သွားကြတော့ အဲဒီမှာစတော့တာပဲ။

ကောင်မလေးနှင့် အတူသွားကြသည့်အခါ ကားခ၊ အစား အသောက် စသည့်အပြင် သန့်စင်ခန်းသို့သွားသည့်အထိကို ကုန်ကျ သည့်စားရိတ်မှန်သမျှ အောင်ကျော်ထွန်းက ပေးတယ်လို့များ မှတ် သလား။ အန်လ်အိုနိုးပါပဲ။

သူ့ကောင်မလေးကချည်း အကုန်အကျခံရသတဲ့ဗျာ။ အဲ သူတို့နှစ်ယောက် ချိန်းတွေ့ပြီး ပြန်လာကြတော့ သူတို့သူငယ်ချင်း တွေရှေ့မှာ သူ့ကောင်မလေးက ဘာပြောတယ်မှတ်လဲ အလကား ပါတဲ့။ ရှင်တို့သူငယ်ချင်းက ချစ်တီးထက်တောင် ဆိုးသေးသတဲ့။ အဲဒါနဲ့ပဲ အောင်ကျော်ထွန်းကို ချစ်တီးဟု ကမ္ပည်းမော်ကွန်း တင် လိုက်ကြတော့တယ်လေ။ အောင်ကျော်ထွန်းက ဂွင်ဆိုသည်နှင့်..

"ဟော့ကောင် ဂွင်ဆိုရင် ငါတို့ကိုလည်း ပေးကြွေးဦးလေ ကွာ"

"ဟာ...မင်းကတော့ တကယ့်ချစ်တီးပဲကွာ"

သူက တံခါးဖွင့်ဆင်းရင်းနဲ့ ပြောလိုက်တယ်။ နောက် ထူးကျော်၏ ကားဆီသို့ လျှောက်သွားလိုက်၏။ ထူးကျော်ကဆီး၍

"ပြောစမ်းပါဦး...မင်းက ဘာဂွင်တွေ တွေ့ထားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟူးကနဲ သူ့ လေပူတွေကို ထုတ်လွှတ်လိုက်တယ်။

"ပေးစမ်းကွာ…ရေဗူး"

ထူးကျော် ကားထဲကနေ ရေဗူးကိုယူလိုက်ပြီး သူ့ကိုလှမ်းပေးလိုက်၏။ သူတကျိုက်ကျိုက်နှင့် မော့သောက်လိုက်နေသဖြင့်

"ဒီလောက် ရေဆာနေတာ ရေဗူးလေး ဆောင်ထားပေါ့ကွာ"

နှုတ်ခမ်းက ရေစက်တွေကို လက်ခုံဖြင့်သုတ်လိုက်ပြီး ရေဗူးအဖုံးကို ပိတ်လိုက်ကာ…

"ရေဗူးဆောင်ထားတာ…ဒီနေ့ကျမှ အိမ်ကနေ ရေထည့်ဖို့ကို မေ့သွားတယ်ကွာ"

"အိုဂျူးစံပိုင်ပေးဖို့တော့ မမေ့ဘူးမို့လား"

"ဟင့်အင်း…မမေ့ဘူး…သူ့ပစ္စည်းလေး ပြန်ပေးဖို့အတွက် သတိထားရင်းနဲ့ ငါ့ရေဗူးထည့်ဖို့ မေ့သွားတာ"

"ဖြစ်ရမယ် မင်းကတော့ … ကဲ…ပြော…မင်းဘာဝွင်တွေ့လာလို့လဲ"

"ညက မင်းကိုပြောတဲ့အတိုင်း ငါပိုင်တွဲသွားပေးတော့ အိုဂျူးစံရဲ့ အဖေက ငါ့ကားကို တစ်လလောက် ငှားမယ်တဲ့ … အိုဂျူးစံ သွားဖို့လာဖို့ အတွက်တဲ့လေ"





"ဟင်း…ဟင်း"

ထူးကျော် ခနဲ့တဲ့တဲ့နဲ့ ရယ်လိုက်တော့ သူက ထူးကျော်ကိုကြည့်ပြီး…

"ဟော့ကောင် မင်းကဘာရယ်တာလဲ"

"ငါ…မင်းကို မနေ့ညက ပြောခဲ့တယ်မို့လား…ဇာတ်လမ်းတစ်ခုဖြစ်နိုင်တယ် ဆိုတာလေကွာ"

"တော်စမ်းပါကွာ"

သူက ပုခုံးတစ်ချက် တွန့်ပြလိုက်သည်။

"ဟိုနှစ်ကောင်…မင်းတို့နှစ်ယောက်…ကျိတ်ပြီး ဘာတွေပြောနေတာလဲ ကောင်မလေး နာမည်ကြားလိုက်တယ်နော် ဘာတဲ့"

"အိုဂျူးစံ…ဆိုတာလေကွာ"

မျိုးအောင်အမေးကို အောင်ကျော်ထွန်းက ဝင်ထောက်ကာနေသည်။ သူတို့နှစ်ယောက်က အပြန်အလှန်ပြောကာ ဖွန့်ဦးမောင်ကို မေးငေါ့ကြသည်လေ။

"ဟ…ဘာလဲကွ…အိုဂျူးစံဆိုတာ"

ဟော…လာပြီ…ရွှေကိုးဆိုတဲ့ မျိုးသီဟ…ဘယ်ကိစ္စမဆို သော်တော့ စပ်စပ်စုစုနိုင်တဲ့ကောင်။ နောက်ပြီး စကားပြောရင်လည်းပြီး သေကျယ်ကျယ် ပေါင်ဖွာပေါင်ဖွာနဲ့ မျက်လုံးကလည်း ပြူးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သေး...ပိုဆိုးတာက အသားကမည်းနေခြင်းပင်။

ဒါကြောင့် အသားကမဲ အာကပြဲ...သူ့ကိုနာမည်ရင်း မခေါ်တော့ပဲ ရွှေကိုးလို့ခေါ်ကြသည်။ ခုလည်း လာပါပြီ...စပ်စု ပါပြီ...အစအဆုံးကို မေးမြန်းခန်း ထုတ်ပါတော့မည်။

ဒီနေ့အဖို့ ဒီကောင်သုံးကောင်ကို မပြောပြလျှင်တော့ မလွယ် ဂျီကျနေမှာကျိန်းသေ...နားပူနားဆာ လုပ်မှာလည်း ကျိန်းသေ။

"ကဲ...ပိုင်.. သူတို့ကို ပြောသာပြပေတော့ကွာ"

သူတို့သုံးယောက်လုံး ဖွန်ဦးမောင်နားသို့ ရောက်လာကြ သည်။ ဒီလိုကွာ မင်းတို့သေချာနားထောင်ဆိုပြီး သူပြောပြလိုက် တော့၏။

အိုဂျူးစံနှင့် စတွေ့ခဲ့ပုံ၊ ကျန်ရစ်ခဲ့သော ဖိုင်တွဲအုပ်ကို ပြန် လည်သွားပေးစဉ် တစ်လတာ ကားငှားရမည်ဆိုတဲ့အကြောင်း...

"အဲဒါပဲကွ...မနက်ရှစ်နာရီအရောက် ညနေကျတော့ အခြေအနေအရ စောရင်စောမယ်...နောက်ကျရင် ကျမယ်"

"ဗွန်"

ထူးကျော်ခေါ်သံကြောင့် သူဆတ်ခနဲ မော့ကြည့်လိုက်ပါ တယ်..ထူးကျော်က တစ်စုံတစ်ခုကို စဉ်းစားသယောင် ပြုံးလိုက် ရင်းက...





"ဒါဆို...မင်း...ရှင်နှောင်းကို အကြိုအပို့ကိစ္စ ဘယ်လို လုပ်မလဲ"

သူပြန်ဖြေမည်လို့ ဟန်ပြင်လိုက်စဉ် မျိုးအောင်က...

"ရှင်နှောင်းကိစ ငါတာဝန်ယူမယ်လေ...ပိုက်ဆံတစ်ပြား မှ မယူဘူးကွာ"

ဖျတ်ကနဲ ဝင်ပြောလိုက်သည်။ ထူးကျော်မျက်နှာ မဲ့လို့ သွား၏။ ဖွန်ဦးမောင်က နှာခေါင်းရှုံ့လိုက်တယ်။ သူကတစ်မျိုး မခုတ် ဘတ်တဲ့ ကြောင်လိုပုံစံနဲ့၊ မျက်နှာသေသေနဲ့ နေတတ်သည်။ ရှင်းရှင်း ပြောရရင် သနားအောင်နေတတ်၏။ နှုတ်စောင့်စည်းမှုကမရှိ။

မိန်းကလေးတစ်ယောက် ရှေ့ကဖြတ်လျှောက်သွားလျှင် ဖျတ်ကနဲ ပြောကာစတတ်နောက်တတ်၏။ ထိုမိန်းကလေး လှည့် ကြည့်လိုက်လျှင်တော့ သူမစသလို မနောက်သလိုနှင့် သူ့ဘေးက လူကိုထင်၍သွားတတ်သည်။

အခွင့်အရေး ရရင်တော့ သူက ဦးအောင်လို့ကို ပြောတတ် ယူတတ်၏။ ခုလည်းကြည့် ရှင်နှောင်း၏ အကြိုအပို့ကို သူကဦးအောင် လို့ပင် ပြောလာခဲ့သည်လေ။

ဒီတော့ ဖွန်ဦးမောင်က သူ့ကိုခပ်မဲ့မဲ့လေး ကြည့်ပြီးတော့ မှ...



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ... ကိုမျိုးအောင်ရယ်...မင်းရယ်... ရွှေကျီးရယ်...ချစ်တီးရယ်က လွတ်ကနဲ မပြောလိုက်နဲ့ ဖျတ်ကနဲ ထလုပ်တတ်တဲ့ကောင်တွေ"

ထူးကျော်ကပါ ထောက်ခံစကားကို ပြောလိုက်ပြန်၏။

"မင်းပြောတာ ဟုတ်တယ် ဖွန့်ရ...ဒီကောင်သုံးကောင် ကိုသာ တာဝန်ပေးကြည့်လိုက်စမ်းကွာ"

"ပေးကြည့်လိုက်လေ...တို့က တာဝန်ကျေစွာနဲ့ ပိုကြ လုပ်မှာပေါ့"

အာပြဲသံနဲ့ ရွှေကျီးပြောသဖြင့် ...

"တာဝန်ကျေစွာနဲ့ပဲ ရှင်နှောင်းရဲ့ အသားနဲ့အရိုး တစ်စသီ ဖြစ်လို့ရှာမရပဲ ဖြစ်သွားမယ် မဟုတ်လား"

"ဟာ...မင်းက တို့ကိုအထင်သေးလိုက်တာ ထူးကျော်ရာ"

အောင်ကျော်ထွန်းမျက်စောင်းက ထူးကျော်သို့ ရောက်သွား ရင်းပြောလိုက်သည်။

"ငါပြောတာ မဟုတ်လို့လား"

အောင်ကျော်ထွန်းလို့ခေါ်တဲ့ ချစ်တီးက...

"ဒီမှာ ထူးကျော်...မင်းတို့နှစ်ယောက်ကလည်း ငါက မျိုးအောင်နဲ့ ရွှေကျီးတို့လောက် မဆိုးပါဘူးကွာ...မနေ့ကကြည့်





လေ...ပါစင်ကျာကောင်မလေးတစ်ယောက် တို့ဂိတ်ကိုကားငှားလာ တော့ တိုသုံးယောက်ပဲ ရှိတာကွ"

ချစ်တီးစကားကို မျိုးအောင်နဲ့ ရွှေကျီးတို့နှစ်ယောက် အလို မကျဟန်နှင့် ...

"ဟော့ကောင် ချစ်တီး မင်းမဟုတ်တာ လျှောက်ပြောမနေနဲ့"

"ထူးကျော်နဲ့ ဖွန့်ဦးမောင် ဒီကောင်ပြောတာတွေ မယုံနဲ့"

အသည်းအသန်ဖြစ်စွာ မျိုးအောင်နှင့် ရွှေကျီးတို့နှစ်ဦးက တန့်တားစကားကိုဆိုတော့ ဖွန့်ဦးမောင်က...

"မင်းတို့နှစ်ယောက် တိတ်တိတ်နေကွာ...ကဲ...ချစ်တီး ဘာဆက်ဖြစ်လည်းပြော"

အောင်ကျော်ထွန်း ဆက်၍ပြော၏။

"အဲဒီမှာ မျိုးအောင်နဲ့ ရွှေကျီးတို့နှစ်ယောက် ကောင်မလေး ကို တော်ကီတွေပွားပြီး လုခေါ်ကြတာပေါ့ကွာ"

"ဘယ်သူ့နောက်ပါသွားလဲ"

"ဘယ်သူ့နောက်မှ မပါဘူး ထူးကျော်...ကောင်မလေးက ဒီကောင်တွေရဲ့ တောက်တွေကို စိတ်ညစ်သွားတာ ထင်ပါရဲ့"

"ဒါဆို.. ဘယ်သူနဲ့ လိုက်သွားလဲ"

ထူးကျော် သိချင်ဇောနဲ့ အလောတကြီး မေးလိုက်လေရာ



www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်ထွန်း မျက်နှာစပ်ဖြီးဖြီးနှင့် ဖြစ်လို့နေပြီး...

"ဟဲ...ဟဲ...ဟဲ...ဘယ်သူရှိရမှာလဲ...ငါနဲ့လိုက်ခဲ့တာပေါ့ကွ"

ဖွန်ဦးမောင်နှင့် ထူးကျော်တို့နှစ်ဦး...တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း မဲ့လိုက်ကြတယ်။ ရွှေကျီးမျက်နှာက သုန်သုန်မှုန်မှုန်နဲ့လေ။

"မင်းတို့နှစ်ကောင် ဒီကောင်ပြောတဲ့ စကားကို မယုံနဲ့နော်"

မျိုးအောင်ကလည်း အလိုမကျတဲ့မျက်နှာနဲ့ အောင်ကျော်ထွန်းမျက်နှာကို ကြည့်နေလိုက်တယ်။ အောင်ကျော်ထွန်းက စကားကိုဆက်ပြောလို့ပေါ့။

"ဒါနဲ့ ကောင်မလေးကို ငါကားပေါ်တင်ပြီးလိုက်ပို့တာ.. အဲဒီမှာ ကောင်မလေးက မျိုးအောင်နဲ့ ရွှေကျီးတို့အကြောင်းကို လမ်းတစ်လျှောက်လုံး ပြောလိုက်တာများ အတော့်ကို ရယ်ရတယ်ကွ"

"ဘယ်လိုပြောလို့လဲဟ"

ထူးကျော်က ဖွန်ဦးမောင်ကို မျက်စလေးပစ်ပြလိုက်ရင်း အောင်ကျော်ထွန်းကို မေးလိုက်သည်။

"ဟေ့ကောင် နှစ်ကောင် မင်းတို့နှစ်ယောက်ကို မဟုတ်တာတွေ ပြောတော့မှာ မယုံနဲ့"





ရွှေကျီးက အတင်းပင် ဖွတ်ဝင်ပြောသဖြင့် ...

"ငါဟုတ်တာပြောတာ ထွင်လုံးတစ်ခုမှ မပါဘူး"

"ကဲပါ...ချစ်တီးရာ...သူတို့ကိုသွားပြောမနေနဲ့... မင်းပြောစရာရှိတာတွေကိုသာပြော...ဟေ့ကောင်ရွှေကျီး မင်းပါးစပ်ငြိမ်ငြိမ်နေကွာ"

ဖွန်ဦးမောင်...ချစ်တီးကို ပြောလိုက်ရင်းနဲ့ ရွှေကျီးကို လှမ်းဟောက်လိုက်သည်။ ဒါနဲ့ ချစ်တီးဆိုတဲ့ အောင်ကျော်ထွန်းက စကားဆက်၍ ပြောလာခဲ့တော့၏။

"ကောင်မလေးက ပြောတယ်ကွ သိလား...မျိုးအောင်ကိုလေ...အသားကမဲမဲနဲ့ မျက်လုံးကလည်း မှေးချင်ချင်တဲ့ ...နှုတ်ခမ်းမွှေးလေးစစနဲ့ မခုတ်တတ်တဲ့ ကြောင်ကလေးပုံစံနဲ့တဲ့"

အောင်ကျော်ထွန်းပြောတဲ့ စကားကြားတော့ မျိုးအောင်ရဲ့မျက်နှာက ရှုံ့တွလို့နေလေရဲ့ အောင်ကျော်ထွန်းကိုလည်း မကြည့်တဲ့အကြည့်နဲ့ကြည့်လို့ပေါ့။

"အလကားလျှောက်ပြောနေတာ ကောင်မလေးပြောတဲ့စကားမဟုတ်ဘူး"

"ကဲ...ဟေ့ကောင် ဆက်ပြောစမ်းပါကွာ"

"အေးပါ...ထူးကျော်ရာ...ရွှေကျီးကျတော့လည်း အသား



www.burmeseclassic.com

www.burmeseclassic.com



ဘာမဲ့ကိုမိတယ်တဲ့ ... မျက်လုံးကလည်း ပြူးလိုက်တာ...ဒီကြားထဲ သွားကာပါပြူးနေလိုက်တာ သရဲတောင်အရှုံးပေးရမယ်တဲ့ကွာ... နောက်ပြီး လူကိုတွေ့တာနဲ့ ဘရိတ်ဒန့်ကာသလို တွန့်လိမ်ပြာနေတော့ တာပဲတဲ့လေ...အဲ...နောက်ဆုံးပြောတာကတော့လေ သူတို့နှစ် ယောက်လုံးမှာ တူတာတစ်ချက်ရှိတယ်တဲ့"

"ဘာတူတာလည်း"

ဖွန်ဦးမောင်ရော ထူးကျော်ပါ သိချင်ဇောတွေ များသွားခဲ့ သည်။ ဒါကြောင့် ထူးကျော်က အရင်စလို မေးလိုက်ပါတယ်။

"အဲဒီနှစ်ကောင်ကလည်း မသိချင်ရှာဘူး မျိုးအောင်ရေ ကြည့်စမ်းပါဦး နားထောင်ချင်တာမှ အငမ်းမရဖြစ်နေတာ သောက် မြင်ကိုကပ်တယ်...ဟင်း"

ရှေ့ကိုးလို့ခေါ်တဲ့ မျိုးသိဟ...နှုတ်ခမ်းကိုမဲ့ရွဲ့လို့ မျက်စောင်း ထိုးရင်းဖြင့် မျိုးအောင်ကို ပြောလိုက်သည်။ မျိုးအောင်ကတော့ ပုခုံး နှစ်ဖက်ကိုသာ တွန့်ပြလိုက်ပါတယ်။

"ဟေ့ကောင် ချစ်တီး ပြောကွာ...သူတို့နှစ်ယောက် ဘာတူတာလဲ"

"သူတို့နှစ်ယောက်စလုံးက နှာဘူးတွေတဲ့ ... ဖွန်ဦးမောင် ရ...ဟား...ဟား...ဟား"





အောင်ကျော်ထွန်းပြောပြီး ရယ်လိုက်တယ်။ ရယ်လိုက်တာမှ ဟက်ဟက်ပက်ပက်ကို ရယ်မော့လိုက်ခြင်းပါ။ ဖွန်ဦးမောင်နဲ့ ထူးကျော် တို့နှစ်ယောက်လုံးပါ ဟက်ဟက်ပက်ပက် မရယ်မိသော်လည်း ပြုံးမိ လိုက်တယ်။

ဒါနဲ့ ဖွန်ဦးမောင် အောင်ကျော်ထွန်းကို ကြည့်လိုက်ပြီး..

"အဲဒီ ကောင်မလေးက မင်းကိုကျတော့ ဘာမှမပြောဘူး လား"

"ဟ...မပြောပဲနေပ့ါမလား...ပြောတာပေ့ါ ဖွန်ဦးမောင်ရာ"

ဖွန်ဦးမောင်...ထူးကျော်ကိုကြည့်လိုက်ပြီး မျက်လုံးတစ် ဘက်မှိတ်ပြလိုက်သည်။ သည်တော့ ထူးကျော်က...

"ဒါဖြင့် ဘယ်လိုပြောလည်း"

"အဟဲ"

မပြောရသေးပါ...အောင်ကျော်ထွန်းနှုတ်က အရင်ရယ် လိုက်တယ် ပြီးမှစပ်ဖြီးဖြီးမျက်နှာနှင့် ...

"ငါ့ကိုကျတော့လေ...ဟို...ဆံပင်ရှည်လေးကို စုချည် ပြီး နောက်ကိုချထားတဲ့ ပုံစံလေးကတဲ့ ဟို...နိုင်ငံခြားဇာတ်လိုက် မင်းသား စတီးပင်ဆီးဂဲလ်ရဲ့ စတိုင်လေးနဲ့ တူတယ်တဲ့"

"ဘာကွ...စတီးဖင်...ဆေးခဲ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျီးက ထေ့ငေါ့ကာ ခနဲ့တဲ့တဲ့ပြောလိုက်သဖြင့် အနားတွင်ရှိကြတဲ့ လူတွေအားလုံး တဟားဟားနှင့် ပွဲကျလို့သွားကြသည်။ အောင်ကျော်ထွန်းက အားလုံးရဲ့မျက်နှာကို ကြည့်လိုက်သည်။

"ဘာလဲ မင်းတို့အားလုံးက မနာလိုလို့လား...မယုံလို့လား။ ဒီမှာ မင်းတို့ကို အမှန်အတိုင်းပြောတာကွ...သူက အဲလိုပြောလို့ ငါသူ့ဆီက ကားခတောင် မယူလိုက်ဘူးသိလား...အဲဒါ ငါ့စေတနာကို သူသိအောင် ပြလိုက်တာပဲ"

"နှာဘူး"

အောင်ကျော်ထွန်းကို လက်ညှိုးထိုးကာ မျိုးအောင် ပစ်ပစ်နှစ်နှစ်ကြီးကို ပြောလိုက်၏။

"မင်းကမှ တစ်ကယ့်နှာဘူး"

ရွှေကျီးကပါ ဩဘာထပ်ပေးလိုက်ပြန်တယ်။ ဖွန်ဦးမောင်နှင့် ထူးကျော်တို့နှစ်ဦး ပြုံးစိစိနှင့် ဖြစ်လို့သွား ပြီးမှ ရယ်မောလိုက်ကြတယ်။ ဖွန်ဦးမောင် အရယ်ရပ်လိုက်ပြီးတော့ ထူးကျော်ကိုခေါ်လိုက်တယ်။ ထူးကျော်က ဖွန်ဦးမောင်ကို လှည့်ကြည့်လိုက်တယ်...

"မင်း...ရှင်နှောင်းကို ကြိုပို့လုပ်ဖို့ကို တာဝန်ယူပေးစမ်းပါကွာ"

"ရပါတယ်...ကူညီရမှာပေါ့ ... ဘယ်တော့လဲ"






"မနက်ဖြန်ကစပြီး ကြိုပို့လုပ်ပေးတော့ကွာ...ဒီညနေတော့ ငါပဲသွားကြိုရဦးမယ်"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

ရှင်နှောင်း ကွန်ပျူတာသင်တန်း ပြီးဆုံးသွားသဖြင့် သင်တန်းသား၊ သင်တန်းသူတွေ အခန်းတွင်းမှ ဆင်းသွားကြသဖြင့် သူမလည်း ထိုင်ခုံမှထလိုက်ပြီး ဝရံတာကိုထွက်လို့ အောက်ကိုကြည့်လိုက်၏။

မြေပြင်အောက်တွင် သူမတွေ့ချင်နေသည့် ဖုန်းဦးမောင်၏ ကားကို ရပ်နေကျနေရာတွင် မတွေ့ရသဖြင့် စိတ်ပျက်စွာဖြင့် အားငယ်လျော့လို့သွားသည်သာမက ချက်ချင်းပင် မျက်နှာကညိုးရော်လို့သွားတယ်။

သို့ဖြင့် သူမ သင်တန်းခန်းမတွင်းက ထွက်လာပြီး လှေကားပေါ်ကနေ တဖြည်းဖြည်းချင်း ဆင်းလို့လာခဲ့သည်။





"ဒီတစ်ခါလည်း စောင့်ရဦးမယ် ထင်တယ်"

စိတ်ခပ်လေးလေးဖြင့် ဆင်းလာရာမှ လှေကားအောက်ဆုံး ကြွန်ပလက်ဖောင်းသို့ ရောက်လာခဲ့၏။

သူမ၏ မျက်ဝန်းအစုံက ကားလာတိုင်း ရပ်နေသည့်နေရာသို့ ရောက်လို့သွားသည်။

"သင်တန်းကလည်း ဒီနေ့ကျမှ စောစောဆင်းတယ်၊ ဖုန်းဆောက်မှာ မှတ်သေးပါဘူး"

လှေကားခြေရင်း အုတ်ခုံလေးမှာ ထိုင်လိုက်ပြီး ဖုန်းဦးမောင် ကားအလာကို စောင့်နေမိလိုက်၏။ သူမရဲ့ ကွန်ပျူတာသင်တန်းမှမကာ သင်တန်းသားတွေဟာ သူမရဲ့နံဘေးကနေ ဖြတ်ဖြတ်သွားကြတယ်လေ။

အဲလိုဖြတ်သွားကြတဲ့ လူတွေထဲက တစ်ချို့တစ်လေက အကြည့်လေးတွေနဲ့ ကြည့်လို့ ဒီအကြည့်တွေမှာ အဓိပ္ပါယ်များစွာ ပါနေတာကို ရှင်နှောင်း ကောင်းကောင်းသိနေတာပေါ့။

ဟော . . . တစ်ချို့ကြတော့လည်း ပေါ်တင်ပဲ မျက်စလေး သူ ပစ် . . . ပစ်ပြလိုက်ကြတာ လူကိုဘာထင်လည်း မသိဘူး။ ရှင်နှောင်း တော်တော့်ကို အနေခက်နေမိတာအမှန်ပါ။ ဒီထက်ဆိုးတာလည်း ရှိသေး။ လမ်းသွားလာရင်းနှင့် သူမကို ပြတီတီစပ်ဖြီးဖြီး



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းကြည့်ကာ စကားခလုပ်တိုက်တာကလည်း သူမရဲ့စိတ်ကို အနှောက်အယှက်ဖြစ်စေလောက်သည်။

"ဟော့ ... တို့လိုက်ပို့ရမလား...ပြောနော်"

"ဘယ်သူ့စောင့်နေလဲ...တို့တစ်ယောက်လုံး ရှိတယ်လေ၊ အားမနာနဲ့နော်...ဟဲ...ဟဲ"

စသည့်စသည့် ကြောင်တဲ့စကားတွေက အမျိုးမျိုးပါ။ သူမ အမှတ်မထင် လက်မှနာရီကို မြှောက်ကာကြည့်လိုက်သည်။ အို... ခုက္ခပဲ...ဆယ့်ငါးမိနစ်တောင် စောနေသေးသည်ကို တွေ့လိုက်ရ၏။

သို့ပေမဲ့ ဖွန်ဦးမောင် လာသင့်နေသည်ဟု ရှင်နောင်းက ယူဆနေမိသည်။ ဘာပဲပြောပြောလေ . . . ဒီဆယ့်ငါးမိနစ်ဆိုတာ ကြိုပြီးရောက်သင့်တဲ့အချိန်ပါ။

သူမစိတ်ကဆိုးချင်လာသည်။ ဒါပေမဲ့ ဆိုးလို့မဖြစ်သေး သူမှရောက်မလာသေးပဲကိုးဟု တွေးလိုက်သည်။ သို့ပေမဲ့ မျက်နှာကတော့ သုန်သုန်မှုန်မှုန် ဖြစ်လို့လာပြီပေါ့။

"ကျွတ်"

သူမစုတ်သပ်ပြီး ခေါင်းခါရမ်းလိုက်၏။ ထိုအချိန်မှာပဲ...

"ဟော့ ... မင်းလေး...ကိုယ့်ကိုစောင့်နေတာလား"

ကောင်လေးတစ်ယောက်က သူမကိုကြည့်ရင်း ဖြတ်





လျှောက်လို့ စကားဖြင့်စလိုက်သည်။ သူမစိတ်ထဲ ထောင်းကနဲ ဒေါသ ထွက်လို့လာ၏။

"သွားစမ်းပါ...လာကြောင်မနေနဲ့"

ချက်ချင်းပဲ ထိုကောင်လေးကို ဟောက်ပစ်လိုက်တယ်။ ဒီတင် ကောင်လေးလည်း အနားကနေ လစ်ထွက်လို့သွား၏။ ရှင်နောင်း မျက်နှာတွေနီရဲလို့ပေါ့ ... ရှက်လည်းရှက် ဒေါသလည်း ထွက်ခဲ့လို့လာပြီ။ ထိုင်နေရာမှ ဖျတ်ကနဲ ထလိုက်တယ်လေ။

တော်ပြီ သူ့ရဲ့ကားကို မစောင့်တော့ဘူး...ဒီမှာဆက်နေရင်း သူမကို မြင်သမျှကောင်လေးတွေရဲ့ အကြည့် ... အပြောတွေထဲမှာ နစ်မြုပ်သွားမည်မှာ ကေန်အမှန်။

ဒါကြောင့် ကားငှားပြန်မယ်လို့ စိတ်ကူးလိုက်တယ်။ သူမရဲ့ အနီးဝန်းကျင်လောက်မှာ TEXI ရှိလားဟု သူမမျက်လုံးကို ဘယ်ကို ရွှေ့လိုက်ညာကိုရွှေ့လိုက် လုပ်လိုက်တယ်။

ဟော...တွေ့ပြီ...သူမနဲ့ဆိုရင် ဓာတ်တိုင်တစ်တိုင်စာ လောက် ဝေးဝေးကားလမ်းရဲ့ ဟိုဘက်ခြမ်းမှာ TEXI တစ်စီး။ သူမ တစ်လှမ်း . . . နှစ်လှမ်း . . . သုံးလှမ်း လောက်လျှောက်သွားပြီး သေချာကြည့်လိုက်တော့ ...

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ထို TEXI က အိမ်ကကားမှန်း သိလိုက်တယ်လေ။ အဲဒီမှာပဲ ဖွန်ဦးမောင်ကို တွေ့လိုက်ရတော့တယ်။ သူက ရှင်နှောင်းရဲ့ ဖြစ်အင်ကိုကြည့်ရင်း ပါးစပ်ကို လက်ဝါးနဲ့အုပ်ကာ အူလိုက်သည်းလိုက် ရယ်မောနေခြင်းပင်။

တောက်...ဒါ သက်သက် သူ့ကိုအကျင့်ယုတ်တာ... အရှုံးလုပ်တာ...ဒီတစ်ခါတော့ ရှင်နှောင်း ဒေါသတွေနဲ့ သူမရင်ထဲမှာ ဗလောင်ဆူပွက်လို့သွားရသည်။

ဖွန်ဦးမောင်ကတော့ ရပ်ထားသည့်ကားကိုမှီရင်း သူမကိုကြည့်ကာ ခုထိရယ်နေမိတုံး။ ဟင်း...တွေ့ကြပြီပေါ့။ အကြည့်စိမ်းစိမ်းတို့က သူ့ဆီသို့ တိုက်ရိုက်ရောက်ကုန်တော့၏။ ဒေါသသွေးတို့လည်း ရှင်နှောင်းတစ်ကိုယ်လုံး ဆူဝေလို့လာပြီ။ ကားလမ်းကို ဖြတ်ကူးလိုက်တယ်။ သူ့ဆီကို ခပ်သုပ်သုပ် လျှောက်လှမ်းကာ သွားလိုက်တယ်။ သူ့နားရောက်တော့ ရှင်နှောင်း ခါးလေးထောက်...ဒေါသရောင်ထွက်နေသည့် မျက်လုံးများဖြင့်ကြည့် ... ခပ်ထန်ထန်လေသံဖြင့် ...

"ဒါ...ဘာလုပ်တာလဲ"

ဟု မေးလိုက်သည်။ သူက ရယ်ကျဲကျဲ မျက်နှာပေးနဲ့လေ

"ရယ်နေတာပေါ့"





"ရယ်နေတာကို သိတယ်...အဲဒီအရယ်အပြုံးက သူများကိုကြည့်ပြီးမှ လှောင်ရယ်ရယ်တာမှုတ်လား"

"ဟုတ်ပါဘူး"

ကြည့် ... ဘယ်လောက်အသည်းယားဖို့ ကောင်းသလဲလို့။ လူကိုမထီတစ်ထီနဲ့ ပြုံးစလဲ့လဲ့မျက်နှာက ချော်ရည်ပူလောင်းထားသလား ထင်ရသည်။ တစ်ကယ်ကြည့်လို့ကို မရတာအမှန်။ လူကို တစ်ကယ် အရှက်ရသွားတာ သူမသိလေရော့သလား... မုန်းဘို့အလွန်ကောင်းတယ်...'ဟင်း'...ဆောင့်ကြီးအောင့်ကြီးနဲ့ သက်ပြင်းချလိုက်ပြီး...

"အရင်ရောက်နေရဲ့သားနဲ့ ရပ်နေကျနေရာကိုတော့ မလာဘူး...ဒီမှာဘယ်အထိ အရှက်ရနေသလဲသိလား...ဟိုလူကတစ်မျိုးပြောသွားလိုက်...ဒီလူကတစ်မျိုး ပြောသွားလိုက်နဲ့ ... ဟွန်း.. လူကိုရစရာတောင်မရှိတော့ဘူး...ဒါကိုပဲကြည့်ပြီး သူကရယ်လိုက်သေးတယ်"

ရှင်နှောင်း ပါးစပ်က ပွစိပွစိ၊ မျက်စောင်းတထိုးထိုးနဲ့ သူ့ကိုရန်တွေ့ပုံက စိတ်ဆိုးချင်စရာ မကောင်းပဲ ချစ်စရာကောင်းနေသည့်ပုံပမာနှယ်...သူ...ဖွန်ဦးမောင်က ဘာမှမပြောပဲ ပြုံးတုံ့တုံ့နှယ် လှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်အံ့ဩတယ်...စတာနောက်တာ ဒီလိုမျိုးနဲ့ စတာကိုမကြိုက်ဆုံးပဲ...ဘယ့်နှယ်...မိန်းကလေးတစ်ယောက်အနေနဲ့ ဘယ်လောက်ထိ အိနြွေမျက်ရတယ်ဆိုတာ ဒင်းမသိဘူးတဲ့လား။ နားမလည်ဘူးတဲ့လား...ဟင်း...ပြောကိုမပြောချင်ဘူး...နည်းနည်းလေးမှ ကိုယ်ချင်းစာစိတ်မရှိတဲ့လူ...အလကားလူ...အသုံးမကျတဲ့လူ...ဦးနှောက်မရှိတဲ့လူ...နောက်ပြီး...ဘယ်လိုထပ်ပြောရမလဲဆိုရင်...အဲ...ဥပေက္ခာပြုတတ်တဲ့လူ။

"တကယ်အံ့ဩတယ်...ကြည့်နေနိုင်တယ်...ရယ်တောင်ရယ်နိုင်သေးတယ်...သိပ်အမြင်ကပ်စရာကောင်းတယ်...ကိုယ်ချင်းစာစိတ်တကယ်မရှိတယ်...မုန်းဘို့အလွန်အလွန်ကို ကောင်းတယ်"

ရှင်နှောင်းပါးစပ်က ပေါက်ပေါက်ဖောက်သလို ဆက်တိုက်အသံတွေ မြည်လာသဖြင့် ဖွန်ဦးမောင် နားနှစ်ဖက်ကို လက်ညှိုးလေးဖြင့် ထိုးရင်းပိတ်ထားလိုက်သည်။ ဒါ့ပြင် မျက်လုံးအစုံကိုလည်း မှိတ်ထားလိုက်သေး၏။

သို့သော် မျက်နှာက ပြုံးစလဲ့လဲ့နှင့်ပေါ့လေ။ မှာ...လုပ်ပြန်ပြီ...ရှင်နှောင်းပြောနေရင်းမှ ဖွန်ဦးမောင်ကို စူးကနဲ ကြည့်လိုက်၏။ ဒါ...သက်သက်ကို လုပ်ပြတာမှန်း သိလိုက်သည်။

"ဩော်...ဒါက မကြားချင်တဲ့သဘောလား"





သူ မျက်လုံးလေးဖွင့်ပြီး ပြုံးတုံ့တုံ့နဲ့ ခေါင်းလေးညိတ်ပြလိုက်တယ်လေ။ ရှင်နှောင်းရင်ထဲ မခံချိမခံသာစိတ်က အတုံးလိုက်အတစ်လိုက်ကို ပေါ်လာခဲ့သည်။ တတ်နိုင်လျှင် သူ့ကိုအံစိမ်းလိုက်ဝါးစားချင်သည့်အထိကို စိတ်ဒေါသ ထွက်ခဲ့မိသည်ပေါ့။

ဟွန်း...ရတယ်လေ...လုပ်ထားလိုက်ပေါ့ ... အိမ်ရောက်မှ သူ့ကို အမေသိန်းနဲ့ တိုင်ပြောပစ်လိုက်မယ်...အဲဒီတော့မှ သိမယ်။

ရှင်နှောင်းက သူ့ကိုဘာတစ်ခွန်းမှ ပြန်မပြောတော့ပါ။ မျက်နှာကြီးစူပုတ်ထားပြီး ဆူဆူအောင့်အောင့်နှင့်ပင် ကား၏ နောက်ခန်းတံခါးကိုဆွဲ၍ဖွင့်ကာ ပစ်ဝင်ထိုင်လိုက်ပြီး တံခါးကိုဆောင့်ဆွဲပိတ်လိုက်၏။

"ဂျိမ်း"

"အမလေး"တဲ့

ဖွန်ဦးမောင်တစ်ယောက် လန့်သွားသလိုမျိုး လုပ်လိုက်ပြီး အော်လိုက်တယ်။ ရှင်နှောင်းမျက်စောင်းကလည်း ဒိုင်းကနဲ သူ့ဆီတည့်တည့်ကိုမှန်လိုက်တယ်။ သူမနှုတ်ကလည်း ပွတ်ကျို...ပွတ်ကျိုနဲ့ သူကလည်း ရှင်နှောင်းကို အဲလိုစရလို့ ပျော်နေလားမသိ...ပြုံးစရယ်ရွှင်ရွှင် ကြည်နူးနူးနဲ့လေ...ရှင်နှောင်းကတော့ ပဲ လုံးစ...

www.burmeseclassic.com

www.burmeseclassic.com



လုံးဝကိုကြည့်လို့ မရလောက်အောင် အမြင်ကပ်နေမိတော့တယ်။

ဖွန်ဦးမောင် ရှေ့ကားတံခါးကိုဖွင့် ဝင်ထိုင်လိုက်တယ်။ နောက်...နောက်ကြည့်မှန်မှတဆင့် ရှင်နောင်းကို ကြည့်လိုက်တယ်။

အားပါး...နောက်ကြည့်မှန်ထဲမှာ ရှင်နောင်းက သူ့ကို မျက်လုံးပြူး နှုတ်ခမ်းမဲ့ကာဖြင့် ကြည့်လို့နေတာကို တွေ့လိုက်ရပါတော့တယ်။ သူ အကြည့်ကို ကမန်းကတန်း လွှဲလိုက်ရ၏။

နှီမှီဆို ရှင်နောင်း၏ အကြည့်တို့က နဂါးမျက်စောင်းထက် စိုးကာ ပြာဘဝတောင်ရလိမ့်မည် မဟုတ်တော့။ ဒါနဲ့ သူသော့ဖွင့်ကာ ကားကိုမောင်းလာခဲ့တော့၏။

အတန်ကြာမောင်းလာခဲ့ပြီးနောက် သူက နောက်ကြည့်မှန်မှ ရှင်နောင်းကိုကြည့်ကာ ခေါ်လိုက်တယ်...

"နောင်း"

ရှင်နောင်းက ပြန်မထူး...

"နောင်း"

သူထပ်၍ခေါ်လိုက်၏။ မထူး...ဒါနဲ့ မှန်ထဲကနေ သူမကို ကြည့်လိုက်ပြန်ပါသည်။ ရှင်နောင်းက မသိသလို...မကြားသလို အပြင်ကိုသာငေးလို့ ကြည့်နေလိုက်တယ်။

"နောင်း...လေး"





တိုးတိုးဖွဖွလေးကို ညင်သာကြင်နာစွာနှင့် ခေါ်လိုက်ပါသော်လည်း ရှင်နောင်း မထူးပြန်ပါ။ ဖွန်ဦးမောင် နဲနဲစိတ်ညစ်သွားတော့သည်။ ဒါကြောင့် ...

"ရှင်နောင်း...ရှင်နောင်း...ရှင်နောင်း"

သူ စဉ်ဆက်မပြတ်ပင် ခေါ်လိုက်ပါတယ်။ ထိုအခါကျမှ ရှင်နောင်း သူ့နောက်ကျောကို ကြည့်လိုက်ရင်းက...

"ဘာဖြစ်နေတာလဲလို့"

လှမ်းအော်လိုက်ပါတယ်။ သူ ခေါင်းလေးတညိတ်ညိတ် လုပ်လိုက်ပြီး ကျေနပ်စွာ ကျိတ်ပြုံးလိုက်သည်။ ပြီးမှ...

"တော်ပါသေးရဲ့ကွာ"

"ဘာ...တော်ပါသေးလဲ"

"သြော်...ထိုင်နေရင်း အသက်ထွက်သွားပြီ မှတ်နေတာ"

ကြည့် စကားကို ကောင်းကောင်းမပြောဘူး။ ဘယ်လို မဟုတ်တရုတ်တွေကို လျှောက်ပြောနေမှန်းကိုမသိဘူး။ တကယ် မုန်းဖို့ကောင်းတယ်...ဟင်း။ ဒါနဲ့ သူ့ကိုအလိုမကျတဲ့ဟန်နဲ့ ကြည့်လိုက်ပြီးမှ...

"မစနဲ့နော်...စိတ်ဆိုးနေတာ သိရဲ့လား"

"စိတ်ဆိုးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ရှင်နှောင်း သူ့ကိုဘာမှထပ်မပြောတော့ပဲ ငြိမ်နေလိုက်တယ်။

"ကဲ...ကဲ...စိတ်ဆိုးနေရင်လည်း စိတ်ဆိုးပြေအောင် လို့ ကိုယ်တစ်ခုခု ဝယ်ကျွေးပါ့မယ်နော်"

သူပြောမှ ဗိုက်ဆာလာမှန်းကို ရှင်နှောင်းသတိထားမိလိုက်၏။ ဖွန့်ဦးမောင်က တစ်ခုခုဝယ်ကျွေးမယ်ဆိုတော့ ရှင်နှောင်းစိတ်ဆိုး ပြေချင်ချင် ဖြစ်လာခဲ့၏။ မျက်နှာကတော့ ရှုတည်တည်နဲ့ ရှိနေသေး။ ဒါနဲ့ပဲ...

"ဘာဝယ်ကျွေးမှာလဲ"

"အီး"

"ဘာ..."

တဟားဟားနှင့် သူ့ရယ်သံက ကားသံကို ဖုံးလွှမ်းလို့ သွားတော့သည်။





## အခန်း ( ၈ )

ဒီနေ့ည မှောင်မိုက်လွန်းနေတယ် ဒါပေမဲ့ ... လမင်းကတော့ ဝိုင်းစက်လို့ အလင်းရောင်ခါတ်တွေကို လွှတ်ပေးခဲ့နေလေခဲ့။ ပြတင်းပေါက်မှတစ်ဆင့် အိမ်ထဲသို့ လမင်း၏ အလင်းရောင်တို့က ဖြာကျလို့နေသဖြင့် အရာဝတ္ထုပစ္စည်းတို့ကို ကောင်းစွာမြင်နေရသည်။

ဖယောင်းတိုင်မီးတို့ကလည်း အနည်းနဲ့အများ အလင်းရောင်တို့ကို ပံ့လွှင့်စေသဖြင့် လ၏အလင်းရောင်ကို များစွာအထောက်အကူဖြစ်စေ၏။

မီးမလာသော ဒီညအဖို့တော့ ဖွန့်ဦးမောင် ရွှေညည်းသည် Tea House သို့ မသွားဖြစ်တော့ပါ။ ထူးကျော် တစ်ယောက် စောင့်

www.burmeseclassic.com

www.burmeseclassic.com



နေမည်ကို သိနေသည်။ မတတ်နိုင်။ ထူးကျော် စိတ်ဆိုးချင်လည်း ဆိုးပစေတော့ ... မှောင်နေတော့ မသွားချင်သည့်စိတ်က များနေ၏။ ကားမောင်းလို့ ပင်ပန်းနေခြင်းကြောင့်လည်း ပါသည်။

ဒီညမီးပျက်သည့်ည ဖြစ်နေသဖြင့် အိမ်မှာတီဗီကြည့်လို့မရ။ အင်ဗက်တာလည်းမရှိ။ ဒေါ်ခင်နှောင်းမေနှင့် ဒေါ်ခင်မေသိန်းတို့နှစ်ဦးကတော့ မီးစက်ရှိသော ခြေရင်းအိမ်သို့ တီဗီသွားကြည့်လို့နေကြရဲ့။

မြဝတီက ထုတ်လွှင့်ပြသနေသည့် နန်းတွင်းရတနာဇာတ်လမ်းတွဲမှ ဂျန်ဂင်ကို အရှူးအမူး စွဲလန်းနေကြပြီ၊ အိမ်ကိုတစ်နာရီလောက်တော့ မေ့ကြတော့မည်။ သူ... ဖွန်ဦးမောင် တစ်ယောက်ထဲ သစ်သားဆက်တီကုလားထိုင်တစ်လုံးတွင် ထိုင်လို့နေ၏။ သူ၏နောက်ကျောပြတင်းပေါက်မှ လရောင်ဖျော့ဖျော့တို့က သူ့ကိုယ်ပေါ်သို့ လွှမ်းခြုံထားလို့နေသည်။

သူ့ရှေ့စားပွဲပေါ်တွင် ထွန်းညှိထားသည့် ဖယောင်းတိုင်မီးမှ အလင်းရောင်နီကျင်ကျင်တို့ကလည်း သူ့မျက်နှာကို ဖြန်းဖက်လို့ထား၏။ ထိုဖယောင်းတိုင်မီးနှင့် ရှင်နှောင်းက သင်တန်းကပေးလိုက်သည့် EXERCISE တွေကို ပြန်လည်လေ့လာလို့နေသည်။ အံနားတွင် သူရှိနေသည်ကိုတောင် သတိမထားမိ... စာထဲတွင်သာ





...တ်ဝင်စားလို့နေတာလား... ဒါမှမဟုတ်... သူ့ကို စိတ်ဆိုးနေတုန်း...လား... ဆိုတာကိုတော့ သူမဝေခွဲတတ်တော့ပါ။

"နှောင်း"

မတိုးမကျယ် ညင်သာသွဲ့ပျောင်းသော လေသံလေးဖြင့် ...ခေါ်လိုက်သဖြင့် ရှင်နှောင်းက သူ့ကိုမျက်လုံးလေး ဝေ့ကနဲ စောင်း...ကြည့်လာသည်။

ရှင်နှောင်း၏ သည်အကြည့်တွေကို သူရင်မဆိုင်ရဲ၊ ချက်ချင်း...င်း မသိမသာလေး မျက်နှာလွှဲလိုက်ရ၏။ ပြောရမည့် စကားတွေက ...ည်း လည်ချောင်းဝမှာ တစ်ဆို့လို့နေပြီကော။ သည်နေ့ညကျမှ ...ဘယ်လိုဖြစ်နေသည်မသိ။ ရင်မဆိုင်ရဲ... မပြောရဲ... မဆိုရဲ... ...ကြည့်ရဲနှင့် ... သူ ဤသို့ဖြစ်နေရသည်က ရှင်နှောင်းကို ပြောရ...ည့် အကြောင်းတရားတို့သည် ရှင်နှောင်းစိတ်ကို ဆူပွက်စေနိုင်၏။

ဖရိုဖရဲဖြစ်စေနိုင်၏။ ပူလောင်ခြင်းဝေဒနာကို ရစေနိုင်သည့်...ြင် သူ့အပေါ်ကိုလည်း အချိန်မရွေး စိတ်ဆိုးမှုကို ဖြစ်စေနိုင်ခြင်း...ကြောင့်ပင်။

သူ့ဆီက ဘာစကားသံမျှ မကြားရတော့သဖြင့် ရှင်နှောင်း...ကပြန်လှည့်ကာ လက်ထဲကစာကို ပြန်၍ ဖတ်နေမှတ်နေလိုက်သည်။ သူ သက်ပြင်းလေးကို ဖြည်းဖြည်းညင်ညင်သာ ချလိုက်၏။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ရှင်နောင်းကို တစ်ချက်မျက်လွှာပင့် ကြည့်လိုက်ပြန်တယ်။

"နောင်း"

ခပ်တိုးတိုးနဲ့ ခပ်ဆတ်ဆတ်လေး ခေါ်လိုက်ခြင်းကြောင့် ရှင်နောင်းက ဖျတ်ကနဲ သူ့ဆီကြည့်လိုက်သည်။ သူ့အကြည့်တွေကလည်း ရှင်နောင်း၏ မျက်ဝန်းများဆီသို့ စူးရှစွာ သက်ရောက်လို့နေ၏။ ဒါပေမဲ့လို့ သူ့နှုတ်က ပြောထွက်လို့ကိုမရ ဖြစ်နေသည်။

ရှင်နောင်း သူ့ကို မျက်မှောင်လေးကုတ်ကာ ကြည့်လိုက်ပါတယ်။ သူ့မျက်နှာက တစ်ခုခုကို ပြောချင်ပုံရနေသည်ဟု ရှင်နောင်း အကဲခတ်လိုက်မိစဉ်...

"ဘာပြောချင်လို့လဲ"

စိတ်မရှည်ချင်တော့သည့်အလား...သူ့ကိုတဲ့တိုးမေးလိုက်၏။

"ဟိုလေ...ကိုယ်...ပြောစရာရှိတယ်...နောင်းရဲ့"

ညကလည်းမှောင်မှောင် အလင်းရောင်တွေ ခပ်မှိန်မှိန် ခပ်ဖျော့ဖျော့ရဲ့အောက်မှာ သူ့ရဲ့မူမမှန်ချင်တဲ့ ဟန်ပန်အမူအရာတွေကြောင့် ရှင်နောင်းရင်ထဲ လှိုက်ကနဲ...ဖိုကနဲ...ကျင်ကနဲ ဖြစ်လို့သွားတယ်။

သူတစ်ယောက် သူမကို ဘာစကားတွေများ ပြောချင်နေ





သလဲ။ ဆန်းကြယ်စွာ ထူးဆန်းလို့နေသည်ကို တွေ့နေရပြီ။ မြင်နေရပြီ။ ထူးခြားသော စကားကိုပြောချင်နေလို့ ခု...သူ့အသွင်မူယာသည် ထူးခြားစွာပဲ ပြောင်းလဲလို့လာခဲ့ပြီပဲ။ သာမန်ကိစ္စတော့ မဟုတ်ဘူ သူမတွေးလိုက်မိတယ်။ ကေန္တ..သူ...သူ...အရောင်ဆိုးချင်နေပြီလား။

သူ့အတွေးက ဖြစ်နိုင်ချေများသည်။ ငယ်စဉ်ဘဝ ကလေးအရွယ်ကပင် အတူနေလာခဲ့သည့် သံယောဇဉ်က အဖြူရောင်သက်သက်မှ အချစ်၏သင်္ကေတအရောင်ဖြစ်သော အပြာရောင်သို့ ကူးသွားချင်နေတာလား။

သည်တော့မှ ရှင်နောင်း ကျင်စက်နှင့် အတို့ခံလိုက်ရသလို လိုက်ဖိုရင်မောနွမ်းလျလို့သွားခဲ့ရသည်။ ရှက်စိတ်တို့ကလည်း ဘယ်ချောင်ကလောင်ကနေ ပြေးဝင်လို့လာသည်မသိ။ ရှက်သွေးတို့ကလည်း ခန္ဓာကိုယ်တစ်ခုလုံးသို့ ပြောင်းပြန်လှည့်ပတ် စီးသွားသလားဟု အောက်မေ့လိုက်ရပါတယ်။ လက်ဖဝါးတစ်ခုလုံး ဇောချွေးတွေပြန်ပြီး အေးစက်လို့နေ၏။

ဒါ...ဒါသည် အချစ်တစ်ခု၏ တိုက်ပွဲခေါ်သံပေပဲလား။ သူမသိသည်က အချစ်သည် အင်မတန် နူးညံ့၏...ပျော့ပျောင်း၏ သိမ်မွေ့လွန်း၏လို့။ ခုတော့ သူမထပ်၍သိလိုက်သည်က အချစ်သည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတရံ၌ မုန်းယစ်စေတတ်သော သေရည်အရက်နှင့် တူသည်ဟူ
သူမ ခုတော့ သူ၏အချစ်တွင် ယစ်မူးရတော့မည်လား...မူးယ
စေနိုင်လောက်အောင်ကိုလည်း သူမ...သူ့ကိုချစ်လို့ရသွားပြီတဲ့လား

ဟင့်အင်း...ဟင့်အင်း...အဖြေကို ရေရေရာရာ မသိသေ
ပါ။ အချစ်ကို ဘယ်တုံးကမှ မစဉ်းစားခဲ့သော သူမ။ သို့ပေမဲ့ ခုတော့
စဉ်းစားရတော့မည်လား။ ရှင်နှောင်း ရင်ထဲ အလိုလိုတော့ ပျော်
မိသည်။ ကျေနပ်မိသည်။ ကြည်နူးမိသည်ပေါ့။

"ဝိုင်...ဘာပြောမှာလဲ...ပြောလေ"

သူမနှုတ်က လွှတ်ကနဲ ထွက်မိလိုက်သည်။ ရေစီးဖို့ မြောင်း
ဖော်လိုက်သည့်စကား။

"ကိုယ်...နှောင်းကို ပြောရမှာ အားနာလို့"

ဟာ...ကျိန်းသေပြီ...ထွက်ဆချက်မှန်ပြီ။ သူ မကြာခင်မှ
ယောကျ်ားတစ်ယောက်ရဲ့ မိန်းမတွေအပေါ် လိုက်နာကျင့်သုံးအ
သည့် နိယာမတရားအတိုင်း အချစ်ကိုရင်ဖွင့်ကာ တင်ပြတော့
တော့မည်။ သူမအမှောင်တစ်ဝက် အလင်းတစ်ဝက် မျက်နှာလေး
ရှက်သွေးဝေဖြာရင်း ရင်ခုံလိုက်မောစွာနှင့် နားထောင်လို့ နေရတော့
မည်လေ။

"ကိုယ်လေ..."





သူ့စကားက ရပ်သွားပြန်သည်။ မဝံ့မရဲမျက်နှာနှင့် ရှင်နှောင်း
ကို ကြည့်လိုက်ပြန်၏။ စိတ်ကမရှည်ချင်တော့ပါ...အောင့်အီးကာ
နေလိုက်ရပြန်တယ်။

"ကိုယ် မနက်ဖြန်ကစပြီး နှောင်းကို သင်တန်းလိုက်မပို့
နိုင်တော့ဘူး နှောင်း"

"ဟင်...ဘာပြောတယ်"

လုံးဝမှတ်ထင်မထားသည့်စကား...

ဘယ်လိုမှ စိတ်ကူးထဲမှာ မစဉ်းစားထားသည့်စကား...

ဤသို့ပြောလာလိမ့်မည်ဟု ဘယ်တုံးကမှ မတွေးခဲ့ဘူးလေ
သော စကား...

ကမ္ဘာကြီး ဖောက်ထိုးမိုးမျှော် ဖြစ်လို့သွားပြီလားဟု တွေး
လိုက်မိ၏။

အံ့ဩမှုတွေ အသခေါ်နှင့် သူ့ကို မှင်သက်ငေးမောကာ
ကြည့်လို့ နေလိုက်ပါတယ်။

"ကိုယ့်ကားကို နိုင်ငံခြားသား ဧည့်သည်တစ်ဦးက ပုတ်ပြတ်
တစ်နေ့လုံး ငှားထားတယ် နှောင်း...ဒါကြောင့် ကိုယ် မနက်ဖြန်
ကစပြီး နှောင်းကို အကြိုအပို့ မလုပ်နိုင်တော့ဘူး"

သူ့နှုတ်က ထွက်ကျလာသည့် စကားသံတို့တွင် စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းသံ၊ ဝမ်းနည်းကြေကွဲသံတွေ ရောစွက်လို့နေပါတယ်။

ရှင်နှောင်းမျက်နှာလေးက ချက်ချင်းညှိုးကျလို့သွားတယ်။ မျက်ဝန်းအစုံ၌လည်း မျက်ရည်ဥလေးများက တွဲလွဲခိုစပြုနေပြန်တယ်။

ရင်ထဲမှာ ဟာတာတာဖြစ်လို့သွားပြီး ဝမ်းနည်းခြင်းဝေဒနာ ရင်နှင့်မဆံ့လောက်အောင် ခံစားလို့လာရသည်။ သူကတော့ သူမ တစ်ယောက် နားလည်လာအောင်လို့ အိုဂျူးစံတို့ သားအဖနှင့်သိခဲ့ တွေ့ခဲ့ရသည့် အကြောင်းအရာတို့ကို ဖြေးလေးစွာ ပြောပြလို့နေရှာ ပါတယ်။

သူပြောသမျှကို နားထောင်ရင်း တွဲကျလုမည့် မျက်ရည်စ တို့ကို သူမ မနည်းပင်ထိန်းနေရသည်။ စိတ်ထဲက သူပြောနေသည့် ဂျပန်မလေးအပေါ် မနာလိုလိုဖြစ်လာ၏။

"နှောင်း"

သူရှင်းပြပြီးနောက် တိုးတိတ်ညင်သာစွာခေါ်လိုက်တယ်။ ရှင်နှောင်းက ပြန်လည်မထူးပဲနဲ့ ပင့်သက်မောကို ရှိုက်ထုတ်လိုက်ပြီး

"အဲဒီ ဂျပန်မလေးကို ဘယ်နှစ်ရက်ထိ ကားမောင်းပေးရ မှာလဲ"

"တစ်လ"

"ဟင်...တစ်လချည်းတောင်"





"ဟုတ်တယ်...နှောင်း"

ဟင်းကနဲ ရှင်းနှောင်း စိတ်ပျက်စွာဖြင့် ညည်းညူလိုက် သည်။ စိတ်ထဲမှာလည်း အတော့်ကို ခံပြင်းလို့သွားတယ်။ စိတ်လည်း ဆိုးမိပါရဲ့ ... ဒါပေမဲ့ ဘယ်သူ့ကိုလည်း။ သူဆိုတဲ့ ... ဖွန်ကို သား...ဒါမှမဟုတ် ဟိုဂျပန်မလေးဆိုတဲ့ ကောင်မလေးကိုပဲလား သိ...ရှင်နှောင်း ရေရေရာရာကို ခွဲခြားပြီးမသိ။ စိတ်ဆိုးတာက တော့အမှန်။

"မကြာလွန်းဘူးလား...တခြားကားရှာပေးလိုက်ပါလား"

သူမရဲ့ ဈေးဆစ်တဲ့စကား...သူအသာအယာပဲ ခေါင်းခါ ပြလိုက်တယ်...ပြီးမှ...

"မဖြစ်လို့ပါ နှောင်း"

"ဘာကြောင့်လဲ"

လေသံတိုးတိုးလေးနဲ့ ပြန်မေးလိုက်ပေမဲ့ အားစိုက်သော ခပ်ဖွဖွလေသံ...

"ကိုယ့်ကိုယုံကြည်စိတ်ချလို့ မောင်းခိုင်းတာဆိုတော့"

"ဪ နှောင်းကလည်း ယုံကြည်ပေးရမယ်...စိတ်ချ ပေးရမယ်ပေါ့"

ဖွန်ဦးမောင်က ရယ်မောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"နှောင်းကလည်းကွာ ကိုယ်ကပြင်းလို့ မကောင်းလို့ပါ"

"မဟုတ်ပါဘူး...ဂျပန်မလေးက အရမ်းလှလို့မလား"

"ဟား...ဟား...ဟား"

ဒီတစ်ခါတော့ သူ ရယ်မောလိုက်တာက အူလိုက်သည်းလိုက် ဟက်ဟက်ပက်ပက်ပင်။ တကယ့်ကို ဟက်ဟက်ပက်ပက် ရယ်မောလိုက်ခြင်းပါ။

"အမယ်...ရယ်နေလိုက်တာ...ပြောလိုက်တာကို အရမ်းနိုက်တာတယ်မို့လား"

ဖွန်ဦးမောင် တဟားဟားနဲ့ ထပ်...ထပ်ရယ်မိတယ်... မျက်ရည်တွေတောင် စို့တက်လာသည်။ ရှင်နှောင်း၏ ပြောကွက်လေးကို သဘောကျမိခြင်းကြောင့်ပင်။ ပြီးမှ သူမျက်နှာပိုးသတ်လိုက်သည်။

"နှောင်းရယ်...ကလေးမဆန်ချင်စမ်းပါနဲ့ ... ကိုယ်က သူ့အပေါ်ကို ဘယ်လိုစိတ်ထားမျိုးမှ မရှိပါဘူးဆိုတာ ယုံလိုက်စမ်းပါ"

ရှင်နှောင်းမျက်နှာကို အကဲခတ်ကာ ကြည့်လိုက်သေးတယ်။ ပြီးတော့မှ...

"ကိုယ့်ဘဝမှာ အမေရယ်...အန်တီမေရယ်...ပြီးတော့





ဟောဒီက နှောင်းလေးရယ်...ဒါတွေဟာ ကိုယ့်ရဲ့ဘဝ...ကိုယ့်ရဲ့ နှလုံးသားတွေဆိုတာကို နှောင်းဘဝတစ်သက်တာလုံး သိထားစမ်းပါ"

သူ့ရဲ့စကားလေးတွေကို နားထောင်ရင်း ရှင်နှောင်း၏ မျက်နှာလေးက ပြုံးယောင်သန်းသွားသည်ကို မှုန်ဝါးနေသော စယောင်းတိုင်မီးအလင်းရဲ့ ဖျော့ဖျော့မှာ ဖွန်ဦးမောင် ဖျတ်ကနဲ တွေ့လိုက်ရတယ်။

"ဒါပဲနော်...နှောင်းကို မေ့မသွားရဘူး...သိလား"

"ဝုတ်...ဝုတ်"

ကြည့်လုပ်ပြန်ပြီ။ အဲဒီလို မျက်နှာက ပြောင်စပ်စပ်နဲ့ စတာကို မြင်ပြင်းကပ်တာ မရှိဘူး။ ရှင်နှောင်းမျက်စောင်းက အတုံးလိုက် အတစ်လိုက်ကို ထိုးပစ်လိုက်သည်။ ဒီတော့ ဖွန်ဦးမောင် ပါးစပ်ပိတ်ထားလိုက်ရတယ်။ မျက်နှာကတော့ ရယ်ချင်ချင်နဲ့ပေါ့။

ဟော တီဗီသွားကြည့်တဲ့ သူတွေပြန်လာကြပြီ။ ခြံထဲကိုဝင်လာသံတွေ ကြားနေရ၏။ ချန်ဂင်က ဘာဖြစ်တယ်...ညာဖြစ်တယ် ဆိုတဲ့စကားသံတွေ ပြောဆိုလို့လေ။ အင်း...ဒါဆိုရင်တော့ ည(၈) နာရီထိုးသွားပြီဆိုတာ သူသိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၉ )

တစ်ဦးတစ်ယောက်ကို စောင့်မျှော်နေရင်တဲ့ အချိန်တွေက ပို၍ကြာတတ်တယ်တဲ့။ ဒါတော့ ဟုတ်မှာပါပဲဟု အိုဂျူးစံ တွေးမိလိုက်ပါရဲ့။

လမ်းကတစ်လမ်းမောင်းဆိုတော့ ဒီလမ်းထဲကို ဝင်လာတဲ့ ကားမှန်သမျှ လမ်းရဲ့တစ်ဘက်ကပဲ ဝင်လာရသဖြင့် အဲဒီဘက်ကိုဘဲ သူ့ရဲ့ကားလေးအလာကို စောင့်မျှော်လို့ ကြည့်နေမိတယ်။

ကုမ္ပဏီရုံးခန်းရှေ့ ပလက်ဖောင်းပေါ်မှာ မတ်တပ်ရပ်စောင့်နေခဲ့တာဖြင့် အချိန်အတော်ကို ကြာနေခဲ့ပါပြီ။ မျှော်နေပါတယ်ဆိုမှ သူ့ရဲ့ကားရော သူ့ကားနဲ့တူတဲ့ကားတွေရော ဒီလမ်းထဲကို ချိုးကွေ့ဝင်မလာကြသေးပါဘူး။





"ဟူး. . ."

အိုဂျူးစံ သက်ပြင်းမောကို မှုတ်ထုတ် လိုက်ပါတယ်။ ပြီးတော့ လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။ မနက် (၈)နာရီ (၃၀) မိနစ်ကို နည်းနည်းစွန်းနေ၏။ အိုးဂျူးစံ၏ မျက်နှာလေး ငြိုးငယ်ငယ်လေးဖြစ်နေသည်။

ကုမ္ပဏီရုံးခန်းတွင်းရှိ ဝန်ထမ်းတွေက သူမကို လှမ်း,လှမ်း ကြည့်နေကြသည်မှာလည်း အကြိမ်တစ်ရာမကတော့ပါ။ သည်ဂျပန်မ တစ်ယောက် အဖြစ်သည်းလိုက်တာဟု အတင်းပြောနေကြမည် ကျိတ်၍ လှောင်နေကြမည်လား။

ဒါတွေကို သူမဂရုမစိုက်အား ပြောချင်ပြော ဆိုချင်ဆို မေးငေါ့ချင်ငေါ့ကြပေါ့။ ဟော. . .လာပြီထင်ရဲ့ TEXI ကားလေးတစ်စီး လမ်းထဲမောင်းဝင်လာခဲ့တယ်။ သူမသေချာကြည့်လိုက်တော့ ဟုတ်၏။ သူ၏ကားမှန်း ကျိန်းသေဖြစ်နေ၏။

ခုမှပင် အိုဂျူးစံတစ်ယောက် ဟင်းချနိုင်တော့တယ်။ လငပုပ်ဖမ်းထားတဲ့ မျက်နှာကလည်း ကြည်လင်ဝင်းပလို့လာတော့တယ်လေ။

ဖွန့်ဦးမောင် ကားထဲကနေ လှမ်းကြည့်လိုက်တယ်ဆိုရင်ပဲ ကားလမ်းဘေးပလက်ဖောင်းပေါ်မှာ မတ်တပ်လေး စုံရပ်လို့နေသည်။ အိုဂျူးစံကို တွေ့လိုက်ရသဖြင့် သူ့ရင်ထဲ ဆွတ်ပျံ့ကြည်နူးလို့ သွားမိ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ဤသို့ သူ့ကိုစောင့်မျှော်နေလိမ့်မည်ဟု လုံးဝထင်မထားခဲ့ခုတော့မြင့် ကြည်နူးခြင်း၊ ဝမ်းသာခြင်း၊ ပျော်ရွှင်ခြင်းတွေက ရင်နှင့်မဆံ့လောက်အောင် ခံစားလိုက်ရတယ်။ သူပျော်ရွှင်သော အပြုံးလေးနှင့် အိုဂျူးစံ၏ ရှေ့တည့်တည့်တွင် ကားကိုထိုးရပ်လိုက်၏။

"ခွန်နီကျိဝ"

တွေ့တွေ့ခြင်းပင် သူကမင်္ဂလာနေ့ပါဟု ဂျပန်လို နှုတ်ဆက်လိုက်သည့်အခါ... အိုဂျူးစံ ရင်ထဲကျေနပ်ကာ ကြည်နူးမိလို့ သွားရပြန်တယ်။ ဒါနဲ့ အိုဂျူးစံလည်း ခါးလေး ညွတ်လိုက်ပြီးတော့ ..

"အိုဟားယိုးဂိုဇိုင်းမတ်စု... ဗိုင်"

ဟု ဂျပန်လိုပင် မင်္ဂလာနံနက်ခင်းပါဟု ပြန်လည်နှုတ်ဆက်ရှာသည်။

"မလာတော့ဘူးလို့ ထင်နေတာ"

ကားတံခါးဖွင့် ဆင်းလာသည့် သူ့ကိုအပြုံးချိုချိုလေးနှင့် အိုဂျူးစံက ပြောလိုက်ရာမှ...

"အိုး... ပြောထားပြီးသားလေ... မလာလို့ ဘယ်ရမလဲ ကတိဆိုတာ မဖျက်ကောင်းဘူးမို့လား"

အိုဂျူးစံက သူ့ကိုနှစ်လိုဖွယ်ရာ အပြုံးလေးကိုဆောင်ရင်း





ခေါင်းညိတ်ပြကာ...

"ဒိုးမိုအာရိဂတ်တော၊ ဂိုစိုင်းမတ်စ် VERY THANK YOU"

အထူးကျေးဇူးတင်သည့်အကြောင်းကို ဂျပန်လိုရော၊ အင်္ဂလိပ်လိုရော ပြောလိုက်ပါတယ်။ သူအသိအမှတ်ပြု့အပြုံးကလေးကို ပြုံးလိုက်ရသည်။

"မစွတာပိုင်"

အိုဂျူးစံ ဘာပြောမည်လဲဟု နားထောင်ရင်း ကြည့်လိုက်သည်။

"ချိချိနဲ့တွေ့ရအောင် Office Room ထဲလိုက်ခဲ့ပါနော့"

နောက်ဆုံးစကားသံရဲ့ အသံထွက်လေးက နွဲ့နွဲ့နှောင်းနှောင်းလေး ဖြစ်နေတာကိုတော့ သူသတိထားမိလိုက်ပါတယ်။

"ဟိုက်... ဂျူးစံ"

သူကလည်းပဲ အိုတစ်လုံးကိုဖြုတ်ပြီး ဂျူးစံဆိုတာကိုပဲ ပြောလိုက်တယ်။ ခင်မင်ရင်းနှီးသည့် သဘောဖြင့် ပြောခြင်းဆိုတာ သူ့ကိုယ်သူ သိပေမဲ့ ပြောလိုက်ပြီးတဲ့ အချိန်မှာတော့ ကိုယ့်ကိုဘယ်လို ထင်သွားမလဲဆိုသည့် အသိကဒက်ကနဲ ခေါင်းထဲရောက်လာခဲ့သည်။

သို့ပေမဲ့လို့ အိုဂျူးစံက ဘာမှမဖြစ်သလို ပုံစံနှံပြနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သတိမထားလိုက်မှုဟု သူကတွေးထင်ယူဆလိုက်ရတယ်။ လှေကား ထစ်တွေအတိုင်း တက်လို့သွားပြီး ကုမ္ပဏီထဲသို့ ဝင်ရောက်သွားသည် နှင့် ဝန်ထမ်းအားလုံး၏ ခိုး၍ကြည့်ကြသည့် မျက်လုံးပေါင်းများစွာကို လှစ်ချွဲပြုကာ သီးသန့် Room ထဲသို့ပ ဝင်ရောက်သွားလိုက်ကြ သည်။

"အိုး...မစ္စတာပိုင်"

အိုဂျူးစံ၏ ဖခင်ဖြစ်သူ နာကာတာစံက မျက်မှန်ထဲမှ မျက်ဝန်းကိုပင့်လှန်ကာ ကြည့်လိုက်ရင်းက ထိုင်နေရာကထလိုက်ကာ နှုတ်ဆက်လိုက်တယ်။

သူကလည်း စားပွဲရှေ့အရောက်သွားပြီး ဦးညွှတ်လိုက် သည်။ ပြန်အမော့မှာ နာကာတာစံက သူ့လက်ကို ကမ်းပေးလိုက်ပါ တယ်။ သူကလည်း အလိုက်သင့်ပင် လက်ဆွဲနှုတ်ဆက်လိုက်၏။

"ထိုင်ပါ...မစ္စတာပိုင်"

လက်ဆွဲနှုတ်ဆက်အပြီး ဆက်တီထိုင်ခုံများကို ညွှန်လိုက် သဖြင့် သူကနီးစပ်ရာ တစ်ယောက်ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်ပါ တယ်။

နာကာတာစံကလည်း သူ့ရဲ့စားပွဲခုံမှထလာပြီး သူနဲ့မျက်နှာ ချင်းဆိုင် ဆက်တီတစ်လုံးတွင် ဝင်ထိုင်လိုက်ရင်းက...





"မစ္စတာပိုင်ကို မနက်မိုးလင်းကတည်းက မျှော်နေတာ"

"အို...ချိုချိုကလည်း မိုးလင်းကတည်းက မဟုတ်ပါဘူး နော်...ခုနကမှပါ...သွားစရာတွေက အများကြီးမို့လို့လေ"

အိုဂျူးစံရှက်သွားသည်ထင် အဖြူရောင်စွပ်စွပ် မျက်နှာလေး က ပန်းနုဆီရောင် မရင့်တရင့်သို့ ချက်ခြင်းကူးပြောင်းလို့သွားတယ်။ အိုဂျူးစံ၏ အပြုအမူ ဟန်ပန်လေးကြောင့် သူ့အဖေ နာတာကာစံ က အသံထွက်အောင်ကို ရယ်မောလိုက်ပါသည်။

သူကတော့ အိုဂျူးစံလေး၏ ရှက်သွေးဖြာသွားသည့်ဟန် မလုံမလဲနှင့် ပြောလိုက်သည့် ရက်စရာအသွင်ကို ဖုံးကွယ်သည့် စကား လုံးများနှင့် သူ့ကိုရက်ပြုံးလေးဖြင့် လှမ်းကြည့်လိုက်သည့် အကြည့် တစ်ခု။ ဝသည့်တို့က ဖျတ်ကနဲ ဓာတ်ပုံရိုက်ထားသလို သူ့နှလုံးသား ထဲမယ် စွဲငြိလို့သွားစေတော့၏။ ဒါပေမဲ့ ...

ဒါတွေကို...သူ... မမြင်ချင်ယောင်...
မသိချင်ယောင်...
မကြားချင်ယောင်...ဆောင်နေလိုက် တယ်လေ။

အဲလိုမှမဟုတ်ရင် အိုဂျူးစံတစ်ယောက် ပိုပြီးရှက်သွားမှာ ပေါ့။ ဟုတ်တယ်မှုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...မစ္စတာ ဖွန်"

သူ့ကိုခေါ်ပြီး စကားကိုရပ်လိုက်သည့် နာကာတာစံကို လှည့်ကြည့်လိုက်တယ်။

"သမီးဂျူးစံကိုတော့ မစ္စတာဖွန် လက်ထဲကို အပ်လိုက်ပြီနော်"

အမလေး...ဘုရား...ဘုရား...ဖွန်ဦးမောင်တစ်ယောက် ကြက်သီးမွှေးညှင်းတွေတောင် ထလို့သွား၏ဟု သူပေါက်တတ်ကရ တွေးလိုက်မိသည်ပေါ့လေ။

"သမီး သွားချင်တဲ့နေရာတွေကို လိုက်ပို့ပေးပါ မစ္စတာဖွန်"

ဟိုက်...ဟုပြောပြီး သူ...အိုဂျူးစံဆီသို့ မျက်ဝန်းအကြည့်ကို ပို့လိုက်၏။ အိုဂျူးစံကတော့ ပြုံးရွှင်စွာပဲ သူ့ကိုကြည့်လို့နေတာပေါ့။ အော်...အမြဲတမ်း အဲဒီအပြုံးလေးနဲ့ပဲ ကြည့်နေတော့မှလား အိုဂျူးစံရယ်။

"ဂျူးစံ ကျေနပ်လောက်သည်အထိ ကျွန်တော်အစွမ်းကုန် ဆောင်ရွက်ပေးပါ့မယ် ခင်ဗျား"

"သမီးရဲ့ နွဲ့ဆိုးဆိုးတဲ့ဒဏ်ကိုတော့ မစ္စတာဖွန် သည်းညည်းခံရလိမ့်မယ်လို့တော့ ထင်ပါတယ်"

"ဟာ...ချိုချိုကလည်း"





အိုဂျူးစံက သူမအဖေကို ရှက်ရယ်ရယ်ရင်း မျက်စောင်းထိုးလိုက်ပါတယ်။ မိန်းမများ မျက်စောင်းထိုး အလွန်ဝါသနာပါကြသည်ထင်။ စိတ်ဆိုးရင်လည်း သည်မျက်စောင်း...ရှက်ရင်လည်း သည်မျက်စောင်း...ကျေနပ်နှစ်သိမ့် ပျော်ရွှင်မိရင်လည်း သည်မျက်စောင်း...ဒါပေမဲ့ အဲလို မျက်စောင်းထိုးလိုက်ရင် ရုပ်ဆိုးတဲ့မိန်းမတွေလည်း အတော်ကို လှသွားကြတာချည်းပဲဟု ဖွန်ဦးမောင် တွေးလိုက်မိပါတော့တယ်လေ။

"ကိုယ် ဘယ်ကိုအရင်မောင်းပို့ရမလဲ...အိုဂျူးစံ"

ကားကိုဂရုစိုက် မောင်းနေရာမှ သူလှည့်၍ မေးလိုက်တယ်။ ကားပြတင်းပေါက်မှ ခပ်သော့သော့ တိုက်ခတ်လာသည့် လေကြမ်းတို့က သူမ၏ ဆံနွယ်စတို့ကို ဖရိုဖရဲ ဖြစ်စေ ယယ်ဖယ်ထုတ်နေရသည်။

သို့ပေမဲ့ သူမ၏ စိတ်အာရုံအတွေးတို့က ရန်ကုန်မြို့ရဲ့ အလှအပတရားတွေ၊ လူနေမှုစရိုက်တွေကို ငေးမောတွေးတော ကြည့်လို့နေသည့်အတွက် ဖွန်ဦးမောင်၏ အမေးစကားကို မကြားခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဂျူးစံ"

"အင်"

ဒီတစ်ခါတော့ အိုဂျူးစံ သူ့ဘက်ကို လှည့်ကြည့်လာသည်။ မျက်နှာမှာ ဆံနွယ်ဆံစတွေက တစ်ပင်စမှ စုထွေးစွာ ကပ်ညှိနေတာ ကို လက်ဖြင့် ဖယ်ရှားလို့နေ၏။

"ကိုယ်...ဂျူးစံကို မေးနေတာ ဘယ်ကိုမောင်းပို့ရမလဲလို့"

"အင်း...အလုပ်ကိစ္စတွေကို နောက်နေ့ကျမှ လုပ်ချင် တယ်...ခုလောလောဆယ်မှာတော့ ဘယ်ကိုသွားရမှန်း မသိဘူး"

"ဒါဆို...ကိုယ် ဘယ်ကိုမောင်းရမှန်း မသိတော့ဘူး"

တကယ်လည်း သူဘယ်ကိုလိုက်ပို့ ရမှန်းမသိဖြစ်လို့နေ မိန်းကလေးတစ်ယောက်အနေဖြင့် ဘယ်နေရာတွေကို ပို့သင့်သလဲလို့ လည်း တွေးနေပြန်သည်။

"ဒီလိုလုပ်လေ"

"ဂျူးစံ ပေ့ါ အိုဂျူးစံက မေးဖျားလေးကို လက်ညှိုးလေးဖြင့် ထောက်ပေးပြီး မျက်နှာပြုလိုက်တယ်။ သူကတော့ အိုဂျူးစံ၏ ပြော ထွက်လာမည့်စကားကို နားစွင့်လို့နေတယ်ပေါ့။

"ဟုတ်ပြီ...ရှုခင်းလှလှလေးတွေ ရှိတဲ့နေရာကို အရင် မောင်းပေါ့"





ကြည်လဲ့ရွှန်းမြသောအကြည့်ဖြင့် သူ့ကိုအိုဂျူးစံကကြည့်ရင်း ပြောလိုက်သည်။ ဖွန်ဦးမောင်...အိုဂျူးစံရဲ့ စကားကြောင့် ရုတ်တရက် ပြုံးလိုက်ပါတယ်။ ထိုအပြုံးက အချိန်ဆွဲဆန့်ကာ ပြုံးနေသဖြင့် အိုဂျူးစံက အကင်းပါးစွာနှင့် ...

"သူ...ဘာပြုံးတာလဲ"

နာမ်စား...သူလို့ အိုဂျူးစံက သုံးလိုက်ရာ သူ့ရင်ထဲမှာ ရှာကနဲခံစားလိုက်ရသည်။ ကျေနပ်သောပီတိလေးက ရင်ထဲကို လိုလိုဝင်ရောက်လို့လာခဲ့၏။

"ဩော်...ကိုယ် ဘယ်ကိုမောင်းပို့ရမလဲဆိုတာ စဉ်းစားလို့ သေးခင်မှာ အိုဂျူးစံက သွားရမယ့်နေရာကို လျှပ်တစ်ပျက်ပြော လိုက်လို့ပါ ဂျူးစံရယ်"

"အို...ပြုံးတာနဲ့ အဲဒါဘာဆိုင်လို့တုံး"

မျက်လုံးလေးက ပြူးဝိုင်းလို့ ပါးစပ်လေး ခပ်ဟဟနှင့် သူ ပြောလိုက်သည့် စကားအဓိပ္ပါယ်ကို နားမလည်ဟန်နှင့် ပြန်မေးလိုက် ပုံက တကယ့်ချစ်စရာ ဟန်ပန်လေးပါ။

"ဆိုင်လား...မဆိုင်လားတော့မသိဘူး...ကိုယ်မြင်တဲ့ ညီနွယ်ချက်က မိန်းကလေးတွေဟာ အရေးပေါ် ဖြတ်ထိုးဉာဏ် ကျားလေးတွေနဲ့ကို မတူဘူး အရမ်းထက်မြက်တာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဂျူးစံ''

အိုဂျူးစံ သူ့စကားကြောင့်ထင် သူ့ကိုငေးမောကြည့်ရင်း စဉ်းစားဟန်ပြုလိုက်တယ်။ သူ...ဖွန်ဦးမောင်ကတော့ ကားလေးကို ဖြေးဖြေးမှန်မှန်နှင့် မောင်းလို့နေလိုက်ရာမှ ပန်းဆိုးတန်းမီးပွိုင့်မိနေ သဖြင့် ကားကိုညင်သာစွာ ရပ်လိုက်၏။ ပြီးမှ အိုဂျူးစံဘက်ကို လှည့် ကာ ကြည့်လိုက်တယ်။

"ဘယ်လိုလဲ...ကိုယ်ပြောတာကို မယုံလို့လား"

"မယုံတာထက် ဟုတ်ကောဟုတ်ရဲ့လို့လား ဖွန်ရဲ့"

"ဟုတ်တယ် အိုဂျူးစံရဲ့"

အိုဂျူးစံရဲ့ မျက်လုံးလေး ဝင်းလက်တောက်ပလို့လာတယ် အကြည့်တို့ကလည်း သူ့ဆီက မဖယ်ခွာတော့။

"ပြောပါဦး...ဘယ်လိုဟုတ်တာလဲဆိုတာ...နားထောင် မယ်လေ"

"ဒီလို...အိုဂျူးစံ"

ဒီအချိန်မှာ မီးကစိမ်းသွားသဖြင့် သူကဂီယာထိုးပြီး မောင်း လိုက်တယ်။ ရန်ကုန်ဘူတာကြီး ကုန်းကျော်တံတားတည့်တည့်ပေါ်သို့ မောင်းလိုက်တော့ အိုဂျူးစံ ဘေးဘီဝဲယာကို ကြည့်လို့နေသည် သူခေတ္တခဏ စကားကိုရပ်ထားလိုက်၏။





မြင်ပက သက်ရှိသက်မဲ့ အလှတရားတွေကို ကြည့်ရှုခံစား လို့ဝတော့မှ အိုဂျူးစံက သူ့ဘက်လှည့်လာခဲ့တယ်။

"အင်း...ဆက်ပြောလေ"

"ဟိုက်စကူးတုံးကပေါ့ ... ကိုယ်တို့ကို မြန်မာစာသင်နေတုံး ဆရာက မိန်းကလေးနဲ့ ယောကျ်ားလေး ဉာဏ်ရည်ကွာခြားမှု အကြောင်းကို ပြောပြတယ်"

"ဟုတ်လား"

အိုဂျူးစံက သူ့စကားကို စိတ်ဝင်စားလို့သွားသည်။

"ကိုယ် ခုထိမှတ်မိတုံးပဲ...အဲဒီမှာ ဆရာကပုံလေးတစ်ခုနဲ့ နှိုင်းနှိုင်းပြီး ပြောတာပေါ့"

ပုံလေးနှင့်ဆိုတော့ အိုဂျူးစံ ပို၍သီချင် နားထောင်ချင်လာခဲ့ သည်လေ။ သူ့ဘက်ကို ခေါင်းလှည့်ကာ ကြည့်ရုံတွင်မက ခန္ဓာကိုယ် ကိုပါလှည့်၍ ထိုင်လိုက်ပြီး စူးရှထက်မြက်လွန်းတဲ့ မျက်လုံးတွေနဲ့ ကြည့်နေလိုက်တယ်။

"သေချာနားထောင်နော် ဂျူးစံ"

"အင်း"

ဟု အိုဂျူးစံ ခေါင်းညိတ်ပြလိုက်၏။

"လင်မယားနှစ်ယောက် ရှိတယ်တဲ့။ တစ်နေ့မှာတော့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ဟာကြက်သားဟင်း ချက်စားကြတယ်တဲ့။ အဲဒီအခါမှာ လင်မယားကျွံ့ဖြစ်တဲ့သူက ကြက်အသဲအမြစ်လေးကို သူ့မိန်းမ အရင်ယူစားမလားလို့ သိချင်တာနဲ့ ခြင်ထောင်ထဲကိုဝင်ပြီး သူ့မိန်းမရဲ့အရိပ်အခြေကို စောင့်ကြည့်နေတာပေါ့လေ"

"ဟင်...ခြင်ထောင်ထဲက ယောကျ်ားကို မိန်းမလုပ်သူက မမြင်ဘူးလား ဖွန်"

"ဟင့်အင်း...မမြင်နိုင်ဘူး ဂျူးစံ"

"ဘာဖြစ်လို့လဲ"

"ဒီလိုလေ...ခြင်ထောင်က ဇာခြင်ထောင်မဟုတ်ဘူး...ပိတ်ခြင်ထောင်ဖြစ်နေလို့ပေါ့"

"ဪ...အင်း...အင်း"

အိုဂျူးစံရဲ့ ခေါင်းလေး နိမ့်လိုက်မြင့်လိုက် ဖြစ်သွားတယ်။

"အဲ...အဲဒီမှာ မိန်းမဖြစ်သူကလည်း ဘာလုပ်လဲသိလား။ ကြက်အသည်းအမြစ်လေးကို သူ့ယောကျ်ား မသိအောင်လို့ ပုဂံလုံးလေးထဲထည့်ပြီးတော့ ခြင်ထောင်ထဲမှာ သွားစားမယ်ဆိုပြီး"

"ဟင်း...ဟင်း"

သူ့စကားကမဆုံးသေး...အိုဂျူးစံ၏မျက်နှာက ပြုံးလို့လာရင်းကနေ အသံထွက်လို့ ရယ်မောမိတော့တယ်။ ဖွန်ဦးမောင်က





အိုဂျူးစံကို လှည့်ကာပြုံး၍ ကြည့်လိုက်ရင်း...

"ပြောလို့မပြီးသေးဘူး...ဘာလို့ရယ်နေတာလဲ ဂျူးစံ"

"မှတ်ဖူးလေ သူတို့နှစ်ယောက်တွေ့ရင် ဘာဖြစ်ကြမလဲလို့ တွေးလိုက်မိလို့ပါ"

"ဘာဖြစ်မလဲဆိုတော့ မိန်းမလုပ်သူက ဟင်းပုဂံလုံးလေး ကိုင်ပြီး ခြင်ထောင်စကိုမလို့ ဝင်တော့ သူ့ယောကျ်ားကို တွေ့လိုက်ရတာပေါ့"

အဲဒီမှာ အိုဂျူးစံက ဖွန်ဦးမောင်အား မျက်တောင်မခတ်မိလောက်အောင်ကို ကြည့်နေမိသည်။ သူပြောလာမည့် စကား၏နောက်ဆက်တွဲကို တအားသိချင်နေရှာ၏။

"အင်း...တွေ့တော့"

"တွေ့တော့ ယောကျ်ားလုပ်သူက...ဟင်...ကောင်မနင့်ကို အခုလက်ပူးလက်ကြပ်မိပြီး...နင်...ငါမသိအောင်လို့ ခြင်ထောင်ထဲဝင်ပြီး ခိုးစားတော့မလို့မှလား...ဘယ်ရမလဲ...နင့်အကျင့်ကိုသိလို့ ငါတမင်စောင့်ဖမ်းတာ ခုတော့မိပြီ...နင်ဘာပြောမလဲလို့ ကြိမ်းဝါးပြီး အပြစ်တင်တာပေါ့လေ"

ဖွန်ဦးမောင်က စကားကိုဆက်မပြောဘဲ ပြုံးနေသည်။ သူဟာ အိုဂျူးစံရဲ့ သိချင်တာတွေ၊ စိတ်ဝင်စားခြင်းတွေကို တစ်စစီ



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ကျွေးနေသလိုမျိုးပဲ . . . နည်းနည်းခြင်း ပြောနေခဲ့တယ်။ ကားကိုလည်း အရှိန်လျှော့မောင်းလို့ပေါ့။ နောက်တော့မှ အိုဂျူးစံဘက်ကို ပြုံးလဲ့လဲ့ဖြင့် လှည့်ကြည့်လိုက်ပြီး ခေါ်လိုက်တော့။

"ကဲ . . . ဂျူးစံ"

"ဟင်"

"အဲဒီမှာ မိန်းမလုပ်သူက ယောကျ်ားလုပ်သူကို ဘာပြန်ပြောလည်းဆိုတာ ဂျူးစံအနေနဲ့ အဲဒီမိန်းမနေရာဝင်ပြီး ပြောကြည့်ပါလား"

သူ့စကားကြောင့် အိုဂျူးစံမျက်နှာလေးက ပြုံးယောင်ယောင်လေးကို ဖြစ်လို့သွားတယ်။ နောက်ပြီးတော့လည်း ခေါင်းလေးငုံ့ပြီး စဉ်းစားနေလိုက်တယ်။ ခဏနေမှ အိုဂျူးစံက ပြုံးရယ်လိုက်ရင်း ခေါင်းကိုခါယမ်းလိုက်ကာ . . .

"ဟင့်အင်း . . . ပြောတတ်ဖူး။ ပြောပါဦး . . . မိန်းမလုပ်သူက ဘယ်လိုပြောလဲလို့"

"ဩော် . . . ရှင် ခြင်ထောင်ထဲ ဝင်ထိုင်နေတာကိုသိလို့ ရှင့်အတွက် အသည်းအမြစ်လေး စားစေချင်လို့ ယူလာပေးတာကို ရှင်က လှကိုရန်လုပ်ချင်တာပေါ့လေ . . . ဟုတ်လားဆိုပြီးပြောတော့ ယောကျ်ားလုပ်သူခင်ဗျာမှာ ဘာပြန်ပြောရမှန်းကိုမသိဘူး ဖြစ်သွားတာပေါ့ ဂျူးစံ





ရယ်"

"အဟင်း . . . ဟင်း . . . ဟင်း"

အိုဂျူးစံ သဘောကျစွာနဲ့ အသံထွက်ကာ ရယ်မောပစ်လိုက်တယ်။ ဟက်ဟက်ပက်ပက်ကို တစ်အားရယ်မောလိုက်တာပါ။ မျက်ရည်လေးများတောင် သီးချင်ချင်ဖြစ်လို့လာသည်အထိပါပဲလေ။

"အဲဒီမိန်းမအပြောလေးက တစ်ကယ့်ကို ပညာသားပါတယ်နော် . . . ဗွန်"

ဗွန်ဦးမောင် ပြုံးရယ်ရင်း ခေါင်းညိတ်ပြလိုက်ပါတယ်။

"ဟုတ်တယ် . . . ဂျူးစံ . . . မိန်းမလုပ်သူရဲ့ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်က အင်မတန်ပညာသားပါလေတော့ . . . မှားမှန်းသိနေတာကို အပြစ်လုပ်ယူလို့ မရဘူး ဖြစ်သွားတာပေါ့။ အဲဒီလို မိန်းမတွေရဲ့ ဖြတ်ထိုးဉာဏ်ဟာ အကျပ်အတည်းဖြစ်နေတဲ့အချိန်မှာ ဖြေရှင်းတတ်တာကိုက ချီးကျူးစရာတစ်ခုဘဲ . . . တစ်ခြားသာဓကတွေလည်း အများကြီးပါပဲလေ"

"ဂျူးစံက အဲဒီလို မိန်းမတွေလောက် ဖြတ်ထိုးဉာဏ် မကောင်းပါဘူးနော်"

အိုဂျူးစံ မျက်စလေးချိ မဲ့တရိုဟန်လေးနှင့် ပြုံးစစမျက်နှာပေးလေးကို မှုန်ခွဲနွဲ့စကားသံလေးဖြင့် သူ့ကိုပြောလိုက်ပါသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



တော့ဖြင့် ကားမောင်းနေရင်းမှ ကျေနပ်စွာ ပြုံးလိုက်မိပါတယ်။

"ကောင်းပါတယ်...ဂျူးစံရဲ့ ဖြတ်ထိုးဉာဏ်ကလည်း ပုံထဲ ကမိန်းမလိုပါပဲ"

"ဟုတ်လို့လားလို့"

ဟုတ်လို့လားလို့ ဆိုလိုက်သည့် အိုဂျူးစံ၏ မျက်ဝန်းနက် နက်လေးတွေက ထောင့်ကပ်ကာ သူ့ကိုကြည့်လိုက်သည့်အကြည့် များ...

ဖြတ်ထိုးဉာဏ်ကောင်းခြင်းကို ချီးကျူးရာ၌ ငြင်းသလိုလိုနှင့် ကျေနပ်လက်ခံလိုက်သည်ကိုတော့ ဖွန်ဦးမောင် ကောင်းစွာ နားလည် သဘောပေါက်ခဲ့ရသည်။

"ကိုယ်...ဘယ်ကိုမောင်းသွားရမှန်း မသိတဲ့အခြေအနေမှာ အိုဂျူးစံရဲ့ လျှပ်တစ်ပြက်တွေးပြီး ပြောလိုက်တဲ့ ရှုခင်းလှလှလေးတွေ ရှိတဲ့နေရာ အရင်မောင်းပါဆိုတဲ့ စကားကြောင့် ကိုယ် ဘယ်ကို မောင်းပို့ရမလဲဆိုတာ သိလိုက်တယ်လေ...ဒါဟာ အိုဂျူးစံရဲ့ လျှပ် တစ်ပြက် ဖြတ်ထိုးဉာဏ်လေးပဲပေါ့ ဟုတ်ဖူးလား"

သည်အခါမှာတော့ အိုဂျူးစံ ကျေနပ်စွာ ရယ်မောမိလိုက် ပါတော့တယ်။

"ဟယ်...ကြည့်စမ်း...သိပ်လှတာပဲ... Very Beautiful"





ဖွန်ဦးမောင် ကားလေးကို လမ်းချိုးလေးမှတဆင့် ကား [...]င်းမပေါ်သို့ ကွေ့တက်လိုက်တယ်ဆိုရင်ပဲ ကန်တော်ကြီးရေပြင်နှင့် [...]ုန်းပေါ်ရှိ မြက်ခင်းနှင့် သစ်ပင်ကြီးတို့ရဲ့အလှ...ထို့အပြင် ကရဝိတ် [...]ောင်တော်နှင့် ဥယျာဉ်တော် စသည်များကို မြင်လိုက်ရတော့ အိုဂျူးစံ [...]ဝမ်းသာအားရဖြစ်ပြီး ပြုံးပျော်လို့သွားတော့၏။

"ကိုယ်...ဂျူးစံကို ကန်တော်ကြီးဥယျာဉ်တော်ကို ပို့ပေး [...]လို့လေ"

"Thank You ဖွန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

ရွှေညည့်သည် Tea House သို့ရောက်တော့ ည(၇)နာရီ ထိုးလုလုအချိန်က နည်းနည်းနောက်ကျသွားပေမဲ့ ထိုင်နေကျ စားပွဲ ဝိုင်းသို့ လှမ်းကြည့်လိုက်တော့ ထူးကျော်ကို တွေ့လိုက်ရသည်။

ထူးကျော်ကလည်း အဝေးကလာနေသည့် သူ့ကိုလှမ်းမြင် လိုက်ရလို့ လက်ကိုလှမ်းမြှောက်ပြလိုက်တယ်။ သူကလည်း ပြန်ပြ လိုက်၏။

"ဘယ်လိုလည်း နောက်ကျလှချည်လား"

စားပွဲဝိုင်းသို့ရောက်တော့ ခုံတစ်လုံးကို ဆွဲယူထိုင်လိုက်တယ်။

"အိမ်ကို နောက်ကျမှ ပြန်ရောက်လို့ကွ"

ထူးကျော်ကို ပြန်ဖြေအပြီး စားပွဲထိုးလေးကို...





"ဟော့ ... ငါ့အတွက် Lemon Tea တစ်ခွက်ပေးကွာ"

စားပွဲထိုးလေးက ဖျော်ခန်းဘက်သို့ လှမ်းအော်၍ မှာလိုက် တယ်။

"ထူးကျော်...မင်း အဆင်ပြေရဲ့လား"

သူက ပုဂံလုံးလေးထဲသို့ ရေနွေးခရားမှ ရေနွေးများကို ငှဲ့ထည့်လိုက်ရင်း မေးလိုက်သည်။

"အင်း"

"မင်း...အင်းကလည်း အသက်မပါလိုက်တာ...ဘာလဲ နှောင်းက မင်းကိုဂျီဂျောင်နဲ့ လုပ်လို့လား"

ရေနွေးကြမ်း ပူပူလေးကို မှုတ်သောက်လိုက်ရင်းက ထူးကျော်ကို မျက်လုံးလှန်ကာကြည့်ရင်း ပြောလိုက်သည်။

"ဂျီဂျောင်တော့ မကျပါဘူးကွာ...မင်းကို စိတ်မချတဲ့ အကြောင်းတွေကိုပဲ ပြောနေတာ"

"ဟုတ်လား"

ဆိုပြီး ဇွန်ဦးမောင်က စားပွဲထိုးလေး လာချပေးတဲ့ Lemon Tea ကိုခွက်ထဲက ဇွန်းနှင့်မွှေလိုက်၏။

"ဘယ်လိုစိတ်မချတာလဲ...ပြောစမ်းပါဦး"

ဇွန်ဦးမောင်က ထူးကျော်ကို မကြည့်ဘဲ မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟူးကနဲ သက်ပြင်းရှည်ရှည် တစ်ချက်ကို ထူးကျော်မှုတ်ထုတ်လိုက်တော့။

"ဟော့ကောင် သက်ပြင်းတွေချည်း မှုတ်ထုတ်မနေနဲ့ အသက် တိုလိမ့်မယ်"

"ဘယ်သူက ပြောလို့လဲ"

"လူကြီးတွေပြောတာပဲလေ"

ထူးကျော် မျက်နှာကြီးမဲ့လို့သွားတယ်။ သူက မပြုံးချင်ယောင်ဆောင်နေလိုက်တယ်လေ။

"ဖွန်"

"ဘာလဲ"

"မင်းကိုစကားပြောစရာရှိတယ်"

Lemon Tea ကို မော့သောက်တော့မည်အလုပ် မသောက်တော့ပဲ ခွက်ကိုကိုင်ထားရင်း...

"ပြောလေ...ဘာပြောမှာလဲ"

"ပြောမှာထက် မေးချင်တာပါ"

"ဟော့ကောင်...ထူးကျော်...ပြောချင်ပြော...မေးချင်မေး ငါ့အိမ်ကိုမရောက်သေးဘူးကွ...ဒီနေ့ ကြာကြာမထိုင်နိုင်ဘူး... ခဏနေ ဒိုးတော့မှာ"





"ဒါဆို မင်းကားရော ဘယ်မှာလဲ"

"အုံနာအိမ်မှာထားခဲ့တယ် . . . ဒီည သူတို့မိသားစုတွေ ...တိဂုံဘုရား သွားကြမလို့တဲ့"

ဖွန်ဦးမောင် Lemon Tea ကို တစ်ကျိုက်မော့လိုက်တယ်။

"မင်း...ရွှင်နှောင်းကို မချစ်ဖူးလား"

အရင်းလည်းမရှိ..အဖျားလည်းမရှိတဲ့စကားကို တိုက်ရိုက် ...ပြောချလာသည့် ထူးကျော်ကို မှင်သက်အံ့သြစွာ ကြည့်လိုက်မိ ...သည်။ လုံးဝတွေးထင်မထားသည့် အမေးစကား။

"ဟော့ကောင်...ထူးကျော်...မင်းဘာမေးလိုက်တာ"

"ဩော်...မင်းစိတ်ထဲမှာ ရွှင်နှောင်းကို ချစ်သူတစ်ယောက် ...ချစ်ကြည့်ဖူးရဲ့လားလို့"

"ဟာ...မင်းမို့လို့ ဒီစကားပြောထွက်တယ်၊ ဒီမှာ... ...ကျော်...ငါနဲ့နှောင်းက ဟိုးငယ်ငယ်လေးကတည်းက အတူနေလာ ...တာကွ၊ မင်းမေးတဲ့အတိုင်း နှောင်းကိုမချစ်ဘူးလားလို့ ဆိုရင်တော့ ...တယ်...အရမ်းချစ်တယ်...ဒါပေမဲ့ ညီမလေးတစ်ယောက်လို ...ယောဇဉ်မျိုးနဲ့ချစ်တာ...ငါ့အချစ်တွေက အဖြူရောင်သန့်သန့် ...ရောင်မပြောင်းဘူး...ထူးကျော်"

သူ မျက်နှာနဲ့နဲခက်ထန် မာကျောလို့သွားပါတယ်။ ဒါ့အပြင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင်လည်း သန်းသွားခဲ့တယ်လေ။

"မင်း...စိတ်ဆိုးရင်လည်း အိုင် ဆောရီးပဲ၊ မင်း
အရောင်မပြောင်းချင်ပေမဲ့ ... ရှင်နှောင်းဘက်ကစပြီး အရောင်
ပြောင်းနေပြီဆိုရင်ကော ဖွန်ဦးမောင်...မင်း...ဘာလုပ်မလဲ"

စူးကနဲ အကြည့်က ထူးကျော်ဆီ တည့်တည့်ပါပဲ။ မဖြစ်နိုင်
ဘူး။ လုံးဝကို မဖြစ်နိုင်ဘူး။ ငါဟာ လုံးဝမဖြစ်ရေးချ မဖြစ်နိုင်တဲ့
ကိစ္စတစ်ခု။ နေလာခဲ့တာ ကြာပြီ။ အစ်ကိုနဲ့ညီမ...ညီမနဲ့အစ်ကို
ဆိုတဲ့ (၅၂၈)မေတ္တာနဲ့ သံယောဇဉ်တွယ်တာလာခဲ့ကြတာ။

ခရာတာတာ ...အတွယ်အတာနဲ့ နှဲ့ဆိုးဆိုးခဲ့တာ
ရှင်နှောင်းရဲ့ ညီအစ်ကိုမောင်နှမဆိုသည့် သံယောဇဉ် ချစ်ခြင်းတင်
ပါ။ ထူးကျော်ပြောသလိုမျိုး မဖြစ်နိုင်ဘူးဟု ယူဆလိုက်သည်။

"မင်းဘာကြောင့် ပြောနိုင်တာလဲ ထူးကျော်"

"ကျွတ်..."

ပါးစပ်က စုပ်သပ်ရင်းနဲ့ သူ့ကိုထူးကျော် ခေါင်းခါရမ်း
လိုက်ပါတယ်။ မပြောချင်သည့် ပုံစံတော့မဟုတ်။

"ငါ...ဒီနေ့ ရှင်နှောင်းကို အကြိုအပို့ စပြီးလုပ်တာနော်"

"အေးလေ...အဲဒါ ဘာဖြစ်လဲ"

"သူ...ငါ့ကိုစကားတွေ အများကြီးပြောတယ်"





ဟုတ်လားဟု သူမပြောတော့။ Lemon Tea ခွက်ကို စားပွဲ
ပေါ်သို့ချလိုက်ရင်း ထူးကျော်ကိုသာ စူးစူးစိုက်စိုက် ကြည့်နေလိုက်မိ
သည်။

"မင်းအကြောင်းတွေချည်းပဲ မင်းစာမေးပွဲအောင်ပြီး ကျောင်း
ဆက်မတက်ပဲ မိသားစုအတွက် အနစ်နာခံပုံတွေ၊ မင်းအပေါ်ကို
သူ နှဲ့ဆိုးဆိုးခဲ့တာတွေကိုပြောပြီး...ခုလိုမြူနီးဒိုင်းကြီး မိန်းမတစ်
ယောက်ကို နီးနီးကပ်ကပ်နဲ့ အတူသွားအတူလာလုပ်နေတာတွေ
မလိုလားတဲ့အကြောင်း အဲဒါကို အဓိကထားပြီးပြောတာ"

"အဲဒါနဲ့တင်ပဲ မင်းပြောတဲ့အတိုင်း ဖြစ်ရောတဲ့လားကွာ"

"ငါ...အကဲခတ်တတ်ပါတယ်ကွာ...ရိုးရိုးသားသား
စိုးရိမ်စိတ်နဲ့ ပြောတာမှတ်ဖူးဆိုတာ ငါသိတယ်...မင်း...ဂျူပန်
မလေးနဲ့ ငြိသွားမှာ သူအကြောက်ဆုံးပဲ ဖွန်ဦးမောင်"

ဖွန်ဦးမောင်- ငြိမ်ကျလို့သွားတယ်။ သူ့နှလုံးသားလေးလဲ
ဆတ်ကနဲ တုန်ခါလို့သွားသည်။ ရှင်နှောင်းဆိုတဲ့ မိန်းကလေးကြောင့်
လား၊ ဂျူပန်မလေး အိုဂျူးစံကြောင့်လား...သူဝေခွဲလို့မရ ဖြစ်သွား
တယ်။

"ဖွန်..."

ထူးကျော် လေသံဖျော့ဖျော့နှင့် ခေါ်လိုက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူမထူးခဲ့။

"မင်း...ဘာတွေတွေးနေတာလဲ ဖွန်"

ထပ်၍ပြောလာသည့် စကားကိုလည်း သူပြန်မဖြေမိ။ သူ့နှလုံးသား၏ စေစားရာက ဘယ်သူ့ဆီလည်းဆိုတာ သေချာဝေဖန်စဥ်းစားရတော့မည်။ ဟင်းကနဲပဲ သူ သက်ပြင်းရှည်ရှည်တစ်ချက်ကို ချလိုက်ရ၏။

"ထူးကျော်ရာ မင်းပြောတော့မှပဲ အိမ်မှာအနေခက်တော့မယ်...နှောင်းဘက်က အဲလိုပြောင်းလဲလာပြီးဆိုရင်တောင် ငါ့အနေနဲ့ မဖြစ်သင့်မဖြစ်ထိုက်တဲ့အတွက် ဆင်ဆင်ခြင်ခြင်နဲ့ သတိထားပြီး နေရတော့မယ်"

ထူးကျော်ခေါင်းလေး တညိတ်ညိတ်နဲ့ လုပ်ကာနေရင်းက

"အင်း...ဇာတ်ရှိန်လေးက တဖြေးဖြေးနဲ့ မြင့်လာပြီ...ရှုပ်လဲရှုပ်လာပြီ...ဒါရိုက်တာမပါတဲ့ ဒီဇာတ်လမ်းမှာ ဇာတ်သိမ်းခန်းကို မင်းဘယ်လိုသိမ်းမလဲဆိုတာတော့ ငါသိချင်တယ် ဖွန်"

"မင်းသိချင်တယ် ဟုတ်လား"

"ဟင်း...ဟင်း...ဟင်း"

သူ ခပ်ဖွဖွလေး ရယ်မောလိုက်ပါတယ်...ပြီးတော့မှ...

"ဇာတ်သိမ်းခန်းက ရှင်းပါတယ်...နှောင်းနဲ့ငါ တစ်ယောက်





ယောက်တော့ ကြေကွဲရတော့မှာပါ"

"ဟာ...မင်းကလဲ မဟုတ်တာ"

"ကဲ...ထူးကျော် ပြန်မယ်ကွာ"

ထူးကျော် ဆိုင်ထဲကနာရီကို လှမ်းကြည့်လိုက်သည်။ ည(၉) နာရီနဲ့ (၃၀) မိနစ်ကျော်ကျော်ရှိလို့သွားပြီ။

ဖဟာကြည့်ဦး...ဒီညလဲ မီးကမလာ မှောင်နဲ့မဲမဲ။ တော်သေးသည် ကိုယ်သွားနေကျလမ်းမို့ ဘာမှမဖြစ်။ မီးမှောင်နေသဖြင့် လမ်းသွားလမ်းလာတွေ အတော်ကင်းရှင်းသည်။

တစ်ယောက်ထဲ လမ်းမပေါ်လျှောက်လှမ်းလို့လာပေမဲ့ ရင်ထဲမှာ တင်းကျပ်သည့် ဝေဒနာတွေက ပြည့်နှက်လို့လာ၏။ နားထဲတွင်လည်း ထူးကျော်၏ ပြောစကားတွေကိုသာ ကြားနေရသည်။

မထင်မှတ်သည့် စကားတို့ကို ကြားလိုက်ရသဖြင့် မထင်ထားသည့် အတွေးတို့ကို ဆန့်ထုတ်လိုက်ရပြန်တယ်။

ဖြစ်နိုင်ပါ့မလား...

ဟုတ်နိုင်ပါ့မလား...



www.burmeseclassic.com

www.burmeseclassic.com



ရှင်နှောင်းဘက်က မရိုးသားတော့ဘူးဆိုတာ...

ဩော်...ထူးကျော်ပြောတာကို ဘယ်လိုအတိုင်းအတာနဲ့ ယုံရပါ့မလဲ။ နှောင်းလေးရယ် ဖြူစင်နေတဲ့ နှလုံးသားလေးကို ဘာဖြစ်လို့အရောင်ဆိုးချင်နေရတာလဲကွယ်။ လမ်းအတိုင်း လျှောက်လာရင်းမှ အိမ်ရှေ့တည့်တည့်သို့ ရောက်လာခဲ့သည်။ သူလှမ်းကြည့်လိုက်တော့ အိမ်ထဲက မှောင်လို့နေ၏။

"အိပ်ကုန်ကြပြီလား"

သူခြံထဲဝင်လာရင်းနှင့် တစ်ယောက်ထဲ ပြောလိုက်မိသည်။ အိမ်အပေါက်ဝရှေ့ တည့်တည့်ရောက်တော့ အိမ်ပေါ်သို့ လှမ်းကြည့်လိုက်ရာ...

"ဟင်...နှောင်း"

အိမ်ရှေ့လှေကား အတက်အဆင်း၏ အိမ်အဝင်ပေါက်မှာ ရှင်နှောင်းတစ်ယောက် တံခါးဘောင်ကိုမှီရင်း ထိုင်စောင့်လို့နေသည်ကို တွေ့လိုက်ရတော့သည်။

မှောင်နဲ့မဲမဲဆိုသည့်အတိုင်း မဲမှောင်နေပေမဲ့ လမင်း၏ အလင်းရောင်ဖျော့ဖျော့လေးတို့က ရှင်နှောင်း၏ မျက်နှာပေါ်နှင့် ကိုယ်လုံးလေးပေါ်သို့ ဖြာဆင်းကျလို့နေပေတော့၏။

ဖွန်ဦးမောင် လှေကားထစ်လေးပေါ်သို့ အသာအယာပဲ





တ်လှမ်းလိုက်၏။

"နှောင်းရယ်"

ရှင်နှောင်း စောင့်မျှော်ရင်းက အိပ်ပျော်နေသည်ကို စိတ်ကောင်းစွာဖြင့် ဖွန်ဦးမောင် တွေ့လိုက်ရတော့တယ်။ အသာအယာပဲ ရှင်နှောင်း၏ နံဘေးမှာ ဝင်ထိုင်လိုက်ပြီး ရှင်နှောင်း၏မျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေမိလိုက်တယ်။

ဝင်းအိဖြူနုနေသော အသားအရည်လေးနှင့်အတူ သေးသွယ်မဲမှောင်နေသည့် ဖင်ယော်တောင်မျက်ခုံးများ။ သွယ်စင်းလှပ္ပန်းသော နှာတံလေးက သူမရဲ့အလှကို ပို၍ထင်ရှားစေသည်။

ထို့အပြင် ပါးမို့မို့လေးတွေမှာလည်း သွေးကြောမျှင်လေးတွေ ထက်ဖြာလို့ ပန်းနုဆီရောင်လေးများ သန်းလို့နေလေရဲ့။ ပြီးတော့ ဆိုဖနှင်းဆီဖူးကလေးများကဲ့သို့ အိလုံးပြီး ဖူးရွရွနှုတ်ခမ်းအလှလေးသွေး

ဟာ...ကြည့်...ဒုက္ခပါပဲနော်...ဖွန်ဦးမောင် ဘာတွေကို ကြည့်ပြီး စဉ်းစားနေသည်မသိ။ တစ်ခါဘူးမျှ ရှင်နှောင်းလေးကို စေ့စေ့စပ်စပ် မကြည့်ခဲ့သေးပါ။

ခုမှ ရှင်နှောင်းရဲ့အလှကို သူတွေ့ခဲ့ရတော့၏။ တွေ့လိုက်ရပြီတော့လည်း ရှုလို့မဝတော့နိုင်။ ဒါပေမဲ့ ဟူးကနဲ သက်ပြင်းပူပူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ ရှင်နှောင်းကို ကြည့်သောအကြည့် တွေ ရွှန်းလဲ့တောက်ပနေရာမှ ရီဝေမှုန်မှိုင်းလို့သွားပြန်၏။ ရှင်နှော ကတော့ အိပ်ပျော်လို့နေဆဲ . . . သို့ပေမဲ့ သူ့ပါးမှာမျက်ရည်စတွေ လေ။

"ညော် . . . နှောင်းဆိုတဲ့အတိုင်း နှောင်းသွားပြီ နှောင်းရယ်"

မျက်လွှာလေးပိတ်ထားသည့် ကြားကပင် ထောင့်စွန်း မျက်ရည်ဥများ ဝေ့သီလို့ကျလာသည့် ရှင်နှောင်းကိုကြည့်ရင်း သူ စိတ်မကောင်းဖြစ်လို့သွားသည်။

ဒါနဲ့ပဲ ရှင်နှောင်းရဲ့ မျက်ရည်စလေးတွေကို သူ့လက်ခြ တယုတယလေးပဲ သုပ်လိုက်တဲ့အခါမှာတော့ ရှင်နှောင်းတစ်ယော လူးလွန့်လိုက်ပြီး ပါးပေါ်သို့ ထိတွေ့မှုတစ်စုံတစ်ခုကြောင့် ဖျတ်က ပင် မျက်လုံးလေး ပွင့်လာခဲ့တယ်။

"ဟင် . . . ဖွန်"

အမြင်အာရုံထဲမှာ သူ့ကိုမြင်လိုက်ရတယ်။ သူကတော ပြုံးပြုံးလေးနှင့် ကြည့်နေတာပေါ့လေ။ ဒါပေမဲ့ သူ့အကြည့်တွေ ခံစားမှုတစ်မျိုးတော့ ရှိနေတယ်ဆိုတာ ရှင်နှောင်းတွေးမိလိုက်တယ် အဲဒီခံစားမှုကဘာလဲဆိုတာ သူမလည်းမဝေခွဲတတ်။

"ဘယ်အချိန်ကတည်းက ရောက်နေတာလဲဟင်"





ခပ်တိုးတိုး ခပ်ဖွဖွလေးနဲ့ မေးလိုက်သည်။ သူပြုံးရိပ်ယောင် သန်းသွားကာ . . .

"နဲနဲတော့ ကြာသွားပြီ"

ရှင်နှောင်း နှုတ်ခမ်းလေးစူသွားတယ်။ ပြီးတော့ မျက်လုံး လေးထောင့်ကပ်ပြီး သူ့ကိုကြည့်လိုက်၏။

"နှောင်းကို နှိုးလိုက်ရောပေါ့"

"ကိုယ်မနှိုးရက်လို့ ထိုင်ကြည့်နေတာ . . . နှောင်းအိပ်နေတာ လေးက တစ်ကယ့်အပြစ်ကင်းစင်တဲ့ ကလေးလေးလိုပဲ"

ရှင်နှောင်းက သူ့အပြောလေးကြောင့် ရှက်စနိုးလေး ဖြစ်လို့ သွားသည်။ ရင်ထဲတွင်လည်း ပီတိအဟုန်က စိမ့်ဝင်လို့သွားခဲ့ပါသည်။

"ဘာလို့ နောက်ကျနေတာလဲ"

"ထူးကျော်နဲ့ လွှက်ရည်ဆိုင်ထိုင်နေလို့လေ"

ဟွန်းကနဲဆိုပြီးတော့ မေးရောမျက်စောင်းရော ထိုးလိုက် မိသည်။ နောက်တော့ . . .

"ကဲ . . . ထတော့ . . . ထမင်းစားမယ်"

"ဟာ . . . ကိုယ်စားခဲ့ပြီးပြီ . . . နှောင်းရဲ့"

"ဘာလဲ . . . ဟိုဂျပန်မလေးနဲ့ပဲ မို့လား"

ချက်ခြင်းပင် ရှင်နှောင်းမျက်နှာ ညိုမှိုင်းလို့ သွားပါတော့



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"နှောင်းရယ်...လုပ်ငန်းသဘောအရ ဆက်ဆံနေရတာပါ ကွယ်...တစ်ခြား ဘာရည်ရွယ်ချက်မှ မရှိဘူးဆိုတာ ယုံပါ"

ရှင်နှောင်း ဘာမှပြန်မပြောတော့ ... စိတ်ကောက်ကာ ထ၍ထွက်သွားတော့သည်။ သူ...ထူးကျော် ပြောခဲ့တာတွေကို သတိရလျက်ရှိတော့၏။





## အခန်း(၁၁)

သည်ကနေ့တော့ အိုဂျူးစံကို ရန်ကုန်မြစ်တစ်ဘက်ကမ်းရှိ သံလျင်မြို့ကို လိုက်ပို့ဖြစ်သညသည်။ သံလျင်ဝံတားကြီးကိုဖြတ်တော့ အိုဂျူးစံက မြစ်ပြင်ကျယ်ကြီးကိုကြည့်းရင်း မျက်နှာထားက ရွှင်မြူး ကြည်နူးလို့သွားသည်။

လတ်ဆတ်သော ရေပြင်ထက်က လေနုအေးကို တစ်ရှိုက် မော်မတ် ရှသွင်းလိုက်ပြီး...

"ဒီတံတားကြီးက တော်တော်ရှည်တာပဲနော် ဇွန်"

"ဟုတ်တယ်...ဂျူးစံ...ရန်ကုန်မှာတော့ အရှည်ဆုံး တံတားကြီးပေါ့"

အိုဂျူးစံက ကားပေါ်ကနေ သံလျင်ဘက်ကမ်းဘက်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမျှော်ကာ ကြည့်လိုက်တယ်။

"အင်း…မြန်မာပြည်မှာ သဘာဝအလှတရားတွေ အများကြီးကို တွေ့ရတယ်နော်"

ဖွန်ဦးမောင် ပြုံးရင်ခေါင်းညိတ်ပြလိုက်တယ်။

"ဂျူးစံလေ…ချိုချိုနဲ့ နိုင်ငံတော်တော်များများကို ရောက်ဖူးတယ်သိလား…အဲဒီမှာ လူတွေက ဖန်တီးပြုလုပ်ထားတဲ့ အတုအယောင်အလှအပတွေက ကြီးစိုးနေတာ…တခါတော့ စိတ်ကြည်နူးစရာတော့ ဖြစ်မိပါရဲ့ … နောက်တော့ စိတ်ကျဉ်းကျပ်မှုတွေက ဖိစီးလို့လာခဲ့တာပဲ"

ဟုတ်မှာပါလေဟု သူက အိုဂျူးစံပြောနေတာတွေကို လက်ခံလိုက်မိသည်။ စာစောင် မဂ္ဂဇင်းတွေ ရုပ်ရှင်တွေထဲမှာ သူတွေ့ရ သိရဖတ်ရတာတွေကို အမှတ်ရလိုက်သည်။

"ဒါ…ဂျူးစံအနေနဲ့ ရန်ကုန်မြို့တစ်မြို့လောက်ပဲ ကြည့်ရသေးတာပါ၊ မြန်မာပြည်အနှံ့သာ ရောက်ခဲ့မယ်ဆိုရင် အံ့သြစရာတွေ ကြည်နူးစရာတွေကို မြင်တွေ့ရတဲ့အတွက် အင်မတန်ဝမ်းသာမိမှာကို ကိုယ်ပြောရဲတယ် ဂျူးစံ"

အိုဂျူးစံ သူ့ကိုလှိုက်လှဲကြည်နူးစွာဖြင့် ကြည့်လို့နေသည်။

"ယုံပါတယ်…ဖွန်ရယ်…မြန်မာပြည်က သဘာဝအလှ





…ရားတွေနဲ့အတူ မြန်မာလူမျိုးတွေကလည်း အင်မတန် ဖော်ရွေပြီး …စ်ဖို့ကောင်းမှန်းသိပါတယ်နော်။ ချကြည့်လေ…ချစ်ဖို့ကောင်းတဲ့ …နဲ့တွေ့ရပြီ"

သူ…အိုဂျူးစံရဲ့ စကားလေးကြောင့် ရင်ထဲနွေးကာနဲ့ ဖြစ်လို့ …း၏။ ရုက်ခြင်းတရားကလည်း သူ့မျက်နှာပေါ်သို့ အပြေးကလေး …ောက်လို့လာခဲ့ပြီ။ သူ…အိုဂျူးစံဘက်ကို လှည့်၍မကြည့်ရဲတော့ … အိုဂျူးစံကတော့ ခပ်တည်တည်ပါပဲ…ဘာရယ်လို့တော့ မဟုတ်၊ …ရိုးရှင်းရှင်းလေး ပြောလိုက်သော်လည်း ဝေဒနာတစ်ခုကို ခံစား …ိုက်ရသည်လား မပြောတတ်တော့ပါ။ သံလျင်မြို့ထဲသို့ ရောက်တော့ …သည်း…

"ကြည့်စမ်း…ဖွန်…တစ်ချို့အိမ်လေးတွေက တစ်ထပ် …ိုက် ပုပုလေးတွေ ခြံနှင့်ဝင်းလေးနဲ့ သိပ်မိုက်တာပဲနော်"

"ကိုလိုနီခေတ်က အင်္ဂလိပ်အရာရှိတွေ အနေများတယ် …လေ၊ ဒါကြောင့် ဗိုလ်ဆန်နေတာပေါ့"

"ဪ…ဟုတ်လား"

တိတ်ဆိတ်ငြိမ်သက်လို့ သွားပြန်တယ်။ အနိမ့်အမြင့် များစွာ …ိသည့် သံလျင်မြို့ရဲ့ လမ်းမဲမဲလေးတွေပေါ်မှာ သူ၏ကားကလေး …လည်း လမ်းနှင့်အတူ နိမ့်လိုက်မြင့်လိုက်နှင့် ပြေးလွှားလို့နေလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဂျူးစံ"

ခေါ်လိုက်သည့်အသံက ကြင်နာသံရောစွက်လို့နေသည်။ လှည့်ကြည့်လာသည့် အိုဂျူးစံ၏ အကြည့်ကလည်း ညို့ငင်ဖိတ်ခေါ်နေလေ၏။

"ဒီ . . . သံလျင်မြို့ပေါ်မှာ အလွန်ကြေကွဲစရာကောင်းတဲ့ ဒဏ္ဍာရီဆန်ဆန် အချစ်ဇာတ်လမ်းလေး တစ်ပုဒ်ရှိခဲ့တယ် ဂျူးစံ"

"ဟုတ်လား"

ဟုတ်လားဆိုတဲ့ အိုဂျူးစံရဲ့ မျက်ဝန်းထဲမှာ သိချင်တဲ့စိတ်တွေ ကိန်းဝပ်လာခဲ့တယ်။

"ရှင်မွေ့လွန်းနဲ့ မင်းနန္ဒာဆိုတဲ့ အချစ်ဇာတ်လမ်းလေးပဲ"

ရှင်မွေ့လွန်းနဲ့ မင်းနန္ဒာ ဒီနာမည်လေးနှစ်ခုကို အိုဂျူးစံက ထပ်ကာထပ်ကာ ရွတ်ကြည့်လို့နေသည်။

"နာမည်လေးတွေကို ကြားလိုက်တာနဲ့ သူတို့ဇာတ်လမ်းလေးကို နားထောင်ချင်လိုက်တာ ဖွန်"

အိုဂျူးစံစကားကြောင့် သူပြုံးစေ့စေ့ဖြစ်သွားသည်။ သို့သော် သူ့မျက်နှာက ခပ်တည်တည်နဲ့ ပြန်ဖြစ်လို့သွားပြီး . . .

"တကယ် ကြေကွဲဝမ်းနည်းစရာ ကောင်းလွန်းတယ် ဂျူးစံ"

ဖွန်ဦးမောင်စကားကြောင့် သူကခပ်ငိုင်ငိုင် ဖြစ်လို့သွားသည်။





"ဘာပဲဖြစ်ဖြစ် ကြားချင်တယ်"

"ဒါဆို ပြောမယ်နော်"

အင်းတဲ့ သိပ်အသက်မပါလှတော့ ခုကတည်းက ကြေကွဲရောဖြစ်ချင်နေပြီလားလို့ သိချင်လိုက်ပါတယ်။

"မင်းနန္ဒာဆိုတာ ဥက္ကလာပမင်းကြီးရဲ့ သားတော်တစ်ပါးပေါ့။ နာမည်ရင်းက သုစိနန္ဒာလို့ခေါ်တယ်။ အဲဒီ မင်းနန္ဒာဆိုတဲ့ ကိုယ်တော်လေးဟာ သူ့ချစ်သူလေး ရှင်မွေ့လွန်းကို ငမိုးရိပ်ဆိုတဲ့ စီးတော်မိချောင်းကြီးကိုစီးပြီး ဒီသံလျင်ကမ်းကို လာလာတွေ့ရတာ ဂျူးစံရဲ့"

"ခုနက တံတားပေါ်က တွေ့လိုက်ရတဲ့ မြစ်ကြီးကို ဖြတ်လာရတာလား"

အင်းဟု သူကခေါင်းညိတ်လိုက်တယ်။

"အံ့ဩစရာပဲနော် . . . ထူးလည်းထူးဆန်းတယ် . . . စိတ်ဝင်စားဘို့လည်း ကောင်းတယ်"

"တစ်နေ့မှာတော့ အဲလို ရှင်မွေ့လွန်း မင်းသမီးလေးနဲ့ ချိန်းတွေ့ပြီး ပြန်အလာ မြစ်ပင်လယ်ကိုလည်း ရောက်ရော မလက်တိုဆိုတဲ့ မိချောင်းမတစ်ကောင်ဟာ ငမိုးရိပ်မိချောင်းကို ရန်ပြုလို့ တိုက်ခိုက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစား နားထောင်နေသည့် အိုဂျူးစံ၏ မျက်နှာလေးက စိုးရိမ်စိတ်တွေနဲ့ပေါ့လေ။

"အဲဒီလို တိုက်ခိုက်တဲ့အခါ ငမိုးရိပ်ဟာ သူ့သခင် မင်းနန္ဒာမင်းသားလေးကို အာခံတွင်းထဲမှာငုံပြီး ရန်သူမလက်တိုက်ကို ပြန်လည်တိုက်ခိုက်ရတာပေါ့။ ဒါပေမဲ့ ဒီအချိန်မှာ ငမိုးရိပ်စိတ်ထဲမှာ တွေးလိုက်မိတာက ဒီနေ့ကျမှ သူ့ရဲ့သခင်လေးကို သယ်ဆောင်သွားရတာ ပေါ့ပါးမနေပဲ လေးလံလွန်းလှနေတယ် ဆိုတာကိုပဲပေါ့လေ"

"အဲဒါ ဘာဖြစ်လို့လဲဟင်"

"အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ငမိုးရိပ်ရဲ့ ရန်သူ မလက်တိုမိချောင်းမက လူယောင်ဖန်ဆင်းပြီး ရှင်မွေ့လွန်း မင်းသမီးလေးဆီသွားပြီး မင်းနန္ဒမင်းသားလေး လာလို့ရှိရင် ညာလက်ရုံးမှာ ခေါင်းအုံးခိုင်းပါ...ဒါမှ မင်းသမီးလေးကို တကယ်ချစ်တာပါလို့ သွေးထိုးစကားတွေ ပြောခဲ့တာပေါ့'

"ဒါနဲ့ မင်းနန္ဒမင်းသားလေးဟာ ဘုန်းတံခိုးနိမ့်ပါးသွားခဲ့ရတယ်။ ဒါကြောင့် ငမိုးရိပ်ဟာ ရန်သူ့လက်ကနေ အသက်လုပြီး ထွက်ပြေးခဲ့ရတာ...သူ့မှာလည်း ဒဏ်ရာတွေနဲ့လေ...ရန်သူတွေလက်က လွတ်လာပြီးတဲ့နောက်...ငမိုးရိပ်ဟာ သူ့အာခံတွင်းထဲက မင်းနန္ဒာကိုယ်တော်လေးကို မထုတ်မိပဲ မေ့လို့နေခဲ့တယ်"





"အို...သနားစရာ"

အိုဂျူးစံမျက်နှာလေး အိုကျလို့သွားတော့သည်။ သူမစိတ်ထဲ…နားလို့ သွားသည်ထင်။ သူလည်း ကားလေးကို ဖြေးဖြေးမှန်မှန်…ာင်းလို့နေမိသည်။

"ဆက်ပြောလေ...နောက်...ဘာဖြစ်သွားလဲ ဖွန်ရယ်"

"နောက်တော့ ... မင်းနန္ဒာကိုယ်တော်လေးရဲ့ ဖခမည်း…တော်ဟာ...ဖခမည်းတော်ဆိုတာ အဖေကိုပြောတာနော် ဂျူးစံ"

အိုဂျူးစံက သိကြောင်း ခေါင်းညိတ်ပြရှာသည်။

"ကြိမ်စကြာနဲ့ ငမိုးရိပ်ကို ခေါ်လိုက်တယ်...ငမိုးရိပ်လည်း…င်းကြီးရှေ့ကို ရောက်လာခဲ့ရတယ်လေ။ မင်းကြီးက ငါ့သားတော်…ယ်မှာလဲလို့ မေးလိုက်တော့မှ ငမိုးရိပ်က သူ့ခံတွင်းဆောင်ထဲမှာ…သားမှန်းကိုသိလိုက်တယ်...ဒါနဲ့အန်ထုတ်လိုက်တော့ မင်းနန္ဒာ…ကိုယ်တော်လေးဟာ အသက်ငွေ့ငွေ့လေးပဲ ရှိတော့တာပေါ့"

"အို...ဖြစ်မှဖြစ်ရလေ"

အိုဂျူးစံ...မင်းနန္ဒာကို သနားသွားသည်ထင် အသံပါထွက်…၍လာခဲ့၏။

"နောက်ဆုံးတော့လည်း မင်းနန္ဒာကိုယ်တော်လေးဟာ…ဆောက်ကုန်သွားခဲ့ရတယ်...မင်းနန္ဒာကိုယ်တော်လေးရဲ့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို သံလျင်မှာရှိတဲ့ ရှင်မွေ့လွန်းမင်းသမီးလေးလဲသိရော...သူ
တစ်ခါတည်း သတိတွေမေ့မျောပြီး အသက်ပါသွားရှာခဲ့တာ...ရင်
နာကျသေတယ်ဆိုတာ ဒါမျိုးပေါ့လေ"

အိုဂျူးစံရင်ထဲမှာ ဝေဒနာလေးတစ်ခုက ဖျတ်က
ဝင်ရောက်လာခဲ့တယ်။ မျက်နှာလေးကလည်း ညှိုးကျလို့သွား၏။

"သူတို့နှစ်ယောက် တော်တော့ကို ချစ်ကြတာပဲနော်"

"ဘယ်လောက်ချစ်ကြလဲဆိုရင် အသက်သေပြီးသည့်တိုင်
အောင် ချစ်ကြတာကို ပြောဦးမယ်"

အိုဂျူးစံ စိတ်ဝင်စားလို့ သွားပြန်သည်။ ကားလမ်းတ
လျှောက်လုံး ဖွန်ဦးမောင်ကိုပဲ ကြည့်နေလိုက်တယ်။ သံလျင် အချ
ဓာတ်လမ်းလေးက တကယ်စွဲမက်စရာ ကောင်းတာကိုး။

ဟိုဘာတဲ့ ရိုတ်စပီးယားရေးတဲ့ ရိုမီယိုနဲ့ ဂျူးလီးယက်လို
ဓာတ်လမ်းမျိုးလေး ရင်သိမ့်တုန်ခဲ့ရတယ်လေ။ ခုလည်းကြည့် ...

"ရန်ကုန်ဘက်ကမ်းကနေ မင်းနန္ဒာကိုယ်တော်လေးရဲ့
ရုပ်ခန္ဓာကိုယ်ကို မီးရှို့လိုက်တဲ့အချိန်...သံလျင်ဘက်ခြမ်းကလည်း
ရှင်မွေ့လွန်းရဲ့ ရုပ်ခန္ဓာကိုယ်ကို မီးရှို့လိုက်ကြတယ်...အဲလိုမီးရှို့
လိုက်ကြတဲ့ မီးခိုးလုံးတွေဟာ တစ်ဖက်နှင့်တစ်ဖက် ကောင်းကင်ပေါ်
ကို တက်လာကြပြီးနောက်မှာ အတူတကွ ပေါင်းဆုံသွားကြတယ်





ဂျူးစံရဲ့"

ဟင်းကနဲ ပင့်သက်မောကို အိုဂျူးစံချလိုက်သည်။ ဒီအချိန်
မှာပဲ ကားလေးက ကျိုက်ခေါက်စေတီရှေ့သို့ ရောက်လို့လာခဲ့၏။

"ကဲ...ဂျူးစံ...ဒါ သံလျင်မြို့ရဲ့ ကျက်သရေဆောင်
ဘန်ခိုးကြီးဘုရားတစ်ဆူဖြစ်တဲ့ ကျိုက်ခေါက်စေတီလို့ ခေါ်တယ်။
ကိုယ်တို့ဖူးကြရအောင်...နောက်တော့ ရှင်မွေ့လွန်းတို့ရဲ့ အုတ်ဂူ
ပြသာဒ်ကို သွားကြည့်တာပေါ့"

အိုဂျူးစံ ပြုံးပျော်လို့သွားသည်။ ဖွန်ဦးမောင်က အရိပ်
ကောင်းသည့်နေရာတွင် ကားကိုရပ်ထားလိုက်ပြီး နှစ်ယောက်သား
ဘုရားစောင်းတန်းအတိုင်း တက်လာခဲ့ကြတော့၏။ စကားတပြော
ပြောနှင့် လှေကားထစ်လေးများအတိုင်း တက်လာရာမှ အိုဂျူးစံသည်
လှေကားထစ်တစ်ခုဆီ ခြေအနင်း ရှုတ်တရက် ခြေချော်ကာ ဟန်ချက်
ပျက်သွား၏။

"အို"

"ဟာ...ဂျူးစံ"

"အမေ့"

ခန္ဓာကိုယ်လေး ယိုင်ကနဲ ဖြစ်သွားပြီး ပြိုလဲမတတ် ဖြစ်သို့
သွားစဉ် သန်မာမြဲမြံသည့် လက်တစ်စုံက အိုဂျူးစံ၏ ကိုယ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းထိန်းလိုက်သည်။

ရင်ခွင်ထဲသို့ ပြိုကျလာသည့် အိုဂျူးစံ၏ ကိုယ်လုံးအိအိ ထွေးထွေးလေးကို သူက တင်းတင်းကြီး ပွေ့ဖက်ထားမိ၏။ မြေပြင်ပေါ်သို့ လဲကျသွားမည် စိုးသောကြောင့်ထင်၏။

မထင်မှတ်တဲ့ ရုတ်တရက်မို့ အိုဂျူးစံရော သူပါ တစ်ယောက်ကိုတစ်ယောက် ငေးမောကြည့်နေမိသည်။ သူတို့နှစ်ယောက်ရဲ့ မျက်ဝန်းအကြည့်လေးတွေမှာ ရွှန်းလဲ့ဝေဖြာလို့နေတော့တယ်။

ဖြစ်စဉ်လေးက တဒင်္ဂခဏလေးရယ်ပါ။ ဖွန်ဦးမောင်တစ်ယောက် အိုဂျူးစံ၏ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်လိုက်မိသည်။ သူ၏ရင်ခုန်သံတွေ ပြောင်းဆန်လို့ သွားရပြီ။ စိတ်တွေလည်း အလွန်ရှားကြီး လှုပ်ရှားလို့ သွားရပြန်သည်။ လှပစွာ ပူးဝေနေတဲ့ မျက်နှာလှလှလေးထံမှ သူ့အကြည့်တွေ မခွာနိုင်တော့ပါ။

အနီးကပ် မြင်တွေ့လိုက်ရသည့် အိုဂျူးစံ၏ မျက်နှာလေးကဖြူဝင်းနုထွတ်လို့ပေါ့။ အသားအရေ ဖွေးဖွေးဝင်းဝင်းလေးနှင့် ညက်ညောနေသော မျက်နှာလေးထက်က နက်မှောင်သွယ်တန်းနေသည့် မျက်ခုံးတန်းလေးတွေ၊ မျက်တောင်ကော့ကော့ ရှည်ရှည်လေးတွေရဲ့ နောက်က ညို့အားပြင်းထန်လွန်းသည့် မျက်ဝန်းနက်လေးတစ်စုံက ရွှန်းလက်တောက်ပနေစေသည်။





အို...လှလိုက်တာ...တဆတ်ဆတ် တုန်ရင်နေတဲ့ ဖူးငုံထွေးအိနေသည့် နှုတ်ခမ်းလေးက သူမ၏အလှတရားများကို မကြည့်ဘဲ့ရန် တောင်းပန်နေသယောင်ယောင်။

သူလေ...သူ...ရင်ခွင်လေးထဲကနေ ရက်ကြောက်ကာမော့ကြည့်နေရှာသည့် သူမလေးကို ပြန်လည်လွှတ်ပေးဘို့ရန်အတွက် မေ့လို့သွားခဲ့ပြီလား။

“ဖွန်...ဖွန်...လွှတ်...လွှတ်ပါဦးရှင်”

ဟင်...သူ့ရင်ခွင်လေးထဲမှ မသိမသာ ရုန်းကန်လှုပ်ရှားမှုလေးကြောင့် သူအခြေအနေမှန်ကို ပြန်လည်သတိရလို့ သွားခဲ့ပါသည်။ ထွေးဖက်ထားသည့် ကိုယ်လုံးအိအိလေးကိုလည်း ဖြေလျော့ပေးလိုက်မိ၏။

“ဆောရီးနော်...စုမိမတ်စင်း”

သူ...အင်္ဂလိပ်လိုရော...ဂျပန်လိုရော တောင်းပန်လိုက်သည်။ လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင်ထိန်းလိုက်ပြီး ထူပူနေသောမျက်နှာလေးကို လွှဲထားမိသည်။

“ဒိုး...အီတရှိမတ်ရှိတဲ့”

အိုဂျူးစံက ကိုယ်ကိုပြန်လည်ထိန်းလိုက်ရင်း...

“ကိစ္စမရှိပါဘူး ရပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟုတိုးတိုးလေးပဲ ပြန်ပြောလိုက်ပေမဲ့ ရှက်တဲ့မျက်နှာကတော့ အထင်းသားပေါ်လွင်လို့နေ၏။

နောက်တော့ တစ်ယောက်နဲ့တစ်ယောက် မျက်နှာလေးတွေ မကြည့်ဖြစ်အောင် နေလိုက်ကြသည်ပေါ့။ တစ်ကယ်ပါ...ညအိပ်ရာဝင်ကြရင်တော့ ယခုဖြစ်တည်ခဲ့တဲ့ အဖြစ်လေးကိုတော့ အိပ်မက်ထဲမှာ ထည့်ပြီး မက်ကြပါလိမ့်မယ်ဆိုတာ သူတို့နှစ်ယောက်လုံး သိကြပေလိမ့်မည်။

ဩော်...အချစ်ဆိုတာ မူးယစ်စေတဲ့ သွေးအေးသတ္တဝါတစ်ကောင်ပါပဲလား။





## အခန်း(၁၂)

ကြားလိုက်ရသည့် စကားတစ်ခွန်းကြောင့် အတော့်ကိုပဲ ဩနေမိသည်။ ဤသို့ဖြစ်လာလိမ့်မည်ဟု ဘယ်တုံးကမျှ မမျှော်င့်ခဲ့ပါ။

ခုတော့ ဖြစ်လာခဲ့သည်။ ဖြစ်လာခဲ့ပြီဆိုသည်နှင့် ဒေါ်ခင်သိန်းတစ်ယောက် အရမ်းကိုပဲ အံ့ဩသင့်လို့သွား၏။ ပြီးတော့မှ သာမှုတွေ၊ ကြည်နူးမှုတွေက ရင်နှင့်မဆံ့တော့။

"ကဲ...ပြောပါဦး သိန်းသိန်းရယ်...မေရဲ့အစီအစဉ်ကို သဘောကျရဲ့လား"

ဒေါ်ခင်နှောင်းမေက စိတ်အားထက်သန်စွာဖြင့် မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေ...မေ...တစ်ကယ်ပြောတာနော်"

"ဩော်...သိန်းသိန်းရယ်...ဒါ...နောက်စရာကိစ္စလား"

ဒေါ်ခင်မေသိန်း ပြုံးပျော့လို့သွား၏။

"ကျေးဇူးတင်လိုက်တာ မေရယ်...သိန်းသိန်းလည်း အဲ့

ပဲဖြစ်ချင်ပါတယ်...ဒီကိစ္စကို မေ့ကိုပြောချင်နေတာကြာပြီ...ဒါပေ

ပြောလို့မထွက်ဘူး ဖြစ်နေတာ"

"ဘာလို့ ပြောမထွက်ရမှာလည်း တစိမ်းတွေမှ မဟုတ်တာ"

ဒေါ်ခင်နှောင်းမေက အလိုမကျဟန်နှင့် ပြောလိုက်သော

ဒေါ်ခင်မေသိန်းက ပြုံးရယ်လိုက်သည်။

"မှတ်ဖူးလေ...မေရဲ့၊ လူဆိုတာ ကျေးဇူးတရားကို သိတတ်

ရတယ်လေ။ သိန်းသိန်းတို့မိသားစုကို စောင့်ရှောက်ခဲ့တဲ့ ကျေးဇူး

ကျေးဇူးမိမှာစိုးတယ်...ဒါကြောင့် သိန်းသိန်းက ပြောမထွက်တာ

မေရယ်"

"သိန်းသိန်း ပြောသလိုမျိုးဆိုရင် မေလည်းပြောရမှာပေ

တို့နှစ်ယောက် မုဆိုးမတွေဖြစ်သွားပြီးတဲ့နောက်ပိုင်း စီးပွားရေး

တဟုန်ထိုးကျသွားတဲ့တာမို့လား . . .သူတို့နှစ်ယောက်ကို လူလ

မြောက်အောင် မနည်းရုန်းကန်ခဲ့ကြတာလေ...ဘယ်လောက်ပင်ပန်း

ခဲ့သလဲလို့"





ပြောရင်း ဒေါ်ခင်နှောင်းမေ မျက်ရည်ဝဲချင်လာသည်။

"ဒါပေမဲ့ တို့နှစ်ယောက် အားတင်းပြီး တည်ထောင်နိုင်ခဲ့

ကြတယ်...ခု...သူတို့တွေ အရွယ်ရောက်လာကြလို့ အသိတရား

တွေလည်းရှိလာတယ် . . .သား . . .ဇွန်ဦးမောင်က အထက်တန်း

အောင်လို့ တက္ကသိုလ်ပညာဆက်မသင်ပဲ မိသားစုစီးပွားရေးကို ငုံ့ညှာ

ပြီး ကားမောင်းတယ် . . .အဲဒီကျေးဇူးတရားကို မေတို့သားအမိ

နှစ်ယောက်က ဥပေက္ခာပြုရမှာလား သိန်းသိန်းရယ်"

"သိန်းသိန်းတို့ သားအမိနှစ်ယောက် ပေးဆပ်ရတဲ့ ကျေးဇူး

တနည်းနည်းလေးပါ မေ"

"ကဲ...ကဲ...တော်တော့ ... ဒါတွေပြောနေရင် ပြီးမှာ

မှတ်တော့ဘူး...သိန်းသိန်း၊ သူတို့နှစ်ယောက်ကိစ္စကိုပဲ ပြောကြရ

အောင်"

တစ်ကယ်တော့ ရှင်နှောင်းနှင့် ဇွန်ဦးမောင်တို့နှစ်ဦးကို

ဒေါ်ခင်နှောင်းမေနှင့် ဒေါ်ခင်မေသိန်းတို့နှစ်ဦးက လက်ထပ်ပေးချင်

နေကြပြီ။

ဒေါ်ခင်နှောင်းမေ အနေနှင့် ဇွန်ဦးမောင်ကို သူ့သမီး

ရှင်နှောင်းနှင့်အတူ ငယ်စဉ်ကတည်းက ပြုစုစောင့်ရှောက်လာခဲ့ရ

သည်။ သားအရင်းပမာ ချစ်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖွန့်ဦးမောင် ဘက်ကလည်းကြည့် ... ငယ်စဉ်ကလေးဘဝကနေ အရွယ်ရောက်သည်အထိ အပြစ်တစ်စုံတစ်ရာမရှိ ကျိုးနွံခဲ့သည်။ တတ်သိနားလည်စွာနေ၏။ လူကြီးမိဘများကို စိတ်ညစ်ခြင်းအောင် တစ်ခါဘူးမျှ မလုပ်ဖူးခဲ့။

ဟောကြည့် ... အရွယ်ရောက်လာတော့လည်း စီးပွားရေးဘက်တွင် တစ်ဘက်တစ်လမ်းက အထောက်အကူပေးလာခဲ့ပြန်သည်။ ရှင်နှောင်းအပေါ်တွင်လည်း လိုလေသေးမရှိ ချစ်မြတ်နိုးခဲ့၏။

ဒီတော့ ဖွန့်ဦးမောင်၏ အကျင့်သိက္ခာ၊ သိတတ်မှု၊ စာနာမှုနားလည်နိုင်မှုတွေနှင့် ပြည့်စုံနေမှတော့ ... ဘယ်လိုလူစားမျိုးနှင့် ရှင်နှောင်းကို ပေးစားနိုင်တော့မှာလည်းလေ။ ဖွန့်ဦးမောင်နှင့်သာ ရှင်နှောင်းကို ဘဝတစ်ခုလုံးအတွက် စိတ်ချနိုင်မည်ကို ဒေါ်ခင်နှောင်းမေ နားလည်သဘောပေါက်ခဲ့ပါသည်။

"နေပါဦး . . . မေရဲ့ . . . မေနဲ့သိန်းသိန်းကသာ သူတို့နှစ်ယောက်ကို သဘောတူနေတာ...သားနဲ့သမီးကရော သဘောတူပါမလား"

ဒေါ်ခင်မေသိန်း၏ စကားကိုကြားတော့ ဒေါ်ခင်နှောင်းမေမှာ မျက်မှောင်တွန့်မိလိုက်သည်။ ဟုတ်သည်။ ဒီအချက်ကို မစဉ်းစားမိခဲ့။ လူကြီးနှစ်ယောက် သဘောတူပေမဲ့ ကလေးနှစ်ယောက်က





သဘောမတူရင်ကော မဖြစ်နိုင်။ သား...ဖွန့်ဦးမောင်က လူကြီးတွေ ဆန့်ကျင်ဘက်လုပ်မည့်သူ မဟုတ်မှန်းသိသည်။ ဒါဆို သမီးရှင် င်းကရော ကိုယ့်သမီးအကြောင်း ကိုယ်သိသည်။ ဖွန့်ဦးမောင်လို ဘာကျားမျိုးကလွဲ၍ ဘယ်ယောကျ်ားကိုမှ ယူမည်မိန်းကလေး ပုတ်။ ဒေါ်ခင်နှောင်းမေ ရဲရဲကြီး ပြုံးလိုက်ပါတော့တယ်။

"သူတို့နှစ်ယောက် သဘောမတူဘူးဆိုတာ ဘယ်နည်းနဲ့မှ ဖြစ်နိုင်ဘူး...သိန်းသိန်းရယ်"

"ဟင်း..."

ရှင်နှောင်း၏ သက်ပြင်းချလိုက်သံက ကားမောင်းနေသည့် ကျော်၏ နားထဲတွင် ဗုံးတစ်လုံး ပေါက်ကွဲလိုက်သည်ဟု ထင်မိသည်။

ရှင်နှောင်းဆိုသည့် ကောင်မလေးကြောင့် ထူးကျော် စိတ် ညစ်ကြီး ညစ်နေရသည်။ ဖွန့်ဦးမောင်ကို အစာမကြေတိုင်း သူမ ရာစုပုတ်ပြီး ဆောင့်ဆောင့်အောင့်အောင့်နှင့် ပြုမူနေတတ်သည် ဆိုတော့ ဘဝင်မကျမိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နှောင်း"

ခေါ်လိုက်သော်လည်း ရှင်နှောင်း လုံးဝမထူးမိ။ ဒုက္ခ
နေ်။ ရင်တွေ တစ်အားမောရပါလား။ ဟူးကနဲပဲ ထူးကျော် သက်ပြ
မောကြီးကို အားကုန်မှုတ်ထုတ်လိုက်မိ၏။ ဦးခေါင်းကိုလည်း ဘ
ညာခါယမ်းလိုက်ရသည်။

"ရှင်နှောင်း...နင်ဘာတွေ ဖြစ်နေတာလဲ"

ခပ်ဆတ်ဆတ်လေး မေးလိုက်သဖြင့် ရှင်နှောင်း သူ့ဘ
ကို ဖျတ်ကနဲ လှည့်ကြည့်လိုက်၏။ ရင်ထဲမှ အလိုမကျသည့် အတွ
ကြောင့် စိတ်ကကြည်လင်မှု မရှိခဲ့ပေ။

"ဟေ့ ... မေးနေတယ်လေ"

ထူးကျော်ရဲ့ စိတ်မရှည်သောလေသံက မာဆတ်ဆ
ဖြစ်လို့သွား၏။ ဟင်း...လာပြန်ပြီ စိတ်မရှည်သောလေသံက
ဆွတ်ဆတ် ဖြစ်လို့သွား၏။ ရှင်နှောင်း နှုတ်ခမ်းလေးစူလိုက်တ
ကားမောင်းနေသည့် ထူးကျော်ကိုလည်း အလိုမကျဟန်နှင့် ကြ
လိုက်ပါတယ်။

"ဘာမှမဖြစ်ပါဘူး"

ကြည့် ... ညာနေမှုန်းကို သိလိုက်တယ်။ ဘာမှ
ဘူးဆိုတာ အလကား...သူမမျက်နှာကို ကြည့်လိုက်လေ ရှ





နေပြီး အီးမှုန်ထားတဲ့အတိုင်းပဲ...။

"နင်...မညာနဲ့ ... နင့်ပုံစံကို ကြည့်လိုက်တာနဲ့ သိနေ
တယ်"

"ဘာသိတာလဲ"

"နင်တစ်ခုခု ဖြစ်နေတာကို"

"ဟင်း..."

ဟောလုပ်ပြန်ပြီ၊ သက်ပြင်းချသံ...ထူးကျော် အမြင်ကပ်
သွားလာ၏။

"သက်ပြင်းကြီးပဲ လိုမ့်ချမနေနဲ့၊ ဘာဖြစ်ချင်တာလဲဆိုတာ
ပြောဦး"

ထူးကျော်ကို ခပ်စူးစူးလေး ကြည့်ပစ်လိုက်သည်။ ရင်ထဲက
အကြိတ်အခဲတွေကို ဖွင့်အန်လိုက်ရင် ကောင်းမယ်ဟု တွေးလိုက်
တယ်။

"ထူးကျော်"

တစ်လုံးချင်း သူ့နာမည်ကို ခေါ်လိုက်သည်။ ထူးကျော်က
တော့ အေးဆေးစွာပင် ကားကိုဂရုတစိုက် မောင်းနှင်နေတယ်။

"ပြောလေ...နင်ဘာပြောချင်သလဲ ရှင်နှောင်း"

တည်ငြိမ်သော လေသံလေးဖြင့်ပင် ထူးကျော် ပြန်မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေးလိုက်တော့မှ ရှင်နှောင်းဆီက ဘာသံမျှ ထွက်မလာ
ထူးကျော် စိတ်မရှည်ချင်တော့။

"ကဲ...မရွှေချော...မပြောချင်လဲ နေတော့ဟာ"

စိတ်ပျက်လက်ပျက် ဖြစ်လို့သွားရင်း ဥပေက္ခာစကား
ပြောလိုက်ရသဖြင့် ရင်ထဲမှာတော့ စိတ်မကောင်း ဖြစ်လို့သွားသည်
ကတော့အမှန်။

"ကိုထူးကျော်...သူငယ်ချင်းက နှောင်းကို ဂရုမစိုက်တော့
ဘူး သိလား"

ညှိုးငယ်ဖျော့တော့သောလေသံ...ရှင်နှောင်းက ညည်းညူ
သလို တိုးတိုးဖွဖွလေးပဲ ပြောလိုက်တယ်။

"အဟင်း...ဟင်း"

သူ့ မတိုးမကျယ်လေး ရယ်လိုက်တယ်။ သူမပြောသည်
ဂရုမစိုက်ဘူးဆိုတာတော့ မဖြစ်နိုင်။ ထူးကျော်...ရှင်နှောင်း
တစ်ချက်ခွေစောင်းကာ ကြည့်လိုက်သည်။

ရှင်နှောင်းကတော့ ပြင်ပမှတိုက်ခတ်လာသည့် လေ
ကြောင့် ဆံနွယ်စလေးများကို လက်ဖြင့်မကြာခဏ သိမ်းဖယ်
နေသည်ကို တွေ့နေရ၏။ ရှင်နှောင်း စိတ်တွေတည်ငြိမ်မှုကင်းမဲ့
မှန်း သိသာလှ၏။





"ဂရုမစိုက်တာတော့ မဟုတ်သေးပါဘူး...နှောင်း"

ရှင်နှောင်း ခေါင်းခါယမ်းလိုက်ပါတယ်။

"သူငယ်ချင်းဘက်ကနေ လိုက်ပြီးကာဗာလုပ် မပြောပါနဲ့"

"အဟင်း...ဟင်း...ဟင်း"

ထူးကျော် အသံထွက်ကာ ရယ်မောလိုက်တယ်...ပြီးတော့
မှ...

"ကိုယ် ကာဗာလုပ်ပြီး ပြောတာမဟုတ်ပါဘူး...ဒီကောင့်
မှာ အကြောင်းတစ်ခုတော့ ရှိပါလိမ့်မယ်...နှောင်း"

"ဟာ...အကြောင်းတော့ ရှိတာပေါ့ ... ရှိလို့လဲ နှောင်း
ကို ဂရုမစိုက်တာလေ"

အလိုလေး...မလွဲပါလားဟုလို့ ထူးကျော်စိတ်ထဲက ညည်း
လိုက်မိသည်။ ရှင်နှောင်းကို စကားပေါ့ပေါ့ ပြောလို့မရမှန်း သိလိုက်
၏။

"အဲဒီအကြောင်းကလည်း သူလိုက်ပိုနေတဲ့ ဂျပန်မလေးနဲ့
ပတ်သက်နေတာလေ"

ဗုဒ္ဓေါ...တတ်အပ်ကြီးကို ပြောနေတာပါလားဟု ထူးကျော်
တွေးလိုက်မိတယ်။ ရှင်နှောင်းပြောသလို ဟုတ်လည်း ဟုတ်လောက်
သည်။ ခုတလော ဖွန်ဦးမောင် တစ်ယောက်ကို မတွေ့ရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရက်အတန်ကြာပြီကော။

ကားဂိတ်ကိုလည်း မပေါ်လာ၊ ညဘက် ရွှေညည့်သည် တီးဝိုင်းဟောက်စ်ကိုလည်း မပေါ်လာ . . . ထူးကျော် သူ့ကိုမတွေ့ရပဲ ပြန်လာခဲ့ရသည့် ညပေါင်းက ရက်အတန်ကြာခဲ့ပြီပဲ။

"နေ့ာင်း"

ထူးကျော် ဘာပြောမည်လဲလို့ လှည့်ကြည့်လာသည်။

"ရှင်နေ့ာင်း . . . ပြောတာတွေ ဟုတ်ရဲ့လားကွာ"

ရှင်နေ့ာင်းက မဲ့တရှိုလေး ပြုံးလိုက်ပါတယ်။

"ရာနှုန်းပြည့် မဟုတ်ရင်တောင်မှ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကတော့ အမှန်ပဲ"

"ဗိုး . . ."

ဒီတစ်ခါ . . . သက်ပြင်းပူပူကို မှုတ်ထုတ်လိုက်သူကတော့ ထူးကျော်ပဲဖြစ်သွား၏။

"ကိုယ် . . . ဖွန်ဦးမောင်ကို မတွေ့တာ လေးငါးရက်လောက်ရှိသွားပြီ၊ နေ့ာင်း အိမ်ပြန်ရောက်ရင် ဒီကောင့်ကို ရွှေညည့်သည်ကို လွှတ်လိုက်ကွာ . . . အဲဒီဆိုင်မှာ ကိုယ်စောင့်နေတယ်လို့ ဟုတ်လား"

"အင်း . . . ပြောလိုက်မယ်လေ . . . သူမသွားတာတော့ မတတ်နိုင်ဘူးနော်"





"အေးပါ . . . ဒါနဲ့ ဒီကောင် ရှင်နေ့ာင်းအပေါ် ဆက်ဆံတဲ့ အနေအထားလေးကို ပြောပြပါလား။ ဒါမှ ကိုယ်သုံးသပ်လို့ရမှာ"

ရှင်နေ့ာင်း မျက်နှာမှိုင်းမှုန်ဝေလို့ သွားတော့တယ်။

"အင်း . . . အများကြီးကို ပြောင်းလဲသွားတာ"

"ဟုတ်လား"

"အိမ်ပြန်ရောက်ရင် မိုးသိပ်ချုပ်တယ် . . . ညစာမစားဖြစ်တာများတယ် . . . သိလား"

"အင်း"

ထူးကျော် ခေါင်းညိတ်ပြသည်။

"ဂျပန်မနဲ့ပဲ ဟိုတယ်မှာ စားလာခဲ့ကြတာချည်းပဲ . . . ဟွန်း"

ရှင်နေ့ာင်းပြောရင်းနှင့် ဒေါသတွေနဲ့ မခံချိမခံသာ ဖြစ်လို့ လာသည်။

"သူ့မှာ အိမ်ကလူတွေနဲ့ စကားပြောဘို့အချိန်တောင် မပေးနိုင်ဘူး ဖြစ်ဖြစ်နေတယ်။ အဲ . . . မနက်ဆိုရင် အစောကြီးထွက်သွားပြန်ရော"

ထူးကျော်က ရှင်နေ့ာင်းစကားကို နားလည်းနားထောင် သတိနဲ့လည်း ကားကိုမောင်းနေရ၏။

"ဒီလောက်တောင်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"အိုး...ဒီထက်တောင်စိုးသေး"

ရှင်နှောင်းရုပ်က မဲ့ကာရွဲ့ကာနှင့်ပြောတော့ ရယ်ချင်စ
ဖြစ်နေ၏။

"တကယ်လို့ အိမ်သားတွေနဲ့ ပြောမိရင်လည်း သူ့ ဂျပ
အကြောင်းကြီးပဲ ပြောလာတယ်...အမေတို့ကတောင် သံသယ
ဖြစ်မိနေတယ်လေ"

"ဟုတ်လား"

ရှင်နှောင်းက လေးပင်စွာ ထူးကျော့ကို ခေါင်းညိတ်ပြလိုက်
၏။

"သူ...ဂျပန်မလေးကို တစ်ကယ်ပဲ သံယောဇဉ်ဖြစ်သွား
မယ်နဲ့ တူတယ်နော်"

ရှင်နှောင်းရဲ့စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားသွားလို့ နှ
မှုတွေ ချက်ခြင်းပေါ်လို့လာတော့တယ်။

"သံယောဇဉ် ဖြစ်သင့်သလောက်တော့ ဖြစ်သွားနိုင်တ
ဒါပေမဲ့ ဘဝတစ်ခုလုံး ပုံပေးလိုက်ရတဲ့အထိတော့ မဖြစ်သေးလော
ဖူးလို့ ငါထင်တယ် ရှင်နှောင်း"

"ထင်တာ မှားသွားခဲ့ရင်ရော"

"ငါထင်တာတွေ မှားသွားခဲ့ရင် နင်ဘာဆက်လုပ်မ





ရှင်နှောင်း"

"ကျွန်မ ကိုယ့်ကိုယ်ကို Suicide သတ်သေမလားလို့
စဉ်းစားထားမိတယ်"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၃ )

ဒီတစ်ခါတော့ ဘာစကားသံမှ မထွက်လာပဲ ငြိမ်ကုပ်လို့ နေတယ်။ ရန်ကုန်မြို့တွင်းထဲမှ ရန်ကုန်မြို့၏ နယ်နမိတ်ကျော်လာခဲ့သည်အထိကို ဘာစကားတစ်လုံးမျှ မပြောဖြစ်ခဲ့ကြ။ နှစ်ယောက်သား ဆွံ့အနေကြသလိုလို။

သို့ပေမဲ့ ဖွန်ဦးမောင်ကတော့ တစ်ချက်...တစ်ချက် အိုဂျူးစံဘက်သို့ ခိုး...ခိုးကြည့်နေမိခဲ့တယ်။ အိုဂျူးစံကတော့ ဖာသိဖာသာ အပြင်ဘက်က ရှုပ်ဝတ္ထုတွေကို ငေးကြည့်လို့နေရင်း လိုက်ပါလာ၏

အမှန်တော့ မနေ့က သံလျှင်ကျိုက်ခေါက်စေတီ စောင်းတန်းတွင် ဖြစ်ခဲ့သော အဖြစ်ကလေးက နှစ်ယောက်စလုံးအတွက် မေ့လို့မရနိုင်တဲ့ အမှတ်တမဲ့မှ အမှတ်တရကလေး ဖြစ်ခဲ့ရသည်





မဟုတ်လား။

ဒါကြောင့်ထင် တစ်ယောက်ကို တစ်ယောက်...တစ်ဦးကို တစ်ဦး မကြည့်ရဲရဲ...မခေါ်ရဲရဲနှင့် မဝံ့မရဲတွေ ဖြစ်ကုန်ရသည်ပေါ့။

သို့သော်လည်း ဒီနေ့မနက် သူ...အိုဂျူးစံတို့ ကုမ္ပဏီရောက်တော့ မျက်နှာပူပူနဲ့ပေါ့လေ။ အိုဂျူးစံက အရင်ကလို သွက်လက်မှုတွေကို ရုပ်သိမ်းလိုက်ပြီး တည်တည်ငြိမ်ငြိမ် အိန္ဒြေရစွာနဲ့ သူ့ကားထဲကို ဝင်ထိုင်လိုက်ပြီး တစ်ခွန်းထဲပဲ သူ့ကိုပြောလိုက်တယ်။

'မြောက်ဥက္ကလာပ မယ်လမုဘုရားကို လိုက်ပို့ပါတဲ့' ဒါနဲ့ပဲ သူ...အိုဂျူးစံကို လိုက်ပို့ဖို့ ကားမောင်းလာခဲ့တာပေါ့လေ။ ဘုရားကိုရောက်တော့ အိုဂျူးစံက သူ့ကိုဘာမှ မပြောတော့ဘဲ ဘုရားထဲ လှည့်ပတ်ကာ ကြည့်သည်။ သူက နောက်ကနေလိုက်နေရ၏။ သူမ လက်ထဲတွင်လည်း ကင်မရာတစ်လုံးကိုကိုင်လို့ထားသည်။

မယ်လမုဘုရားက မည်သည့်စေတီဘုရားများနှင့်မတူ တမူ ထူးခြား၏။ စေတီတော်အပြင် ရုပ်ပွားတော်၊ ရုပ်ထုတော်များကို များပြားစွာ ထုလုပ်ထားခြင်းပင်။ သက်ဆိုင်ရာဌာနတွင် ကင်မရာကြေးပေးဆောင်ပြီး နှံ့နှံ့စပ်စပ်လျှောက်ကြည့်ရင်းနှင့် သူမစိတ်တိုင်းကျ ဓါတ်ပုံရိုက်တော့သည်။ အမှတ်တရ ဓါတ်ပုံရိုက်ဖို့ နေရာတွေက အများသား။



www.burmeseclassic.com

www.burmeseclassic.com



"ဂျူးစံ"

သူ မဝံ့မရဲ ခေါ်လိုက်တယ်။ အိုဂျူးစံ၏ မျက်လုံးရွဲရွဲကြီးတွေက သူ့ဆီရွေ့လာခဲ့သည်။

"ကိုယ် ဓါတ်ပုံရိုက်ပေးမယ်လေ"

တဒင်္ဂလေး သူ့ကိုစိုက်ကြည့်လိုက်သည်။ နောက်တော့မှ

"အင့်"

လက်ထဲမှ ကင်မရာကို သူ့ဆီလှမ်းပေးလိုက်၏။ အဲဒီမှာ သူ အိုဂျူးစံကို အလှအပဆုံးဖြစ်အောင် စိတ်တိုင်းကျ ဓါတ်ပုံတွေ ရိုက်ပေးတော့သည်။

နေရာမျိုးစုံ...

ရှုခင်းမျိုးစုံ...

အနေအထားမျိုးစုံ...

အိုဂျူးစံပျော်လို့ မြူးလို့ ရွှင်လို့ အရင်နေ့ကလိုမျိုး ပြန်ဖြစ်လို့လာ၏။ ဩော်...မိန်းကလေးများ ဓါတ်ပုံရိုက် တော်တော်ဝါသနာပါကြသည်ထင်၏။ အိုဂျူးစံကြတော့ တစ်နိုင်ငံကနေ လာတာဆိုတော့ အမှတ်တရအနေနှင့် ပို၍ရိုက်ဖြစ်တာပေါ့။ ရိုက်ဖြစ်တာက နေရာလပ်ကို မကျန်အောင် ရိုက်ခဲ့ပါသည်။

ဖလင်လည်း (၂)လိပ်လောက် ကုန်သွား၏။ ဓါတ်ပုံရိုက်ခြင်း





...ကျိုးကြောင့် သူနှင့်အိုဂျူးစံတို့ နှစ်ယောက် စကားတွေ ပြောဖြစ်...သွားကြတယ်။

"ရှန်"

ဘုရားအရှေ့ဘက်ရှိ မိချောင်းပြတိုက်ကြီးကို အိုဂျူးစံငေး...တကြည့်ရင်း ခေါ်လိုက်သည်။

"ဘာလဲ...ဂျူးစံ"

"ဒီမိချောင်းပုံကြီးကို ထုလုပ်ထားတာ ဂျူးစံစိတ်ထဲ တော်...တ်ထူးဆန်းနေတယ်"

"ဟိုမှာကြည့်စမ်း ဂျူးစံ"

ဈေးဆိုင်တန်းများရဲ့ နောက်ကျောဘက်ရှိ ချောင်းတစ်ခုကို ...တ်ညှိုးထိုးပြလိုက်သည်။

"အဲဒါ ငမိုးရိပ်ချောင်းလို့ခေါ်တယ်"

"ငမိုးရိပ်ဟုတ်လား"

ဟိုတစ်နေ့က ရှင်မွေ့လွန်းနဲ့ မင်းနန္ဒာ ဇာတ်လမ်းလေးထဲမှ ...ရိပ်ကို မှတ်မိလိုက်သည်ထင်...အိုဂျူးစံက ချောင်းဆီသို့သွား... ကြည့်လိုက်သည်။

"ဒီမယ်လမုစေတီနဲ့ ဒီချောင်းနဲ့ မိချောင်းကြီးကို ဆက်စပ်မှု...ရှိလား ရှန်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း...ရှိလိမ့်မယ်...ကိုယ် သေသေချာချာသိပ်မ
ဘူး။ ဒါပေမဲ့ သိသလောက်တော့ ပြောပြမယ်လေ"

"အင်း...ပြော"

သိချင်သည့်စိတ်က များနေသလားမသိ၊ သူ့မျက်နှာ
ငေးစိုက်ကာ အိုဂျူးစံ ကြည့်နေသည်။ ဖွန်ဦးမောင် မယ်လမုဘု
သမိုင်းအကြောင်းလေးကို အကျဉ်းမျှ ပြောပြလိုက်တယ်။

တရားကျင့်ကြံအားထုတ်နေသည့် ရသေ့တစ်ပါး...ရေ
မျောလာသည့် အတန်ကြီးမားသည့် လမုသီးကို ဆယ်ယူပြီးခဲ့ကြ
လိုက်တော့ မိန်းကလေးငယ်တစ်ဦးကို တွေ့လိုက်ရသည်။
မိန်းကလေးငယ်ကို မယ်လမု မင်းသမီးလေးဟု အမည်ပေးထားလို
သည်ဆိုတဲ့အကြောင်း...

အရွယ်ရောက်လာတဲ့အချိန် သိကြားမင်းက လူ့ပြည်ဆ
လာပြီး မယ်လမုမင်းသမီးလေးနှင့် လက်ဆက်လိုက်တယ်...
နောက် နတ်ပြည်သို့ပြန်သွားခဲ့တော့ မယ်လမုမင်းသမီးလေးက ပူ
ပြီးကျန်ခဲ့ရသည်။ ဒါကို ရသေ့ကြီးက သိကြားမင်းရှိရာသို့ ကျေး
ကလေးနဲ့ စာလွှာပါးလိုက်တယ်။

သည်အထိကို အိုဂျူးစံတစ်ယောက် စိတ်ဝင်တစားနဲ့
ထောင်နေ၏။ သူကလည်း တစ်လုံးချင်းပင် ဖြေးဖြေးသက်သာ





နေပိ၏။

သိကြားမင်းဆီ ကျေးငှက်လေးရောက်သွားတော့ သိကြား
မင်းက စာလွှာလေးဖတ်ပြီးနောက် ရွှေကြုပ်ထဲ နတ်ရေစင်တွေထည့်
ပြီး ကျေးငှက်လေးရဲ့ လည်မှာဆွဲလို့ လူ့ပြည်ကို ပြန်သွားခိုင်းလိုက်
တယ်။ အဲလိုနဲ့ ကျေးငှက်လေးဟာ လူ့ပြည်ပြန်အလာမှာ သိကြား
မင်းရဲ့ မိဖုရားလေးပါးဟာ သိန်းငှက်ကြီးတွေလို ဟန်ဆောင်ပြီး
ကျေးငှက်လေးကို လိုက်ထိုးခဲ့ကြတယ်၊ အဲဒီမှာ နတ်ရေစင်တွေဟာ
မြေအောက်ကို ဖိတ်စင်လို့ သွားခဲ့ကြတယ်ဆိုတဲ့အကြောင်း...

ပင်လယ်ထဲကျသွားတဲ့ နတ်ရေစင်ကို မိချောင်းမတစ်ကောင်
က သောက်မိခဲ့လို့ ငမိုးရိပ်မိချောင်းကို မွေးခဲ့တယ်။ နောက် ကုန်း
ပေါ်က ကျားမတစ်ကောင် သောက်မိလို့ ကျားငစဉ်းလဲဆိုတဲ့ ကျား
တစ်ကောင်မွေးခဲ့ပြီး၊ သမင်မတစ်ကောင်သောက်မိလို့ မဂ်လာဒုံသမင်
ကို မွေးခဲ့တယ်...နောက်ဆုံးကျေးသားလေးက ရသေ့ကြီးဆီ ပြန်
ရောက်တော့ ကျန်တဲ့နတ်ရေစင်ကို မယ်လမုမင်းသမီးလေးကို တိုက်
လိုက်တယ်...အဲဒီမင်းသမီးလေးက ဥက္ကလာပဆိုတဲ့ မင်းသားကို
ဖွားမြင်ခဲ့တာ။

သမိုင်းကြောင်းလေးကိုအတိုချုပ်ရှင်းပြလိုက်ရတဲ့သူ့ကို
အိုဂျူးစံက...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းနန္ဒာမင်းသားလေးက ဒီဥက္ကလာပမင်းရဲ့ သားတော်ပေါ့နော်"

"ဖြစ်နိုင်ပါတယ်...ဂျူးစံ...ဒီချောင်းရိုးတစ်လျှောက်ကလည်း ငမိုးရိပ်မိချောင်း ကျက်စားခဲ့တယ်လို့ ပြောခဲ့ကြတာပဲ၊ ဒီခေတ်လူငယ်တွေက ဒီလိုဒဏ္ဍာရီဆန်ဆန်မျိုးတွေကို လက်ခံချင်ကြတာမှတ်ဖူးလေ...ဒါပေမဲ့ အိုဂျူးစံလည်း မြင်သားပဲ...ကျိုက်ခေါက်စေတီအနောက်ဘက်မှာ ရှင်မွေ့လွန်းနဲ့ မင်းနန္ဒ ဂူပြဿဒ်ကို မြင်ခဲ့တာပဲလေ...ဟုတ်တယ်မှတ်လား"

နောက်တော့ သူနဲ့အိုဂျူးစံတို့နှစ်ဦး မိချောင်းဝမ်းဗိုက်ထဲကရာဇဝင်သမိုင်းကြောင်းကို ဝင်ရောက်ကြည့်ရှုလေ့လာကြ၏။ ပြန်ထွက်လာတော့ အအေးဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်လိုက်ပြီး အအေးမှာသောက်လိုက်စဉ် အိုဂျူးစံက...

"ဇွန်...ဂျူးစံ ဘာဖြစ်လို့ ဒီဘုရားကိုမှ ရွေးပြီးလာခဲ့ရတာလဲဆိုတာ သိလား"

သူ အဖြေမပေးမိပဲ အိုဂျူးစံကိုသာ ငေးကြည့်နေမိလိုက်တယ်။

"ဂျူးစံ မေမေကြောင့်ပေါ့"

ဟုပြောအပြီး မျက်လုံးလေးတွေမှာ အရည်ကလေးများ





လှဲ့သွားပြီး မျက်နှာတစ်ပြင်လုံး ညှိုးငယ်လို့သွားကာ မရွှင်မပြ ဖြစ်သွားသည့် အိုဂျူးစံကိုကြည့်ရင်း ဇွန်ဦးမောင်တစ်ယောက် မှင်သက်အံ့ဩကာ ကြည့်မိလိုက်သည်။

ဟာ...ဘာဖြစ်သွားပြန်တာလဲ...ချက်ခြင်းလက်ငင်းကြီးကို ပုံစံကပြောင်းသွားသဖြင့် သူ့ရဲ့မျက်ခုံးတန်းကြီး နှစ်ဖက်စလုံးကြို့တက်လို့သွားရတော့သည်။

"ပြောစမ်းပါဦး...ဂျူးစံ မေမေနဲ့ ဘယ်လိုပတ်သက်လို့လဲ"

"ဂျူးစံ မေမေကပြောတယ်...မြန်မာပြည်ကိုရောက်ရင်ဆိုက်ဥက္ကလာပက မယ်လမုဆောက်တောင်းပြည့် ဘုရားနဲ့ ရွှေတိဂုံဘုရားကို မေမေ့ကိုယ်စား ဖူးခဲ့ပါလို့ အသေအချာကို မှာခဲ့တာ...ဘာကြောင့်ဖူးခိုင်းတာလဲဆိုတာကိုလည်း ပြောပြတယ်...အဲဒါတွေကိုနောက်ဖြန်ကျ ဇွန်နဲ့ရွှေတိဂုံဘုရားသွားရင်း ပြောပြမယ်သိလား...ဂျူးစံမြန်မာပြည်ကိုလာတာ အဲဒီအလုပ်ကိစ္စပါ"

သူဘာမှ မမေးမပြောတော့ပါ။ မနက်ဖြန် ဘာတွေပြောမှာသော မြန်မာပြည်ကို ရောက်လာတာ အဲဒီကိစ္စဟုဆို၏။ စကားအသွားအလာကို ကြည့်ခြင်းအားဖြင့် အိုဂျူးစံ၏မေမေနှင့် ပတ်သက်နေမည်သား။



www.burmeseclassic.com

www.burmeseclassic.com



ဖွန့်ဦးမောင် အိမ်ပြန်ရောက်တော့ ည(၈)နာရီ ထိုးတော့မည်။ ခြံထဲသို့ ကားမောင်းဝင်လိုက်သည်နှင့် အိမ်အပေါက်ဝတွင် ထူးကျော်နှင့် ရှင်နှောင်းကို တွေ့လိုက်ရတယ်။ ရှင်နှောင်းက သူ့ကားလေးကို မြင်လိုက်တော့ နှာခေါင်းလေးရှုံ့ကာ မျက်နှာလေးမဲ့လို့သွားလိုက်သည်ကို သူမြင်ဖြစ်အောင် မြင်လိုက်သည်။

"မင်း...နောက်ကျလှချည်လား...ဖွန့်"

ကားပေါ်ကဆင်းလိုက်တာနဲ့ ထူးကျော်က အိမ်ပေါ်ကနေ လှမ်းမေးလိုက်သည်။

"ခါတိုင်း ပြန်နေကျအချိန်ပါပဲကွာ"

ရှင်နှောင်း မျက်နှာလေး မဲ့ကာခနဲ့ပြုံးလေး ပြုံးလိုက်တာကို လှစ်ကနဲတွေ့လိုက်ပြန်၏။ ဖွန့်ဦးမောင် မမြင်ချင်ယောင်ဆောင်လိုက်သည်။ ဒီအချိန် သူမကိုဘာမျှမပြောချင်။

"မင်း ထမင်းရော စားပြီးပြီလား"

ထူးကျော်အမေးလိုက်...သူ ရှင်နှောင်းမျက်နှာကို ဖျတ်ကနဲကြည့်လိုက်သည်။ ရှင်နှောင်းက ကပျာကယာ တစ်ဖက်သို့ မျက်နှာလွှဲသွားလိုက်တယ်။ ပြီးတော့မှ...

"ဘာမှမရှိတော့ဘူး...ညနေစာကို အိမ်မှာမစားတာကြာတော့ ချန်မထားတော့ဘူးလေ"





အရွဲ့စကား။ အစောင်းစကားတွေနဲ့ စတင်ပြောလာသည့် ရှင်နှောင်းကို သူမျက်မှောင်ကြုပ်ကြည့်လိုက်ပါတယ်။ တစ်စုံတစ်ရာပြောတော့မည်အလုပ် ရှင်နှောင်းက ဆတ်ခနဲပဲလှည့်ကာ အိမ်ထဲသို့ တန်းဝင်လို့သွားသည်။ ဒီကောင်မလေးတော့ ခက်ပြီ...ပြဿနာ မီးထွန်းရှာနေလေပြီလား။

"ကဲ...အိမ်ပေါ်တက်မနေနဲ့တော့ကွာ...ရွှေညီသည်ကို သွားမယ်"

ဟူး...ခပ်ပြင်းပြင်းလေးပဲ သက်ပြင်းလေးကို ချလိုက်ရင်းက ထူးကျော်ကို ကြည့်လိုက်ပြီး...

"သွားမယ်ကွာ...လာ"

နှစ်ယောက်သား ခြံထဲကနေ လှမ်းထွက်လာခဲ့ကြတော့တယ်။

"ငါ...မင်းကို ပြောစရာရှိလို့ အိမ်ကိုလာပြီး စောင့်နေတာ"

လမ်းလျှောက်လာရင်းမှ ထူးကျော်က သူ့မျက်နှာကို လှည့်ကြည့်ရင်းနှင့် ပြောလိုက်သော်လည်း သူကတော့ တစ်စုံတစ်ခုကို တွေးနေမိသည်။

"ဟော့ကောင် မင်းဘာတွေ တွေးနေတာလဲ...ငါပြောတာကြားရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြားပါတယ် . . . မင်း . . . ငါ့ကိုဘာပြောချင်တာလည်း ရှင်နောင်းနဲ့ ပတ်သက်တဲ့ ကိစ္စလား"

"ဟုတ်တယ်"

"ငါ့အပေါ်ကို ချစ်တယ်ဆိုတဲ့ အကြောင်းကိုပဲ ပြောမှာလား"

"ဟင့်အင်း မဟုတ်ဘူးကွ"

နဲနဲတူးဆန်းလို့သွားသည်။ ဒီကောင်မလေး ဘာပြဿနာတွေဖန်တီးလိုက်ပြီလဲ၊ သူစဉ်းစားကြည့်မိသည်။ စားစရာ၊ ဝတ်စရာ၊ ငွေရေးကြေးရေး၊ အားလုံးအိုကေ၊ ဘာမှလိုလေသေးမရှိ၊ ဒါဆို ဘာလဲ၊ ဟင့်အင်း သူဘာမှမသိ မတွေးတတ်။

"ကဲ... ပြောစမ်းကွာ... နောင်းက ဘာတွေ ဖန်တီးလာပြီလဲ"

"ဖန်တီးထားတာကို အကောင်အထည်ဖော်ဖို့ အချိန်အခါကို စောင့်နေတာ၊ ဗုံးခွဲဖို့ စနက်တံဖြုတ်ယုံပဲ ရှိတော့တဲ့အနေအထားကို ရောက်နေပြီ"

ကျွတ်... ဘာတွေလဲ... ထူးကျော် ဘာတွေပြောမှန်းကို မသိဘူးဖြစ်နေတယ်။ သူခေါင်းခါလိုက်သည်။ ဘာတစ်ခုမှ နားမလည် ဘူးဆိုသော အဓိပ္ပါယ်ပါ... ထူးကျော်ပဲ အူကြောင်ကြားနိုင်သလား၊ သူပဲအူကြောင်ကြောင်ဖြစ်၍သွားသလား မသိတော့။





ထို့ကြောင့် ထူးကျော်၏ မျက်လုံးတွေကို ညှမှောင်မှောင်မှာ စိုက်ကြည့်လိုက်သည်။

"ဟော့ကောင်... ငါ... ဘာမှနားမလည်တော့ဘူး... မင်း ဘာတွေပြောနေတာလဲ"

"ရှင်နောင်းကိစ္စလေ"

"အေးလေ... ရှင်နောင်းကိစ္စမှန်း သိတာပေါ့ ... ခု မင်း ပြောနေတာက လိုရင်းမရောက်တော့ဘူးကွ... အချိန်အခါတွေရော၊ ဗုံးတွေရော၊ စနက်တံတွေရော ဘာမှန်းကိုမသိဘူး... ထွေးကုန်ပြီကွာ"

မကျေမနပ်နှင့် ထူးကျော် မျက်စောင်းထွေ၍ သူ့ကိုကြည့်လိုက်တယ်။ သူမသိချင်ယောင်ကို ဆောင်လိုက်ရသည်။

"မင်းကလဲ ပြောမှာပေါ့ကွ... လောလိုက်တာ"

"လောတာမဟုတ်ဘူး... ပြောစရာရှိလည်း ပြောလိုက်ပေါ့၊ အလကား ပေရှည်နေတာကိုး"

"ကဲ . . . ဒါဆို မင်း . . . အိုဂျူးစ်ကို မင်းနှလုံးသားထဲ ဆွဲသွင်းလိုက်မယ်ဆိုရင် ရှင်နောင်းက ဘာလုပ်မယ်လို့ မင်းထင်သလဲ နှိုင်းမောင်"

"ဒါများ မေးစရာလိုသေးလား ထူးကျော်ရာ... ငါ့ကိုစိတ်



www.burmeseclassic.com

www.burmeseclassic.com



ကောက်မယ်...မခေါ်တော့ဘူး...နောက်ဆုံးကြေကွဲခံစားသွားမယ် ကွာ၊ ဒါတွေဟာလည်း အချိန်တန်တော့ ပြေပျောက်သွားမဲ့ ကိစ္စတွေ ပါ...ဘာများ ထူးဆန်းတာမှတ်လို့လဲ"

"မဟုတ်ဖူးကွ...ရှင်နောင်းက ကိုယ့်ကိုကိုယ် ဆူဆိုက် လုပ်ပစ်မှာတဲ့"

သူ၏တစ်ကိုယ်လုံး စိမ့်ကနဲဖြစ်သွားခဲ့ပါတယ်။ ထိုစကား သည် သူ၏နှလုံးသားကို မီးစတစ်ခုနှင့် ထိုးလိုက်သလို ပူလောင် သွားသည်ဟု ခံစားလိုက်ရသည်။ ထိုခဏ၌ပင် သူသည် ရှင်နောင် ကို ကြောက်စရာကောင်းသည့် မိန်းကလေးတစ်ယောက်မှန်း သိလိုက် ၏။





## အခန်း ( ၁၄ )

တန်ခိုးကြီးဘုရားဆိုတော့ မြို့တွင်းကရော အနယ်နယ် အရပ်ရပ်ကပါ ဘုရားဖူးလာကြသည်မှာ အထူးကိုစည်းကားလို့နေ၏။ ထို့အပြင် နိုင်ငံခြားသား ဧည့်သည်များကိုလည်း တွေ့ရတတ်သည်။

ဒီနေ့ ... သူ့ကို အိုဂျူးစံက ရွှေတိဂုံဘုရားကို ပို့ပေးရန် ပြောလာသဖြင့် ခေါ်လာခဲ့ရသည်။ ဟိုတစ်နေ့ကပင် ပြောထားသဖြင့် သူသိနှင့်နေ၏။ ထို့ပြင် အိုဂျူးစံတွင် ရှိနေသော ဇာတ်လမ်းတစ်ခုကို လည်း နားထောင်ရမည်ကိုသိ၏။ သို့သော် ခုထိ သူမမေးသေး။

ဒဂုန်ခင်ခင်လေး လှူတန်းထားသည့် တန်ဆောင်းပေါ်တွင် နှစ်ယောက်သားထိုင်၍ နေကျပြီးငြိမ်သက်လို့နေသည်။ သူက အိုဂျူးစံ အခြေအနေကို အကဲခတ်လို့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိုဂျူးစံ အမူအရာတွေက အရင်ကနှင့်မတူ ကြည့်နေသည်ကတခြား...တွေးနေသည်ကတခြား ဖြစ်နေသည်ဟု သူသုံးသပ်လိုက်တယ်။

ဘာတွေများ...တွေးနေတာလဲ...

ဘာတွေများ...ပြောချင်နေတာလဲ...

ဘာတွေများ...ခက်ခဲမှုတွေ ရှိနေလဲ...သူသိချင်စမ်းလှပြီ

အိုဂျူးစံ...စေတီတော်ကြီး၏ ထီးတော်ကြီးဆီသို့ ရီဝေသော အကြည့်များနှင့်ကြည့်၏။ ကြည့်နေရင်းနှင့်ပင် မျက်ရည်ဝဲလာသည်။ ကြေကွဲသော မျက်ရည်များ။ ဖျတ်ကနဲ ပုံရိပ်တစ်ခုကို မြင်ယောင်လိုက်တယ်။

"မေမေ...ဖေဖေ"

သူမနှုတ်က အသံထွက်လို့သွားသည်။

မျက်လုံးအစုံကိုမှိတ်လိုက်ရာ မျက်ရည်စက်များ ခုန်ထွက်၍ လာခဲ့၏။ ငိုခြင်းသည် ဝမ်းနည်းခြင်း၏ သင်္ကေတတဲ့လား။

"ဂျူး...ဂျူးစံ...ဘာ...ဘာဖြစ်တာလဲ"

ချက်ခြင်းလက်ငင်း ငိုနေသော အိုဂျူးစံကိုကြည့်ရင်း ရှင်ဦးမောင် ဘာလုပ်ရမှန်းမသိ ဖြစ်လို့သွား၏။ ဘာကြောင့်ငိုတာလဲ။ အိုဂျူးစံကို ငေးကြည့်ရုံမျှတာပါး အခြားမရှိတော့။ သို့သော် စိတ်ထဲ





ကတော့မကောင်း။ သတိတစ်ချက်ကို ဆောင်လိုက်ပြီး အိုဂျူးစံ အငိုကိုတိတ်လိုက်သည်။

"ဂျူးစံ ဘယ်လိုဒုက္ခတွေနဲ့ ရင်ဆိုင်နေရလို့ ငိုကြွေးနေရတာလဲ...ဟင်"

သူ့ရဲ့အသံက စိတ်ထိခိုက်ခြင်းများစွာဖြင့် ထွက်ပေါ်လာခဲ့သည်။ အပြုံးပြုံး အဖြိုင်ဖြိုင် ကျနေသည့် မျက်ရည်များကြားမှ ကြည့်လိုက်ရာ နူးညံ့အေးချမ်းသောအကြည့်ကို သူမျက်ဝန်းတွင် အိုဂျူးစံ မြင်လိုက်ရတယ်။ မျက်ရည်စတွေကို ခါးကြားတွင် ညှပ်ထိုးထားသည့် လက်ကိုင်ပုဝါဖြင့် တို့ထိသိမ်းလိုက်ပြီး...

"တစ်ကယ်လို့ ဂျူးစံရဲ့ မျှော်လင့်မှုတွေ ပျောက်ကွယ်သွားခဲ့ရင် ဂျူးစံလေ...ကိုယ့်ဖာသာကိုယ် ဆုဆိုက်လုပ်ပစ်မလားလို့ တွေးစားမိလိုက်တယ်"

ဗုဒ္ဓေါ...လာပြန်ပြီတစ်ယောက်။ ရှင်နှောင်းတုန်းကလည်း စကားပြောသည်။ ခုလည်း အိုဂျူးစံက ပြောနေပြန်၏။ ဘာလို့ အလျှော့ပေးချင်သည့် စကားတွေ ပြောနေပါလိမ့်၊ အဓိပ္ပါယ်မရှိလိုက်တာ။ အလိုမကျသည့်ဟန်ဖြင့် အိုဂျူးစံကို ကြောင်ငေးကြည့်လိုက်သည်။

"ဂျူးစံ မြန်မာပြည်ကိုရောက်လာတာ ချီရှိရဲ့ ကမ္ဘာ့ဓိုင်နီး



www.burmeseclassic.com

www.burmeseclassic.com



ကိုအမိကထားပြီး လာလုပ်ပေးတာ မှတ်ပါဘူး...ဖွန်"

မှင်သက်အံ့ဩမှုတွေက ရင်ထဲမှာပြည့်သိပ်ကျပ်လို့
တော့သည်။ အိုဂျူးစံအပေါ်သို့ ဘယ်လိုနားလည်ရမှန်းကို မသိ
ပါ။ သူမပြောစကားတွေအရဆိုရင် အိုဂျူးစံမှာ ကိုယ်ရေးကိုယ်
မိသားစုကိစ္စပဲဆိုတာ သူခန့်မှန်းမိလိုက်ပါတယ်။ ဘယ်အတိုင်းအ
ထိ အရေးကြီးနေသည်ဆိုတာကတော့ အိုဂျူးစံ မြန်မာပြည်ကို ရော
လာခဲ့တာကို ကြည့်ခြင်းအားဖြင့် သိနိုင်လောက်ပေသည်မဟုတ်လာ

"အိုဂျူးစံ ပြောတဲ့စကားတွေထဲမှာ လျှို့ဝှက်ချက်တွေ
နက်လို့ နေတယ်ဆိုတာ ကိုယ်သိပါတယ်၊ အဲဒီ လျှို့ဝှက်ချက်တွေ
မျှော်လင့်မှုတွေကို ကိုယ် ကူညီနိုင်မယ်လို့ ဂျူးစံထင်ရင်တော့ ကို
ကိုပြောပြပါလား...ဟို...အတင်းမတိုက်တွန်းဘူးနော် ဂျူးစံ"

အိုဂျူးစံ ပြုံးသည်။ အသက်ပါပါကိုပြုံးပါသည်။ ဖွန်ဦး
ထံမှ အရေးစိုက်မှုတွေ၊ မျှော်လင့်မှုတွေ၊ အကူအညီရရှိမှုတွေ လို
နေမိသည်မဟုတ်လား။ ရွှန်းလဲ့တောက်ပသော -မျက်ဝန်းအကြ
တို့က သူ့ဆီသို့ ရောက်နေပါပြီ။

"ဖွန်ရယ်...ပြောရမှာပေါ့ ... ဖွန်ကိုမှ မပြောရင် ဂျူး
ဘယ်သူ့ကို ပြောရမှာလည်းလို့"

အိုဂျူးစံ ပြောအပြီး သူ့ကိုခပ်ထွေထွေလေး ငေးကြည့်





ည်။ ကျစ်လစ်မာကျောဟန်ရှိ အသားအရေး ဖွေးဖွေးလေး နက်
င်နေသည့် ဆံပင်တို့က လည်ကုပ်ကို ထောက်နေ၏။ မျက်ခုံး
န်း နက်နက်ကြီးတွေက ထင်းကနဲနှင့် မျက်ဝန်းတွေကလည်း
ကြည်မှုအပြည့်ရှိသည့် စူးရှတောက်ပသည့် မျက်ဝန်းမျိုး။ မေးရိုး
ပြွန်ကြီးတွေကလည်း လက်တွေ့ကျကျ ဆုံးဖြတ်တတ်သည့်ဟန်။

အိုလေ...ယောကျ်ားပီသလှသည့် ရုပ်ရည်မျိုး။ ဖြူဆွတ်
ညနေသော ရုပ်အင်္ကျီလည်ကတုံးနှင့် ကချင်ပုဆိုးအစိမ်းကွက်လေး။
နေ့ကျမှ သူဒါမျိုးတွေ ဝတ်လာခဲ့သည်။ ခါတိုင်းဆိုလျှင် စပို့ရှပ်နှင့်
င်းပန်ကို အမြဲတမ်း ဝတ်ဆင်လာခဲ့သည်။

သူနှင့် စတွေ့ခဲ့ရသည်မှာ ရက်ပိုင်းမျှသာ ရှိပါသေး၏။
ရက်ပိုင်းလေး အတောအတွင်းမှာပဲ တစ်ဦးပေါ်တစ်ဦး သံယောဇဉ်
ကြီးက ရစ်ပတ်တွယ်ငင်လို့ လာခဲ့ကြ၏။

တစ်ယောက်နှင့် တစ်ယောက်လည်း အခေါ်အဝေါ်တွေကပါ
ပြောင်းလဲလို့လာခဲ့ပါတယ်။ ကြည့်ပါလား...ဖွန်လို့ တစ်ယောက်က
ပြီး တစ်ယောက်က ဂျူးစံတဲ့၊ အချိန်တိုကာလလေးထဲမှာပဲ ရင်ထဲ
မှာ အချစ်အကြောင်းလေးတွေ ကိန်းဝပ်လို့လာကြပြီ။

သို့သော်လည်း ခြေခြားမြေခြား တစ်နိုင်ငံစီ ဖြစ်နေသည့်
ကွာအဆီးက အုတ်တံတိုင်းတစ်ခုလို သူတို့နှစ်ဦးအား ကာရံထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည့် အတွက်ကြောင့် ရင်ထဲက အချစ်တို့ကို ထုတ်ဖော်ခွင့် မရ ခဲ့ကြပေ။

"ဖွန်...ဂျူးစ်မေမေက မြန်မာလူမျိုးပါ"

ဒါကြောင့်ထင်သည်။ အိုဂျူးစ်၏အလှသည် မြန်မာ မိန်းကလေးများနှင့် တူလှ၏ဟု . . . တစိမ့်စိမ့်ကြည့်လေ မြန်မာ မိန်းကလေးအလှက ပို၍ပေါ်လွင်လို့လာလေ။

"ဂျူးစ် ဇာတ်လမ်းတစ်ပုဒ် ပြောပြမယ်...ဖွန်နားထောင်ပြီး ရင် နားလည်သဘောပေါက်မှာပါ"

"အင်း...ပြောပါ ဂျူးစ်"

ဖွန်ဦးမောင်တစ်ယောက် အရမ်းကို စိတ်ဝင်စားလို့သွား သည်။ အိုဂျူးစ်ကို တစိုက်မတ်မတ်ကြည့်ရင်း ပြောမဲ့စကားကို နား ထောင်ဟန်ပြင်လိုက်သည်။

"အဲဒီ ဇာတ်လမ်းလေးက ဂျူးစ်ဘဝရဲ့ အရေးကြီးတဲ့ အစိတ် အပိုင်းလေး တစ်ခုပါပဲ...ဖွန်...ဒီဇာတ်လမ်းလေးရဲ့အစ ဖြစ်တည် မှုကလည်း မြန်မာပြည် ရန်ကုန်မြို့ရဲ့ မြောက်ဥက္ကလာဆိုတဲ့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုက စပြီးအခြေပြုခဲ့တာပါ"

သူအသာလေးပဲ ငြိမ်၍နားထောင်နေမိတယ်။

"ဂျူးစ်ရဲ့ မေမေ နာမည်က ဂျူးဂျူးနွယ်လို့ ခေါ်တယ်။





...ခုံးသာတဲ့ လှကုံထံရပ်ကွက်တစ်ခုမှာ နေတယ်လေ။ မေမေဟာ ...မိက ကားဒရိုင်ဘာတစ်ယောက်နဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်။ ...ဒီ ဒရိုင်ဘာက မြောက်ဥက္ကလာ မယ်လမုဘုရားနားက ရပ်ကွက် ...စ်ခုမှာနေတယ်တဲ့"

ဇာတ်လမ်းလေးက ခုချိန်ထိ ရိုးရိုးရှင်းရှင်းလေးပဲဟု သူတွေး ...လိုက်သေးတယ်။

"အဲဒါ မေမေ ဂျူးဂျူးနွယ်နဲ့ သူ့ချစ်သူတို့ဟာ အနီးအနား ...က မယ်လမုဘုရားမှာ သစ္စာထားချစ်ခဲ့ကြတာ...မယ်လမုဘုရား ...ဟာသူတို့အတွက် အရေးကြီးတဲ့ အမှတ်တရပေါ့"

ဒါကြောင့် ဟိုတစ်နေ့က မယ်လမုဘုရားတွင် နှံ့နှံ့စပ်စပ်ကို ...ကြည့်ရှုရင်း ဓါတ်ပုံတွေကို ရိုက်လိုက်ကြသည်ကို သူမမေ့ခဲ့။

"တစ်နေ့မှာတော့ မေမေဟာ သူ့ချစ်သူရဲ့ အိမ်မှာချိန်းတွေ့ ...ရင်း ဘဝတစ်ခုအတွက် အရေးကြီးတဲ့ အဖြစ်တစ်ခုရယ်၊ ပြဿနာ ...တစ်ခုရယ် ဖြစ်သွားခဲ့တယ် ဖွန်...အဲဒီအချိန်ဟာ ဘဝနှစ်ခု ...ကိစ်းသွားပြီး ဘဝသစ်တစ်ခုကို စတင်မွေးဖွားသန္ဓေတည်ပေးတဲ့ ...ချိန်ပေါ့"

ပြောရင်းဖြင့် အိုဂျူးစ် ငိုချင်လာမိသည်ထင် မျက်ရည်စ ...တွေလည်း စို့တက်လို့လာချေပြီ။ သူမမျက်ဝန်းထဲ၌လည်း ငိုရိပ်



www.burmeseclassic.com

www.burmeseclassic.com



ယောင်တွေများစွာ ဖြစ်ထွန်းလို့ နေချေပြီလေ။

♡ ♡ ♡

နေရောင်အောက်မှာ ပန်းလေးတစ်ပွင့် ဖူးပွင့်ကာစဆိုတော့ အင်မတန်လှပလို့နေတယ်... အရောင်အသွေးက တောက်ပ ရွှန်းလဲ့လို့နေတယ်ပေါ့လေ။

အဲဒီမှာပဲလေ လိပ်ပြာလေးတစ်ကောင်ပေါ့ ထိုပန်းပွင့်လေးရဲ့နားမှာ တရစ်ဝဲလည်လည်နဲ့ ကူးချီသန်းချီ လုပ်နေတယ်။ သည်လိပ်ပြာလေး ဘာလုပ်မှာလဲ၊ တစ်ခုခုတော့ တစ်ခုခုပဲလေ အကြောင်းတော့ရှိလိမ့်မယ်။

နောက်ဆုံး...ဟော...ကြည့် ... ပန်းပွင့်လေးရဲ့ အပေါ်တည့်တည့်မှာ နားခိုလိုက်တယ်။ သူဘာလုပ်မှာလဲ။ ဪ...ကြည့်စမ်း ဝတ်ရည်စုပ်ယူ သောက်သုံးတာကို။။

အချိန်အတော်ကြာကြာ သောက်သုံးနေတာ လောကကြီးကိုမေ့လို့နေပြီလား။ သည်တွင်ပဲ ထိုလိပ်ပြာလေး တောင်ပံလေးခတ်လိုက်တယ်... ဝတ်ရည်လေး သောက်သုံးတာဝသွားပြီထင်ပါရဲ့။

အင်း ပြောလို့မဆုံးသေး . . . အဝေးကိုပျံထွက်သွားခဲ့ပြီး





ဝတ်ရည်သောက်သုံးခြင်း ခံရတဲ့ပန်းပွင့်လေးဟာ ဘယ်ညာယိမ်းထိုးလှုပ်ရှားရမ်းလို့ ကျန်ရစ်ခဲ့ရှာတယ်လေ။ အဲဒါဘာကြောင့်လဲ။

ငိုကြွေးတာလား။ ဟုတ်မှာပေါ့၊ ပန်းတွေစတင် ဖူးပွင့်လာပြီဆိုတာနဲ့ သူတို့ရဲ့ဝတ်ရည်ကို ပျား၊ ပိတုန်း၊ လိပ်ပြာတို့ကို အခွန်ဆက်သရသလို ဆက်သရတာပဲမို့လား။ ဒါ မျိုးဆက်အသစ်တစ်ခုဖြစ်ပေါ်ဖို့ပဲလေ။ လောကရဲ့နိယာမပေါ့။

"မောင်"

မောင်တဲ့ ... လှိုက်မောနွမ်းလျလျ ဖြစ်နေသည့်လေသံ။ အားအင်ကုန်ခမ်း မောပန်းနွမ်းနယ်လွန်းသည့်လေသံက ဂျူးဂျူးနွယ်၏ နှုတ်ခမ်းမှ ထွက်ပေါ်လာခြင်းပါ။ သူ့ရင်ခွင်ထဲမှာ နွေးထွေးစွာနားခိုရင်းနဲ့ပေါ့လေ။

သူကလည်း ရင်ခွင်ထဲမှ ပျောက်ကွယ်သွားမည်ကို စိုးရိမ်နေသည့်အလား တင်းကျပ်စွာဖြင့် ဂျူးဂျူးနွယ်၏ ထွေးထွေးအိအိကိုယ်လုံးလေးကို ဖက်လို့ထားပြီး တိုးညင်းစွာနှင့် ပြန်ထူးလိုက်တယ်။

"ဘာလဲ...ဂျူးနွယ်"

ဂျူးဂျူးနွယ် မပြောသေး...သူ့ရဲ့အင်္ကျီစမှ ကြယ်သီးတွေကို တပ်လိုက်ဖြုတ်လိုက်နှင့် ကစားလို့နေသည်။ တော်တော်နှင့်မပြောသေးပဲ နေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံးတုံ့တုံ့နဲ့ နေလိုက်တယ်။ ကောင်မလေး ရှက်နေတယ်နဲ့တူတယ်။ သူက ရင်ခွင်ထက်က ဂျူးဂျူးနွယ်ရဲ့ ခေါင်းကဆံတွေကို တရှိုက်မတ်မတ် နမ်းလိုက်ပါသည်။

"မောင့်ကို ဘာပြောချင်လို့လဲ . . . ဟင် . . . ပြောလေ ဂျူးနွယ်"

ဂျူးဂျူးနွယ်က ကြည်ကြည်နူးနူးလေး ရှက်ပြုံးလေးပြုံးရင်း မျက်ဝန်းနက်နက်လေးကို အပေါ်သို့လှန်ကာ သူ့ကိုကြည့်လိုက်တော့ သူက လက်ညှိုးလေးဖြင့် နဖူးလေးကို တောက်လိုက်တယ်။ ကြည်စယ်မှုလေးတွေက ရင်ခုန်ကြည်နူးစရာပါ။

"မောင်ရယ်"

"အင်"

"ဂျူးနွယ် . . . မောင့်ကိုချစ်လွန်းလို့လေ . . . ဂျူးနွယ့်ဘဝကိုပုံအပ်ပြီး ချစ်လိုက်တာနော်...မောင်"

ပြောနေရင်းမှ ထစ်၍ခေါ်လိုက်တယ်။

"ပြောကွယ်"

"ဂျူးနွယ်ရဲ့ အချစ်ကို ယုံပြီလားကွယ်"

သူ...ဂျူးဂျူးနွယ်ရဲ့ ဆံနွယ်စလေးတွေကို ယုယကြင်နာစွာ ပွတ်သပ်လို့နေလိုက်ရင်းက...





"ဂျူးနွယ်ရယ်...မောင်...ဂျူးနွယ်ကို ပိုပြီးတော့ ချစ်ရမြတ်နိုးရပါတယ်"

"ဂျူးနွယ်...မောင့်ကို မခွဲနိုင်တော့ဘူး မောင်ရယ်"

သူ့ရင်ခွင်ထဲကနေ ဂျူးဂျူးနွယ်က သူ့ခါးကိုတင်းကျပ်စွာ ဖက်ထားလိုက်မိတော့သည်။ သူကလည်း ဂျူးဂျူးနွယ်ဦးခေါင်းနှင့် သူ့ပါးပြင်ကို ဖိကပ်ထားပြီး ပူနွေးထွေးအိပျော့ပျောင်းနေတဲ့ ကိုယ်လုံးလေးကို တင်းကျပ်စွာ ပြန်၍ထွေးပိုက်လိုက်တယ်...နောက်တော့မှ

"မောင်က ပိုပြီးမခွဲနိုင်ပါဘူး ဂျူးနွယ်ရယ်...ဒါပေမဲ့လေ"

သူ့စကားလေးက တိုးတိတ်ညင်သာစွာနဲ့ ပျောက်ကွယ်သွားရသည်။ ဂျူးဂျူးနွယ်က သူ့ရင်ခွင်ထက်မှ သူ့ဆီမော့ကြည့်လိုက်ပါတယ်။ အဓိပ္ပါယ်ပေါင်း မြောက်များစွာနဲ့ရယ်။

"ဒါပေမဲ့ ... ဘာဖြစ်လဲ မောင်"

သက်ပြင်းလေးကို မသိမသာ ခိုး၍ကြိတ်ချလိုက်တယ်။ နောက်ပြီး ဂျူးဂျူးနွယ်ကို ရီဝေစွာနဲ့ ကြည့်လိုက်ပြန်တယ်။

"ခုပဲ မောင့်အိမ်ကိုကြည့်လေ"

"ဘာဖြစ်လို့လဲ"

"စုပ်ချာလွန်းတဲ့ အိမ်စုပ်လေးနဲ့ မောင့်ရဲ့လုပ်အားက ဂျူးနွယ်ကို အဆင့်မြင့်အောင် မထားရက်နိုင်ဘူးဖြစ်နေတယ် ဂျူးနွယ်



www.burmeseclassic.com

www.burmeseclassic.com



ရယ်"

"တော်တော့ ... မောင်"

စကားက ခက်ထန်သယောင်နဲ့ မာကျောလို့သွားပါတယ်။ ပြီးတော့လည်း သူ့ရင်ခွင်ထဲမှ လူးလွန့်ကာ ရုန်းထလိုက်သည်။

"ဂျူးနွယ် ဂုဏ်ကိုမက်တာ မဟုတ်ဘူး။ မောင့်ကို မောင့်ကိုသိလား...ဟောဒီက မောင့်ကိုသိပြီလား...ဟွန်း"

စိတ်ဆိုးသလိုလိုနှင့် သူ့ရင်ဘတ်ကို လက်သီးဆုပ်ဖွဖွလေးနှင့် ထုလိုက်၏။ သူကဂျူးနွယ်၏ လက်နှစ်ဖက်ကို ဖမ်းကိုင်ထားလိုက်ပြီး...

"သိပါတယ် ဂျူးနွယ်ရယ်...မောင့်ဂျူးနွယ်လေး မျက်နှာငယ်မှာ စိုးလို့ပြောတာ သိလား"

"မောင်ရယ်...မောင်...ဒီစကားတွေ ဆက်မပြောပါနဲ့တော့နော်"

"ဂျူးနွယ်ရယ်"

တိုးတိုးဖွဖွလေးပါပဲ ငြီးငြူလိုက်ပါတယ်။

"မောင်ရယ်...ဂျူးနွယ်နဲ့မောင့်ကို အဆင်ပြေဖို့ ဂျူးနွယ်နဲ့ ဒယ်ဒီတို့က စီစဉ်ထားပြီးသား"

"ဘာ"





ပြုံးပျော်မြူးကြွနေသည့် ဂျူးဂျူးနွယ်ကို နားမလည်သလိုကြည့်လိုက်သည်။ ဂျူးဂျူးနွယ်ကတော့ သူ့ကို ရွှန်းရွှန်းစားစားနဲ့မခိုတရို့လေးပြုံးကာ ကြည့်နေသည်။

"ကိုယ်တို့နှစ်ယောက်ကိစ္စကို ဂျူးနွယ် အဖေ သိသွားပြီလား"

"အင်း...သိသွားပြီ"

ဟာ...အဲဒါမှ ဒုက္ခ...မနက်ဖြန် ဂျူးနွယ်တို့အိမ် အလုပ်ဆင်းရင်တော့ မျက်နှာပူစရာ...ဘာလို့ ဂျူးနွယ်က ပြောလိုက်ရတာပါလိမ့်။

"ဒါ...ဒါဆို...ဂျူးနွယ် ဒယ်ဒီက"

"ဂျူးနွယ်နဲ့ မောင့်ကို သဘောတူပါတယ်တဲ့ မောင်"

သူ့စကားမဆုံးသေးခင် ဂျူးဂျူးနွယ်က ရယ်ရွှင်ပြုံးတုံ့တုံ့ဟန်နှင့် ပြောလိုက်သဖြင့် ...

"ဟာ...ဝမ်းသာလိုက်တာ...ဂျူးနွယ်ရယ်"

သူက ကြင်နာခြင်းတွေ၊ မြတ်နိုးခြင်းတွေနဲ့ တပြုံးနက်ဂျူးဂျူးနွယ်ကို ရှုမဝမဆုံး ကြည့်လိုက်သည့်အခါ ဂျူးဂျူးနွယ်၏ မျက်ဝန်းနက်နက်ထဲမှာလည်း သူတစ်ယောက်ထဲမှ တစ်ယောက်သာ ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

ခရာတာတာ နွဲ့နှောင်းနှောင်းလေး ခေါ်လိုက်ပြန်တော့

"မောင့်ကို ဘာပြောချင်လို့လဲ"

"မောင်...ဝမ်းသာမဲ့ စကားလေးကို ပြောမလို့"

"ဒါဆို နားထောင်ချင်လာပြီ ဂျူးနွယ်"

"ဂျူးနွယ်နဲ့မောင့်ကိုလေ ရာသက်ပန်မခွဲမခွာပဲ အဆင့်မြင့်မြင့်နေနိုင်အောင်လို့တဲ့"

"အင်း"

"ဒယ်ဒီရဲ့အစီအစဉ်လေးကို မောင်သိအောင်လို့ ပြောချင်တယ်"

သူမဒယ်ဒီရဲ့ အစီအစဉ်လေးဆိုပါလား။ ဘယ်လိုအစီအစဉ်လေးလဲ...သူသိချင်သည့် စိတ်က ချက်ခြင်းပေါ်လာခဲ့သည်။

ကေနွ သူနဲ့ဂျူးဂျူးနွယ်ကို လက်ထပ်ပေးပြီး သူမတို့ရဲ့ မိသားစုလုပ်ငန်းတွင် လုပ်ကိုင်နိုင်းမှာလား။

"ပြောလေ မောင်လည်း သိချင်တယ်"

"ဒီလိုမောင်ရဲ့ ဂျူးနွယ်တို့သားအဖတွေ ဂျပန်ကို အပြီးသွားကြတော့မှာ"

"ဘာ...အပြီးသွားမှာ"





သူ အံ့ဩလွန်းမက အံ့ဩလို့သွားတော့တယ်။ ငေးကြောင်နှာနဲ့ ဂျူးဂျူးနွယ်ကို ကြည့်နေလိုက်မိသည်။ မထင်မှတ်တဲ့စကား၊ ထင်မှတ်တဲ့ အကြောင်းအရာတွေက မထင်မှတ်ဘဲ သူ့ရင်ကို ပူလောင်စေတော့တယ်။

"ဟုတ်တယ်...မောင့်ကိုလည်း ခေါ်သွားဖို့ ဒယ်ဒီက သဘောတူတယ်တဲ့"

ဂျူးဂျူးနွယ် ခပ်ပြုံးပြုံးလေးနဲ့ အားတက်သရော ပြောရှာသည်။ သူမမျက်နှာက ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ ပျော်ရွှင်ခြင်းတွေက ရောပြွန်းလို့နေ၏။

သူကတော့ ဂျူးဂျူးနွယ်ကို ဝမ်းနည်းစွာဖြင့် ခပ်စိမ်းစိမ်းလေး ကြည့်လိုက်မိသည်။ ဂျူးဂျူးနွယ်ပြောလာသည့် စကားတွေက သူ့ဘဝကို သေဆုံးသွားနိုင်၏။

"အဲဒီတော့ မောင်...ဂျူးနွယ်တို့နဲ့ လိုက်ခဲ့ပါ...ဒါမှ မောင်နဲ့ ဂျူးနွယ်တို့ တစ်သက်လုံးပဲ မခွဲမခွာ အတူနေရမှာ သိလား မောင်"

မဖြစ်နိုင်ဘူး...

လုံးဝကို မဖြစ်နိုင်တဲ့ကိစ္စ...

သူ...မျက်စိစုံမှိတ်ပြီး ခေါင်းကိုခါရမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်နိုင်ဘူး...ဂျူးနွယ်...ဒီကိစ္စကို ကိုယ်ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး"

ရုတ်တရက်ပါပဲ...ဂျူးဂျူးနွယ် မှင်သက်အံ့ဩ‌ငေးငိုင်လို့သွားခဲ့တယ်။ သူ့ကိုကြည့်လိုက်ရင်း ရူးသွားသလားဟု ထင်လိုက်ရပါသည်။

"ဘာ...ဘာဖြစ်လို့လဲ...မောင်"

တုန်ရီလှိုက်လှဲစွာဖြင့် မေးလိုက်တော့ သူက ဂျူးဂျူးနွယ်ကို ခပ်စိမ်းစိမ်း ကြည့်လိုက်ပါတယ်။

"ကိုယ်...မြန်မာပြည်ကနေ အပြီးစွန့်ခွာဖို့ဆိုတာ မဖြစ်နိုင်ဘူး ဂျူးနွယ်"

"ဟင်"

မမျှော်လင့်တဲ့ အံ့ဩမှုတွေ ဂျူးဂျူးနွယ်၏ရင်ထဲ ဒိုင်းကနဲ ရောက်လာ၏။

"တစ်ခြားနိုင်ငံမှာ အသက်သေတဲ့အထိ နေရတော့မယ်ဆိုတာ စဉ်းစားလို့ကို မရဘူး။ ဒီမြေမှာမွေး ဒီရေသောက်ပြီး ဒီမြေပေါ်မှာပဲ ကိုယ်သေချင်တယ်"

သူပြောနေသည့် စကားတွေကို နားထောင်ပြီး ဂျူးဂျူးနွယ် ကြောင်အမ်းအမ်း ဖြစ်နေသည်။ နောက်တော့မှ အဟင်း...ဟင်း





ဟင်း အားပါးတရကို ရယ်မောလိုက်ပါတယ်။

"မောင်က တကယ်ရယ်ရတာပဲ...စိတ်ကူးယဉ်မနေပါနဲ့ မောင်ရယ်"

"မောင် စိတ်ကူးယဉ်ပြီး ပြောနေတာမှတ်ဘူး ဂျူးနွယ်"

"ဒီမှာမောင်"

ခပ်ဆတ်ဆတ်လေသံဖြင့် ခေါ်လိုက်ပြီး စူးရှပြင်းထန်စိမ်းလွန်းလှသည့် အကြည့်ဖြင့် ကြည့်လိုက်သည်။ ဂျူးဂျူးနွယ်၏ အကြည့်တို့က သူ့အပေါ်သို့ စိမ်းလွန်းနေသည်ဟု ထင်လိုက်ရသည်။

"ဒီမှာနေရင် ဘာကြီးပွားချမ်းသာလာမှာမို့လို့လဲ...ထမင်းမဝတ်ရုံတမယ်လေးပဲရှိတယ်...ဂျူးနွယ်ကတော့လေ...ခပ်ရှင်းရှင်းပဲ...မောင့်ကိုဘယ်လောက်ကြီးပဲ ချစ်နေချစ်နေ...ထမင်းရည်တော့ မသောက်နိုင်ဘူးမောင်"

သူ စိတ်ပျက်လွန်းစွာဖြင့် ဂျူးဂျူးနွယ်ကို ကြည့်လိုက်သည်။

"ဂျူးနွယ်တို့ကတော့ အားလုံးစီစဉ်ပြီးသွားပြီ . . . သွားဖို့ အဆင်သင့်လည်း ဖြစ်နေပြီ"

"ဂျူးနွယ်တို့ ဘယ်လိုပဲ စီစဉ်ထား မောင်တော့ မလိုက်နိုင်ဘူး...ဂျူးနွယ်"

ဂျူးဂျူးနွယ်၏ အကြည့်တို့က သူ့ထံသို့ ခက်ထန်စွာကျော



www.burmeseclassic.com

www.burmeseclassic.com



စွာဖြင့် စူးရှပြင်းထန်လွန်းလှ၏။ မီးတောက်တစ်ခုသာ ဆိုလျှင်တော့ ပြာကျသွားနိုင်လောက်သည်ထင်။

"စကားကို သေချာစဥ်းစားဆုံးဖြတ်ပြီးမှ ပြောပါမောင်"

"ဒီကိစ္စက စဥ်းစားဆုံးဖြတ်စရာ မလိုဘူး ဂျူးနွယ်"

"ဟင်း...ဟင်း...ဟင်း"

ခနဲ့တဲ့တဲ့ လှောင်ရယ်ရယ်လိုက်တဲ့ ဂျူးဂျူးနွယ်၏ မျက်ဝန်းအစုံမှာ မျက်ရည်တွေက ဝေ့သီလို့လှုံ့ကျလာခဲ့၏။ ရက်စက်လိုက်တာ ဒီကတော့ နှစ်ဦးသား အတူနေရဖို့ကို ကြိုးစားထားလိုက်ရတာ။

ကြည့်စမ်း...ခုတော့ သူက သူမရဲ့ ကြိုးစားမှုကို ဖျွန်းထိုးမှောက်ခုံပြုရက်လိုက်တာနော်။ တော်ပြီ...သူပြတ်သားသလို ကိုယ်ကလည်း ပြတ်သားရတော့မှာပေါ့။ သူမှမကြင်တာ...ကိုယ်ကလည်း စိမ်းရတော့မှာပေါ့လေ။ ဘာဖြစ်သေးလဲ...ဟင်။

"ဩော်...မောင်က ပြတ်ပြတ်သားသားကို ပြောလိုက်တာကိုး။ ကောင်းပြီလေ...ရှင့်သဘောပေါ့ ဒီနေ့ဒီအချိန်ကစပြီး ဂျူးဂျူးနွယ်ဆိုတဲ့ မိန်းမတစ်ယောက်မှာ ချစ်တတ်တဲ့အသည်းနှလုံးဆိုတာ လုံးဝမရှိတော့ဘူး...ရှင့်ကိုလည်း ကျွန်မရင်ဘတ်ထဲကနေ ဆွဲထုတ်လိုက်ပြီဆိုတာ သိထားတော့"

တစိမ်းဆန်စွာ ပြောထွက်လာသည့် စကားတို့က သူ့နှလုံး





သားကို မီးစတစ်စဖြင့် ထိုးလိုက်သလို ပူလောင်လို့သွားတော့၏။ မျှော်လင့်မထားသော စကားလုံးတို့ကို ရုတ်တရက် ပြောလိုက်ရသည်နှင့် ...

"ဂျူးနွယ်...မင်းဘာတွေပြောနေတာလဲ...ဂျူးနွယ်နဲ့မောင်က အရင်လိုချစ်သူဘဝအဆင့်ကနေ ကျော်သွားပြီ ဘဝနှစ်ခုကို တစ်ခုထဲဖြစ်အောင် ထပ်တူပြုလိုက်ကြပြီပဲ"

"တော်...ရှင့်ပါးစပ် ပိတ်ထားလိုက်စမ်း"

ဒေါသကြောင့်ထင် သူမတစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေသည်။ မျက်နှာသေလေးနှင့် သူမကို ငေးကြည့်နေသည့် သူ့ကိုမြင်၍ အသည်းယားသွားမိသည်။ ထို့ကြောင့် သူ၏မျက်လုံးတွေကို စူးရှပြင်းထန်စွာကြည့်လိုက်ပြီး...

"အဲဒါ ရှင့်ကို နောက်ဆုံးလက်ဆောင်ပေးခဲ့တာပဲလို့ မှတ်လိုက်ပါ"

ဂျူးဂျူးနွယ် ပြောပြီး လှျပ်တပြတ်ပဲ သူ့အနားကနေ ထလိုက်တယ်။ ခါးထောက်ပြီး သူ့ကိုရွဲ့ရာစွာ နှုတ်ခမ်းမဲ့ကာ ကြည့်လိုက်ရင်းက...

"အလကား သတ္တိမရှိတဲ့လူ...ရှင့်ကိုကျွန်မရွံ့တယ်...မုန်းတယ်...ထွီ"



www.burmeseclassic.com

www.burmeseclassic.com



လှစ်ကနဲပဲ သူ့အနားက ပြေးထွက်သွားလိုက်၏။

"ဂျူးနွယ်...ဂျူးနွယ်"

သူလှမ်း၍ ဟန့်တားပေမဲ့လည်း ဂျူးဂျူးနွယ် လှည့်၍ မကြည့်တော့ပါ။ သူကမန်းကတမ်းထ၍ ကြည့်လိုက်တော့ ခြံပေါက်ဝရှေ့ရောက်နှင့်နေသည့် ဂျူးဂျူးနွယ်၏ နောက်ကျောပြင်လေးကိုသာ မြင်လိုက်ရတော့သည်။

"မဖြစ်နိုင်ကိစ္စမို့လို့ မောင့်ကိုခွင့်လွှတ်ပေးပါတော့ ဂျူးနွယ်ရယ်"

ဟင်းခနဲ...သူမ၏ သက်ပြင်းချသံက ရှည်လျားလွန်းသည်ဟု တွေးထင်လိုက်မိတယ်။ ညှိုးငယ်သော လေသံလေးဖြင့် ပြောအပြီး ကျလုလုမျက်ရည်စတွေကို အနိုင်နိုင်ထိမ်းလိုက်ရ၏။ ဟင်း သူ့မျက်ဝန်းအကြည့်လေးတွေ အိုဂျူးစံဆီသို့ ဆတ်ကနဲ ရောက်သွားရသည်။

"ဘာဖြစ်လို့လဲ ဂျူးစံ"

"ဝမ်းနည်းချင်လို့ပါ"





ဩော်...ဟုဆိုပြီး ငြိမ်နေလိုက်တယ်။ သူမအမေ ဂျူးဂျူးနွယ်၏အဖြစ်က စိတ်မကောင်းစရာ။ အယူအဆ လွဲမှားမှုတစ်ခုက ဘဝတစ်ခုလုံးကို ပြောင်းလဲသွားစေနိုင်သည် မဟုတ်လား။

သူက အမှတ်တမဲ့ပါပဲ။ ရာဟုထောင့်တွင် ရေသပ္ပါယ်နေသည့် လူများကိုငေးကြည့်လို့နေသည်။ သို့ပေမဲ့ စိတ်အတွေးတို့ကတော့ အိုဂျူးစံ ပြောပြနေသည့် ဇာတ်လမ်းထဲသို့ ရောက်နေ၏။ အိုဂျူးစံကလည်း သူကြည့်နေသည့် နေရာဆီသို့ မျက်ဝန်းအကြည့်ကို လိုက်ရွှေ့ကာ ကြည့်နေလိုက်တယ်။

"ဗွန်"

"ဟင်"

"တနင်္လာနံထောင့်က ဘယ်ဘက်မှာလဲဟင်"

"အရှေ့ဘက်မှဒ်ဖက်မှာလေ...ဘာလုပ်မှာလဲ ဂျူးစံ"

"ဩော်...မေမေ့အတွက် ရေသပ္ပါယ်ပြီး ကုသိုလ်ယူမလို့လေ"

"ကောင်းတာပေါ့ ဂျူးစံရယ်...ဒါနဲ့ ဂျူးစံမေမေရဲ့ ဇာတ်ကဘာယ်လို ဆက်ဖြစ်သွားလဲ"

သူသိချင်နေသည့်အတွက် အားမနာနိုင်တော့ပဲ မေးလိုက်မိတယ်။ အိုဂျူးစံက သူ့ကိုတစ်ချက်ကြည့်လိုက်ရင်းက သူ့အမေ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ဆက်၍ပြောလာ၏။

"ဒီလိုနှင့် ဂျူးဂျူးနွယ်ဟာ သူ့အဖေနဲ့အတူ ဂျပန်ကို အပြီး ထွက်လာခဲ့တယ်၊ ဂျပန်ကိုရောက်ပြီး မကြာခင်မှာ သူ့အဖေ ဂျပန် မိတ်ဆွေတစ်ဦးရဲ့သား နာကာတာစံဆိုတဲ့လူနဲ့ လက်ထပ်ယူလိုက်တယ်"

"ဩော်...ဟိုမှာ အိမ်ထောင်ပြုလိုက်တာကိုး"

"ဟုတ်တယ်...အဲလို လက်ထပ်လိုက်ရတယ်ဆိုတာက လည်း အကြောင်းနှစ်ချက်ကြောင့်ပဲ ဖွန်"

သူငြိမ်၍ နားထောင်နေလိုက်တယ်။ ဘယ်လိုအကြောင်း ကြောင်းတွေကြောင့်လည်း။ သိချင်သည့်စိတ်တွေက ပိုလာခဲ့တယ်။

"ပထမအကြောင်းကတော့ နာကာတာစံဆိုတဲ့ ဂျပန်အမျိုး သားက ဂျူးဂျူးနွယ်ကိုပဲ မြတ်မြတ်နိုးနိုး ချစ်ခင်စုံမက်ခဲ့လို့ပဲ။ နောက် ဒုတိယအချက်က ဂျူးဂျူးနွယ်မှာ မြန်မာပြည်က သူ့ချစ်သူနဲ့ ရခဲ့တဲ့ ကိုယ်ဝန်ရှိနေလို့ပဲ"

"ဟာ"

သူ့ရဲ့မျက်လုံးတွေ ရောင်စုံဖြာကာ တောက်ပလို့လာခဲ့သည်။ အိုဂျူးစံကိုလည်း မျက်တောင်မခတ် ကြည့်နေမိသည်။ စိတ်ထဲမှာ သူ့စိတ်ထဲမှာတော့ ...





"ဖွန်...ဘာမေးချင် သိချင်နေလဲဆိုတာ ဂျူးစံသိနေတယ်၊ ဖွန်သိချင်မေးချင်တာကို ခဏရပ်ထားလိုက်ဦး ဂျူးစံပြောမဲ့စကားတွေ ဆက်ပြီးပြောမယ် ဟုတ်လား"

ဖွန်ဦးမောင် မျက်မှောင်ကြုတ်ပြီး ခေါင်းညိတ်လိုက်ရတယ်။ စိတ်ထဲမှာတော့ လိပ်ခဲတင်းတင်းကြီးပေါ့လေ။

"ဒီလို ကိုယ်ဝန်ရခဲ့တာကိုလည်း နာကာတာစံ ဆိုတဲ့လူကို ဖွင့်ဖွင့်လင်းလင်း ဖွင့်ပြောခဲ့ပြီးမှ လက်ထပ်ခဲ့ကြတာပါ ဖွန်"

ဖျတ်ကနဲ သူ့မျက်ဝန်းမှာ နာကာတာစံ၏ ပုံရိပ်ကို မြင် ယောင်လိုက်သည်။ အင်မတန် လေးစားဂုဏ်ယူလိုက်သည့် ပုဂ္ဂိုလ် ဘူ သူ့အထင်ကြီးလေးစားသွားရတယ်။

"ရှိရှိဟာ အင်မတန်မှ အနစ်နာခံပြီး မေမေ ဂျူးဂျူးနွယ်ကို ချစ်ခဲ့တဲ့သူပါ...ဂျူးစံရဲ့ဘဝမှာ ရှိရှိကို ဘယ်လိုလူစားမျိုးနဲ့မှ အစား ထိုးလို့ မရပါဘူးလေ...

နောက်တော့ ဂျူးဂျူးနွယ်ဟာ ခလေးတစ်ယောက်ကို မွေးဖွားခဲ့ပါတယ်...မွေးတဲ့အချိန် မီးတွင်းထဲမှာပဲ...မေ...မေ... ဘာ...ဆုံးပါးသွားခဲ့ ... တယ်...အဟင့် ... ဟင့် ... ဟင့်"

ပြောပြနေသည့် စကားတွေက တဖြည်းဖြည်း တိုးလို့ တိုးလို့ သွားကာ ပိုရှိုက်သံတွေနှင့်အတူ မျက်ရည်များက ပါးပြင်ထက်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ကြွေကျလို့လာခဲ့တော့သည်။

အိုဂျူးစံ ညင်ညင်သာသာလေး ငိုရှိုက်လို့နေတယ်။ ရင်ထဲက တင်းကျပ်ခံစားနေရသည့် ဝေဒနာက ထုနဲ့ထည်နဲ့ မဟုတ်လား ငိုစမ်း...ငိုလိုက်စမ်းပါ...အားရအောင်သာ ငိုလိုက်စမ်းပါ...အိုဂျူးစံ...မငိုပါနဲ့လို့ တားမိရင် ကိုယ်ချင်းစာစိတ် မရှိတဲ့လူ ဖြစ်သွားလိမ့်မယ်...ဒါကြောင့်မို့လေ...ငိုနေတာကို သူမတားရက်တော့ပါ။

ခဏလောက် စိတ်ကိုလွှတ်ပေးလိုက်ရခြင်းသည် တင်းကျပ်နေသည့် စိတ်အစိုင်အခဲတို့ ကြေမွပျက်စီးသွားကြရသဖြင့် လွတ်လပ်သော ပေါ့ပါးသောစိတ်တို့က အသစ်အဆန်းသဖွယ် ဖြစ်လာကြသည်ပဲလေ။ ခုလည်းကြည့်ပါ။

အိုဂျူးစံတစ်ယောက် အားရအောင် ငိုလိုက်နိုင်ခြင်းသည် သူမအတွက် ထွက်ပေါက်တစ်ခု ရလိုက်သည်နှယ် စိတ်ထဲပေါ့ပါး လန်းဆန်းသွားခဲ့ရပြီ။

"မွေးလာတဲ့ ကလေးက မိန်းကလေး...အဲဒီကလေးရဲ့ နာကာတာစံက သိပ်ချစ်တာ...အရမ်းဂရုစိုက်တာ...ယုယုယယနဲ့ ကျွေးမွေးစောင့်ရှောက်ခဲ့တာ နာမည်ကိုပေးတာတောင်မှ သူ့နာမည်လေးလည်းပါအောင် မှည့်လိုက်တာ အိုဂျူးစံတဲ့"

နှစ်ယောက်သား မျက်လုံးချင်းတွေ ဆိုင်သွားကြသည်။





တစ်ဦးကိုတစ်ဦး ရူးရူးနင့်နင့်ကို ကြည့်နေကြသည်။

တစ်ဦးက စာနာခြင်း၊ သနားခြင်း၊ ဂရုဏာထားခြင်းတွေ၊ နောက်...မြတ်နိုးခြင်း၊ ချစ်ခြင်းတွေနဲ့ပေါ့။

နောက်တစ်ဦးကျတော့ ... မှီခိုခြင်း၊ အားထားခြင်း၊ မျှော်လင့်ခြင်းတွေ၊ နောက်...မြတ်နိုးခြင်း၊ ချစ်ခြင်းတွေနဲ့ပေါ့လေ။

"ဂျူး...စံရယ်"

ဒီထက်ပိုပြီးတော့ သူမပြောနိုင်တော့။ အိုဂျူးစံ၏ အဖြစ်တွေက တစ်ကယ့်ကို လွမ်းရတဲ့ အဖြစ်ကလေးတွေရယ်ပါ။

"စိတ်မကောင်းမဖြစ်ပါနဲ့ ဖွန်ရယ်...ဂျူးစံရဲ့ ကုသိုလ်ကံကိုက ဒီလိုပဲ ဖန်တီးလာခဲ့တာပါ.. ဘယ်တတ်နိုင်ပါ့မလဲနော်"

ကိုယ့်ဘဝကိုယ် ကျေနပ်နှစ်သိမ့်နိုင်စွမ်းသော အိုဂျူးစံအား သူအထင်မကြီးပဲ မနေနိုင်တော့။

"ဂျူးစံရဲ့ ကျွဲဖခင် နာကာတာစံဟာ မြန်မာပြည်မှာ ကျူးကျော်တောင်ပြီး အလုပ်လုပ်တဲ့ ရည်ရွယ်ချက်တွေထဲမှာ ဂျူးစံရဲ့ အဖေအရင်းကို တွေ့အောင်ရှာဖို့အတွက်ပါ ပါတယ် ဖွန်။ ဒါကြောင့်လည်းပဲ ဂျူးစံ မြန်မာပြည်ကို ရောက်လာခဲ့တာပါ"

ဖွန်ဦးမောင် ရင်ထဲမှာ အရမ်းကို ကျေနပ်နှစ်သိမ့်နေမိတယ်။ အဘယ်ကြောင့်ဆိုသော် အိုဂျူးစံသည် မမျှော်လင့်သော မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ဦး ဖြစ်နေသောကြောင့်ပင်။

"ဂျူးစံရဲ့ မေမေဟာ မြန်မာပြည်က ကျန်ခဲ့တဲ့ ဖေဖေ့ မုန်းသွားခဲ့ပေမဲ့ မမေ့ခဲ့ပါဘူး...ဒါကြောင့် ချိချို(နာဂကာတာစံ) ဂျူးစံအရွယ်ရောက်လာရင် မြန်မာပြည်က ဖေဖေနဲ့တွေ့ပေးဖို့ ဂျူးစံကိုယ်ဝန်ရှိစဉ်ကတည်းက မှာထားခဲ့တာ"

"ဒါဆို ဂျူးစံ မြန်မာပြည်ကိုလာတာ အဖေအရင်းကို လာ တာပေါ့ ဟုတ်လား"

အိုဂျူးစံ ခေါင်းညိတ်လိုက်သည်။

"ဘယ်မှာ နေတယ်ဆိုတာကော သိပြီလား"

"ဟင့်အင်း...မသိသေးဘူး...မေမေ, ဖေဖေနဲ့ခွဲလာ အချိန်တုန်းကတော့ ဖေဖေတို့က မြောက်ဥက္ကလာက မယ်လမုတ နားမှာ နေတယ်လို့တော့ ပြောတာပဲ"

"ဟုတ်လား...ဒါနဲ့ အိုဂျူးစံအဖေ နာမည်က ဘယ်သူ သိလား"

"နေဦး...ဖွန်ကိုပြရဦးမယ်...ဂျူးစံဖိုင်တွဲထဲမှာ အဖေ အမေရိုက်ထားတဲ့ ဓါတ်ပုံရှိတယ်"

သူလည်းကြည့်ချင်စိတ်တွေ များသွားသည်။ အိုဂျူးစံသည် သူမမေမေနှင့် တူနေသလား...ဒါမှမဟုတ်...သူမ ဖေဖေနှင့်





တူနေလားပေါ့လေ။

အိုဂျူးစံသည် သူမနံဘေးနားတွင်ချထားသည့် ဖိုင်တွဲလေး ကို ကောက်ယူလိုက်ပါတယ်။ ဒါကို သူကြည့်လိုက်တော့ ကောင်း ကောင်းမှတ်မိလိုက်၏။

ထိုဖိုင်တွဲလေးသည် ကျန်ခဲ့သည့် တစ်ပတ်ဆယ်ရက် လောက်က သူ့ကားပေါ်တွင် ကျန်ခဲ့သဖြင့် နောက်တစ်နေ့ကျမှ အိုဂျူးစံထံ ပြန်ပို့လိုက်ရသည်ကို အမှတ်ရလိုက်သည်။

အိုဂျူးစံ ဖိုင်တွဲဇစ်ကို ဆွဲဖွင့်လိုက်တယ်။ ပြီးတော့ တစ်စုံ တစ်ခုကို နှိုက်ယူလိုက်၏။ သူမလက်ထဲမှ ဓာတ်ပုံ ၄-၅ပုံ ဟောင်း နွမ်းလို့နေသည်။

"ရော့ ... ဖွန်...ဒါ...အိုဂျူးစံရဲ့ အဖေနဲ့အမေရဲ့ပုံတွေ"

လှမ်းပေးလာသည့် ဓါတ်ပုံကို လျှင်မြန်စွာ လှမ်းယူလိုက်ပါ တယ်။ ပြီးတော့ စူးစူးရဲရဲ ကြည့်နေလိုက်သည်။

"ချစ်သူဘဝတုံးက ရိုက်ထားတဲ့ပုံလို့ မေမေကပြောတယ်"

ဓါတ်ပုံထဲမှာက ငယ်ရွယ်နုပျိုစဉ်တုံးက ရိုက်ထားခဲ့ကြသည့် ပုံ။ အင်မတန် အတွဲညီကြသည့် စုံတွဲတစ်တွဲဖြစ်ပေ၏။ အိုဂျူးစံ၏ အမေသည် ငယ်စဉ်အခါက အလွန်လှပခဲ့သော အမျိုးသမီးတစ်ဦးပေ။ သူမ၏ အလှအပတရားတို့ကို အိုဂျူးစံထံသို့ ပေးထားခဲ့ပုံတူ၏။



www.burmeseclassic.com

www.burmeseclassic.com



အိုဂျူးစံ၏ အဖေကို သူစိတ်ဝင်စားလို့ သွားခဲ့တယ်။ မြင်ဘူ
သလိုလိုရှိတယ်ဟု စိတ်ထဲက ထင်နေလိုက်သည်။ ဘယ်မှာမ
တွေ့ခဲ့ဘူးပါလိမ့်။ သူစဉ်းစားကြည့်လိုက်၏။

"ဂျူးစံရဲ့ အဖေနာမည်က ဦးအောင်ထက်တဲ့"

"ဟင့်"

အိုဂျူးစံ ပြောလိုက်တော့မှ သူသိလိုက်တော့သည်။ ရင်
တွင်လည်း လှိုင်းတံပိုးတွေ ထန်လို့သွား၏။ လုံးဝမမျှော်လင့်
အကြောင်းတရားတွေက ထိတ်လန့်စွာနဲ့ အံ့သြခဲ့ရသည်။ ဦးအော
ထက်၏ ငယ်ရုပ်သွင်ကို သူမှတ်မိလိုက်သည်။

"ဘယ်လိုလဲ ဇွန်... ဂျူးစံရဲ့ အဖေနဲ့အမေက ခန့်ချော
တွေနော်"

ဇွန်ဦးမောင် တစ်ယောက် ဓါတ်ပုံကိုကြည့်ရင်းမှ ခေါ
ညိတ်ပြသည်။

"အဖေ့ကို ဘယ်လိုရှာရမှန်း မသိဘူး ဇွန်ရယ်"

"နေပါဦး ဂျူးစံရယ်... ဂျူးစံအဖေက သေဆုံးသွားခဲ့
ရော ဂျူးစံဘယ်လိုလုပ်မလဲ... ဆောရီးနော်... ကိုယ်စကားအ
စွန်းထိကို ပြောလိုက်တာက... ဂျူးစံအနေနဲ့ စိတ်ထိခိုက်ရမဲ့ ခံစား
ကို ကြိုတင်ကာကွယ်မှု ရအောင်လို့ပြောတာပါ"





အိုဂျူးစံ ယဲ့ယဲ့လေး ပြုံးလိုက်၏။ မချိပြုံးလေးဟု သူထင်
လိုက်ပါတယ်။

"ဂျူးစုကို ခုလိုသတိပေးတဲ့အတွက် Thank You ပဲ ဇွန်။
ဘယ်လို အဖေသေသွားခဲ့ရင် အဖေ့ရဲ့ မိသားစုတော့ ရှိခဲ့မှာပေါ့။
မယ်ဆိုရင်လေ ဂျူးစံတွေ့ချင်တာပေါ့"

ရင်ထဲမှာ ကျင်ခနဲခံစားလိုက်ရသည်။ မိသားစုငတ်နေသော
တစ်ယောက်ကို အလွန်ကိုယ်ချင်းစာမိ၏။ သို့သော် မကြာခင်
လေးမှာ ဂျူးစံတွေ့ချင်သော မိသားစုကို တွေ့ရပါသည်။ ဂျူးစံ
ယောက် ပျော်ရွှင်ရပါတော့မည်။ ထို့အပြင် အလွန်ချောမောလှပ
သော ညီမတစ်ယောက်ကိုလည်း ပိုင်ဆိုင်တာတွေ့မြင်ရပါတော့

အဘယ်ကြောင့်ဆိုသော် အိုဂျူးစံ၏ အဖေဦးအောင်ထက်
ညီ ရှင်နှောင်း၏ အဖေဖြစ်နေခြင်းကြောင့်ပင် မဟုတ်ပါလား။

"ကိုယ်တို့မနက်ဖြန်ကျတော့ ဂျူးစံရဲ့ အဖေကို သွားရှာကြ
ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ဒီညလပြည့်ည မဟုတ်သော်လည်း လမင်းက ထိန်ထိန်သာလို့နေပါတယ်။ ဖွန်ဦးမောင် အိမ်ရှေ့ကွပ်ပျစ်မှာ ပလက်လှန်ကျောခင်းရင်း မိုးကောင်းကင်ကြီးပေါ်သို့ ကြည့်နေမိသည်။ ကြယ်တာရာပွင့်လေးတွေကလည်း တလင်းလင်း တလက်လက်နဲ့ လမင်းနဲ့အပြိုင် ထွန်းလင်းတောက်ပလို့နေသည်ကို ငေးကြည့်နေမိတယ်။

ဩော်...ကြယ်ကလေးတွေ သူ့အစွမ်းအစနဲ့သူ အပြိုင်ထွန်းလင်းလို့နေကြတာ။ တစ်ချို့က အစုလိုက်အပြုံလိုက် တစ်ပေါင်းတစ်စည်းထဲ တစ်ချို့က တစ်လုံးတည်းတည်း အဖော်မဲ့ဘဝ၊ ဖျတ်ကနဲ အိုက်ဂျူးစံကို သတိရလိုက်သည်။

အိုက်ဂျူးစံသည် တစ်လုံးတည်းသော အဖော်မဲ့ ကြယ်တာရာ





...းတစ်လုံး...

"ဟူး..."

သူ့သက်ပြင်းချလိုက်သံက အနည်းငယ်ကျယ်သွားခဲ့၏။ ...ကို အားလုံးကလှည့်၍ ကြည့်လိုက်ကြတယ်။ အိမ်ရှေ့ကပြင်မှာ ...တို့အားလုံး စုထိုင်လို့နေကြခြင်းပါ။

ဒေါ်ခင်မေသိန်းနှင့် ဒေါ်ခင်နှောင်းမေတို့ နှစ်ဦးကတော့ ...နွေးချမ်းသောက်ရင်း ထွေရာလေးပါးစကားတွေ ပြောလို့လေ။ ...ှင်နှောင်းကတော့ အနားမှာထိုင် နားထောင်လို့ လက်ဖက်သုတ် ...း်ကန်ကို သူချည်းနှိုက်စားလို့နေတာပေါ့။

"သား...ဘာဖြစ်လို့လဲ"

ဒေါ်ခင်နှောင်းမေက မေးလိုက်ရင်း သူ့ကိုအကဲခတ်လိုက်၏။ ...က ခေါင်းထောင်၍ ကြည့်လိုက်တော့ ...

"သားက ဘာတွေများ စဉ်းစားနေတာလဲ"

သူ့အမေ ဒေါ်ခင်မေသိန်းကပါ မေးလာပြန်သည်။ ...င်နှောင်းက သူ့ကိုစူးစမ်းသယောင်နှင့် ကြည့်နေရှာ၏။ လက်ဖက်...သုတ်စားတာတော့မပြတ်။

"ဟင့်အင်း...ဘာမှမဟုတ်ပါဘူး"

ပါးစပ်ကပြောလိုက်သော်လည်း မျက်လုံးအကြည့်က ရှင်



www.burmeseclassic.com

www.burmeseclassic.com



နှောင်းဆီ ရောက်နေ၏။ ရှင်နှောင်း၏ ရုပ်ကအိုဂျူးစံနှင့် ရုပ်ခြင်း ခပ်ဆင်ဆင်ဟု စိတ်ထဲကနေ နှိုင်းယှဉ်နေမိသည်။

အင်း...သူတို့နှစ်ယောက်လုံး ဖအေတူရုပ်တွေပဲ။ ဦးလေး ဦးအောင်ထက်သည် ရုပ်ရည်ချောမောသော လူရည်သန့်တစ်ယောက် ဖြစ်ခဲ့ပါသည်။

"သူ့ကို ဂျပန်မက ပြုစားလိုက်ပြီလေ...ကြည့်ပါလား ကြောင်တောင်တောင်နဲ့"

နှုတ်ခမ်းလေးရွဲ့ မျက်စောင်းလေးထိုးလို့ ပြောနေသည့် ရှင်နှောင်းကို မျက်မှောင်ကိုကြုံ့လို့ အလိုမကျဟန်နှင့် ကြည့်လိုက်သည်။ ရှင်နှောင်းက မသိသလိုနှင့် ဟိုဘက်ကို လှည့်နေလိုက်၏။

"နှောင်း...ပေါက်ကရတွေကွာ"

ရှင်နှောင်း နှုတ်ခမ်းကိုစူထားလိုက်ပြီး..

"ဟော...တွေ့လား...အမေသိန်း...သူ့ဂျပန်မထိတော့ နာတတ်သွားလိုက်တာ"

"ဟဲ့ ... သမီး အဲလိုမပြောနဲ့လေ ဟင်းနော်"

ဒေါ်ခင်နှောင်းမေ ကြိမ်းလိုက်တော့မှ သူ့ကိုမျက်စောင်းထိုး ပြလိုက်သေး၏။ မလွယ်...တစ်ကယ့်ကိုမလွယ်တဲ့ ကောင်မလေး။ အိုဂျူးစံနှင့် ဘာမျှမဆိုင်။ ဒါတွေကြောင့် ချစ်လို့မရတာလားဟု သူ





တခဏအတွင်း တွေးလိုက်မိတယ်။

"သူ့ကို အဲလိုဆူပေးမှ အန်တီမေ နို့မို့စကားအကောင်း မပြောရဘူး...ဟွန်း...ကောင်းလိုက်တာ"

သူကလည်း အတို့အထောင်...ဒေါ်ခင်နှောင်းမေကို ပြော လိုက်ရင်းက ရှင်နှောင်းကို မျက်လုံးလေးပြူးကာ ပြောင်လိုက်တယ်။ သူ့အမေကြောင့်ထင် ရှင်နှောင်းက အသံမထွက်ပဲ စကားတွေ ပြော နေ၏။ သူ့ကိုမျက်စောင်းလေးထိုး ပါးစပ်ကစူပုတ်လို့ ပွစိပွစိနဲ့ပြော လက်ဖက်သုတ်တွေ တစ်ဇွန်းပြီးတစ်ဇွန်း ကော်,ကော်စားနဲ့ စိတ် ကောက်သွားတော့သည်။

"ဟော့ ... ငါ့ဘို့ကိုလည်း ချန်ထားဦး"

"မချန်ဘူး...ကုန်အောင်စားပစ်မယ်"

"အေး...စား...စား...ဝမ်းချုပ်နေလို့ ဖင်ကွဲနေဦးမယ်"

"ဘာ"

"ဩော်...သားကလည်း မစစမ်းပါနဲ့"

ပြုးဖြီးဖြီးနဲ့ သူကရှင်နှောင်းကို ကြည့်နေလိုက်တယ်။ ရှင်နှောင်းက မကျေမနပ်နဲ့ ဖြစ်လို့နေတယ်...နောက်တော့မှ...

"အန်တီမေနှင့် အမေ့ကို ပြောရဦးမယ်"

"အင်း...ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မေသိန်းက အသက်မပါသလို မေးလိုက်တယ်။ ဒေါ်ခင်နှောင်းမေကာ ဘာပြောမှာလည်း ဆိုသည့်အနေဖြင့် နားထောင်လို့နေသည်။

"သား...မနက်ဖြန်ကျရင် အိမ်ကိုညှိသည့်တစ်ယောက် ခေါ်လာမလို့"

"ဟို...ဂျပန်မလေးကိုလား"

ရှင်နှောင်းက အတင်းဝင်ပြောလိုက်သဖြင့် သူ့မျက်ဝန်းက ဇွေ့ကနဲ ရှင်နှောင်းထံ ရောက်လို့သွားပြန်တော့တယ်။

"နှောင်း...အသာလေး ငြိမ်ငြိမ်နေစမ်းပါဟာ...လူကြီးတွေကြားထဲ ရှုပ်ရှုပ်တွေ ဝင်မပန်းနဲ့"

"ဟယ်...ကြည့်စမ်း...လူကိုများ...ဒါသက်သက်စော်ကားတာ...လူကိုကလေးများ အောက်မေ့နေလား...ဟွန်း...အမေသိန်းတွေ့လား...အမေသိန်းသားပြောပုံကို"

"သားကလည်းကွယ် သမီးလေးနှောင်း စိတ်ဆိုးတတ်တာသိသားနဲ့ သူမကြိုက်တာကို မပြောပါနဲ့လို့ဆိုမှ"

"သမီးကလည်း သားကချစ်လို့စတာ စိတ်ဆိုးရလားလို့"

ဒေါ်ခင်မေသိန်းနှင့် ဒေါ်ခင်နှောင်းမေတို့နှစ်ဦးက ဟန့်တားပြောဆိုလိုက်တော့မှ နှစ်ယောက်သား ငြိမ်သွားတော့သည်။ ရှင်နှောင်း





ကတော့ မျက်နှာလေး ရှုံ့မဲ့လို့ မကြည်သောအသွင်ဖြင့် မတည့်အတူနေ ဆိုသည့်စကားက မှန်နေပြီဟု ဒေါ်ခင်နှောင်းမေ လက်ခံလိုက်ရပြီ...ဖွန့်ဦးမောင်နှင့် ရှင်နှောင်းတို့ နှစ်ဦး ခုလိုနေထိုင်ခြင်းသည် ရင်တွင်းက တကယ်စိမ်းစိမ်းကားကား ဖြစ်နေခြင်းမဟုတ်မှန်း နားလည်ထားမိသည်။

မမြင်အပ်နိုင်စွမ်းသော သံယောဇဉ်မေတ္တာနှောင်ကြိုးက ရစ်ပတ်ချည်နှောင်ထားပြီးသား ဆိုတာကို သူတို့နှစ်ယောက် မေ့လျော့နေဆဲပဲဟု တွေးမိလိုက်ပါတယ်။

"သား...သားရဲ့ညှိသည့်ကို ခေါ်လာခဲ့လေကွယ်...အန်တီမေတို့ကို ခွင့်တောင်းနေသေးတယ်...သားရဲ့ညှိသည့်ကို ညှိဝတ်ကျေပွဲမယ်ကွယ်"

"ချယ်ရီ ညှိသည့်က အရမ်းအရေးကြီးတဲ့ ညှိသည့်မို့လို့ပါ"

"အေးပါ...သားရယ်...သား စိတ်ချလက်ချ ခေါ်လာခဲ့ပါကွယ်"

ရှင်နှောင်းလေးကတော့ သူ့ကို မကြည့်ရေးချမကြည့်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

"ဟာကွာ"

"ဘာ...ဘာကွာ"

"ဟာ...ဟုတ်ရဲ့လား"

ဖွန်ဦးမောင် ပြောလိုက်သည့် စကားကြောင့် သူတို့အားလုံး ထူးဆန်းစွာ အံ့သြသွားကြသည်။ ဟုတ်မှဟုတ်ပါလေစဟု သံသယများဝင်ရောက်လို့ နေကြတယ်။

အိုဂျူးစံနှင့် ရှင်နှောင်းတို့က ဖအေတူ ညီအစ်မတွေဟု ပြောလိုက်ခြင်းသည် ပထမတော့ သူတို့အတွက် ပြက်လုံးတစ်လုံး သဖွယ် ရယ်မောဖွဲ့ခဲ့ကြသည်။

တကယ်တည်တည်တံ့တံ့နှင့် ပြောပြရှင်းပြလိုက်တော့မှ ယုံရ





ခက်ခက်နှင့် ယုံသွားကြသည်။

ဟိုးအဝေး နိုင်ငံခြားတိုင်းပြည်တစ်ပြည်ဖြစ်တဲ့ ဂျပန်ပြည်က ကောင်မလေးတစ်ယောက်နဲ့ မြန်မာပြည်က ကောင်မလေးတို့ တစ်ယောက်နဲ့တစ်ယောက် ဖအေတူ မအေကွဲ ညီအစ်မတွေ လာဖြစ်ကြတာဟာ ကံကြမ္မာရဲ့ မျက်နှာပေးမှုကြောင့်လား...အတော်လေးကို ထူးဆန်းလွန်းလှတယ်။

"မင်းပြောတာ ဟုတ်ပါတယ်နော်...ပိုင်"

"ဟုတ်ပါတယ်...ထူးကျော်ရယ်...မင်းကိုငါ ဘာလို့ ညာပြောရမှာလဲကွာ"

ထူးကျော်လည်း နှုတ်ဆိတ်ငြိမ်သက်လို့သွားရတယ်။ မကြုံဘူးသေးသည့် ဇာတ်လမ်းတစ်ခုက ဆန်းကြယ်လွန်းနေသည့်အတွက် မှင်သက်အံ့သြတွေဝေ ငေးမောနေမိတယ်။

"ဖြစ်နိုင်ခဲ့လှတဲ့ ဒီအဖြစ်တွေ ကိုယ်တိုင်တွေ့ခဲ့ သိခဲ့လို့သာ ငါယုံလိုက်ရတာ ဖွန်ဦးမောင်...ဒါနဲ့ မင်းလည်း သူတို့ကို ညီအစ်မမှန်းသိသွားတော့ ဘယ်လိုခံစားရသွားလဲ"

သူ့ရဲ့ခံစားမှုကို အော်ကျော်ထွန်းက မေးလိုက်သဖြင့် ..

"အင်း"

သူ့ရင်ထဲက တင်းကျပ်နေသည့် ခံစားမှုကို ဖော်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်တာလား...သက်ပြင်းလေးကို ချလိုက်တာလားတော့ မသိ...ရင်ထဲမှာတော့ ပေါ့သလိုတော့ ခံစားမိလိုက်တယ်။

"ချစ်တီးရာ သိလိုက်ရတဲ့အချိန်မှာ ငါ့ရင်ထဲမှာ အတော့်ကို တုန်လှုပ်သွားတယ်...ပျော်သလိုလို...ငိုချင်သလိုလိုနဲ့ ဘယ်လို ကြီးမှန်းကို မသိဘူး"

"မင်း အဲဒါဝမ်းသာသွားတာလား...ဝမ်းနည်းသွားတာ လား"

ဖျတ်ကနဲ ပြောလာသည့် မျိုးအောင်ကို ကြည့်လိုက်တယ်။

"ဟာ...ဟုတ်တယ် မျိုးအောင် အဲဒီခံစားမှုနှစ်ခုစလုံးကို ငါတစ်ပြိုင်နက်ထဲကို ခံစားလိုက်ရတာပဲ...နောက်ဆုံးရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားတယ်"

မျိုးအောင် ခေါင်းညိတ်ကာပြုံးသည်။

"တစ်ဦးကတော့ ငယ်ကချစ်တဲ့ ငယ်ချစ်သူ၊ နောက်တစ်ဦး ကတော့ ရှုမငြီးတဲ့ ချစ်ဇနီးသည်ပဲ ဖြစ်မလား...ငါသိချင်တယ် ဖွန်ဦးမောင်ရာ..."

"ခုချိန်ထိတော့ ငါမပြောနိုင်သေးဘူး ချစ်တီး"

"ဒီလိုဆိုရင် မင်းတပြိုင်နက် ခံစားရတဲ့ ဝမ်းသာခြင်း၊ ဝမ်း နည်းခြင်းမှာ ဝမ်းသာခြင်းက ဘာကြောင့်လဲ ဝမ်းနည်းတာက ဘာ





ကြောင့်လည်းဆိုတာ ရှင်းရှင်းလင်းလင်း ပြောစမ်းကွာ"

အောင်ကျော်ထွန်းက သူ့ကိုစေ့စေ့ပေါက်ပေါက်ကို မေးလာ သဖြင့် စိတ်အိုက်လို့သွားရပြန်သည်။

"ဟုတ်တယ်...ချစ်တီးမေးတာမှန်တယ်...အဲဒါ မင်းရှင်း စမ်းကွာ"

ဟားခနဲ ဖွန်ဦးမောင် အသံထွက်ကာ ငြီးငြူလိုက်သည်။ ဒီကောင်တွေ မလွယ်တဲ့ကောင်တွေမှန်း သိနေ၏။ ပြောမပြလျှင်တော့ ဒီဂိတ်ကနေ ကားထွက်လို့ရတော့မှာမဟုတ်။ ဒီနေ့ကတော့ အိုဂျူးစံ ကို ဘယ်မှလိုက်ပို့စရာမရှိသည့်အတွက် စောစောသွားစရာမလို။ သူမကို အိမ်သို့ပို့ပေးရန်အတွက်သာ သွားခေါ်ရန်ဖြစ်သဖြင့် ထိုနေကျ ဒီကားဂိတ်သို့ အရင်ဝင်လာခဲ့ခြင်းဖြစ်သည်။

"ဒီမှာ...ဟေ့ကောင်တွေ ဝမ်းသာတာကတော့ အန့်တီ မေနဲ့ ရှင်နှောင်းတို့ နှစ်ယောက်ရဲ့ သားအမိဘဝထဲကို သွေးမျိုးရင်းချာ တစ်ယောက် ဝင်ရောက်လို့လာခဲ့တယ်။ အဓိက,ကတော့ကွာ ရှင် နှောင်းအတွက်ပေါ့ ... အစ်မတစ်ယောက်ကို ဘုရားက မြန်းခနဲ ခန့်တီးပေးလိုက်သလိုဖြစ်နေတာ ညီအစ်ကိုမောင်နှမ တော်နေတဲ့ အတွက် ဝမ်းသာစရာလေးတစ်ခု ဖြစ်သွားခဲ့တာပေါ့ မဟုတ်ဘူးလား"

အကျိုးနဲ့အကြောင်းကို လျော်ကန်အောင် ပြောလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက လက်ခံလိုက်ရသည်။

"မင်းပြောတော့လည်း ဟုတ်နေတာပဲ...ဒါဆိုရင် ဝမ်းနည်းစရာကရောကွာ"

မျိုးအောင်စကားအဆုံးမှာ ဖြေးလေးစွာပဲ သက်ပြင်းမှုတ်ချလိုက်တယ်။

"ဒီလိုရှိတယ် မျိုးအောင်...ရှင်နှောင်းနဲ့ အိုဂျူးစံတို့နှစ်ယောက် ညီအစ်မတော်စပ်သွားတော့ ငါ့အနေနဲ့ ဖြစ်ချင်တာတွေဟာ"

ဖွန်ဦးမောင် စကားကို ခဏရပ်ထားလိုက်တယ်။ ပြောသင့် မပြောသင့် စဉ်းစားနေလိုက်သည်။ အောင်ကျော်ထွန်းက စိတ်မရှည်ချင်တော့။

"ဟေ့ကောင်...ဆက်ပြောလေကွာ"

"အေး...ငါ့အနေနဲ့ ဖြစ်ချင်တာတွေဟာ ဖြစ်လာနိုင်ဖို့ ခဲယဉ်းသွားတာပေါ့ကွာ...ကိုယ်ဖြစ်ချင်တာ ဖြစ်လာဘို့အတွက် ငဲ့ညှာမှုတွေ...ထောက်ထားစရာတွေ...စည်းတွေ...ဘောင်တွေ ဖြစ်လာခဲ့ပြီလေကွာ...ကိုယ့်စိတ်အတိုင်း လုပ်ချင်တိုင်း လုပ်လို့မရတော့ဘူး"

ထူးကျော် တစ်ယောက် စိတ်မရှည်ချင်တော့ ... ဖွန်ဦးမောင် ပြောနေသည့်စကားကို ရေရေလည်လည် နားမလည်။ ထို့





ကြောင့် ...

"ဟေ့ကောင်...ဖွန်...စကားကိုရှင်းရှင်းလင်းလင်း ပြောကွာ...သိပ်လျှို့ဝှက်မနေနဲ့"

"လျှို့ဝှက်တာ မဟုတ်ဘူးကွ...ဖြစ်လာမဲ့ အခြေအနေကို ကြိုတွေးပြီးမှ ပြောတာ...မင်းတို့စဉ်းစားကြည့်လေ...အိုဂျူးစံက ရှင်နှောင်းနဲ့ ညီအစ်မတော်လိုက်တော့ ... ငါ...အိုဂျူးစံကို ချစ်သင့်သလားဆိုတာ မင်းတို့စဉ်းစားကြည့်ကွာ"

အားလုံးပါပဲ...သူ့ကိုကြည့်လိုက်ကြရင်း ခေတ္တခဏ နှုတ်တွေဆွံ့အလို့သွားကြတယ်။

"ဘာဆိုင်လဲ...ချစ်သင့်တယ်...ဟေ့ကောင်"

မျိုးအောင်က ဖွတ်အတင်း ပြောချလိုက်တယ်။

"ဟေ့ကောင်...မျိုးအောင်...မင်းဖွတ်မပြောနဲ့ ခုမှပေါ်လာတဲ့ ရွှေမင်းသမီးလေးက...ချမ်းသာတယ်...ကုမ္ပဏီရှိတယ်၊ အစစအရာရာ ပြည့်စုံနေတယ်...သူ့ကိုပဲ ငါရွေးချယ်လိုက်မယ်ဆိုရင် ငါ့ကို ရှင်နှောင်းရော...အန်တီမေရော...နောက်ပြီး...ငါ့အမေ အိုကွာ ဘယ်သူမှ ငါ့ကိုကြည်မှာမှုတ်ဖူးဆိုတာ မင်းတို့တွေးမိရဲ့လား"

ဘယ်သူမှ ဘာတစ်ခွန်းမှမဟကြ...သူ့စကားတွေကို ငြိမ်၍နားထောင်နေကြလျှက်...



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ချက်ရှိတယ်... ဒါကတော့ ငါ့ဘက်က အတွေးပေါ့လေ... ဘာလဲဆိုတော့ အိုဂျူးစံဟာ ရှင်နှောင်းနဲ့အနှီတီမောင်ဂျပန်ကိုခေါ်လို့ ရှင်နှောင်း လိုက်သွားမယ်ဆိုရင်ကော"

"ဒါတော့ မဖြစ်နိုင်ဘူး... ရှင်နှောင်းရဲ့ နှလုံးသားထောင့်တစ်နေရာမှာ မင်းရှိနေပြီဆိုတာ ငါတတ်အပ်ပြောရဲတယ်... ဖွန့်"

ထူးကျော် ပြောလိုက်တဲ့ စကားအဆုံး ဖူးကနဲ လေပူတွေကို မှုတ်ထုတ်ပြီး ခေါင်းခါယမ်းလိုက်တယ်။

"ငါကသာ မင်းတို့ကို ကြိုတင်ပြီး လျှောက်ပြောနေတာ ဂျူးစံကိုသွားခေါ်ပြီး အိမ်ကိုခေါ်သွားမှ ဘယ်လိုတွေ ဖြစ်လာနိုင်မလဲဆိုတာ မသိနိုင်ဘူး။ ကဲ... ဟော့ကောင်တွေ... ငါ့လိမ့်တော့မယ်ကွာ"

ဖွန့်ဦးမောင် သူတို့တွေအနားမှ ကားကိုမောင်းထွက်လာခဲ့တော့တယ်။





## အခန်း(၁)

"တီ... တီ..."

ကားဟွန်းသံကို ကြားလိုက်ရတော့ ဖွန့်ဦးမောင် ကားမှန်းကိုသိလိုက်တယ်။ ဖျတ်ကနဲဆို ရင်တွေက တဒိတ်ဒိတ်နဲ့ ခုန်လို့လာသည်။ ရင်ဘတ်ကို လက်လေးဖြင့်ဖိရင်း အပြင်သို့လှမ်းကြည့်လိုက်၏။

သူ့ကားလေးက ခြံရှေ့သို့ရောက်လာပြီး ရပ်လိုက်သည်ကို အိမ်ပေါ်မှ ရှင်နှောင်းက လှမ်း၍ကြည့်လိုက်သည်။ မမြင်ချင်သော သူကို မသိစိတ်လေးက မြင်ချင်နေမိ၏။ မိန်းမသားချင်းမို့ သူဘယ်လောက်အတိုင်းအတာထိ လှနေသလဲ... ချောနေသလဲဆိုတာကိုလည်း တွေ့ချင်သိချင်နေမိတယ်။

အလိုလိုနေရင်းနဲ့ မနာလိုမရှုစိတ်ဖြစ်နေရသည့် သူ့ကို သူမ၏သင်တန်းကို အမြဲတမ်းလိုက်ပို့ခဲ့သည့် ဖွန့်ကိုလည်း အပိုင်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းယူလိုက်သည့် သူမကို ခုမှပင်...။

သူမရဲ့စိတ်တွေ တအားလှုပ်ရှားကာ တွေ့ချင် မြင်ချင်နေရပါသနည်း။ သိစိတ်က မုန်းပြီး မမြင်ချင်ပေမဲ့၊ မသိစိတ်က မမုန်းနိုင်ပဲမြင်ချင်နေပေသည်။

ရှင်နှောင်း အပြင်ကိုထပ်၍ ကြည့်လိုက်၏။ ကားတံခါးဖွင့်ကာ ဆင်းလာသည့် ဖွန်ဦးမောင်ကို တွေ့လိုက်ရသည့်ပြင်...ကားခေါင်းထဲတွင် ထိုင်နေသော အိုဂျူးစကိုပါ အကဲခတ်ကြည့်လိုက်၏။ သေသေချာချာ သဲသဲကွဲကွဲ သူမရုပ်သွင်ကိုတော့ မမြင်ရသေးပါ။ ထို့နောက်မှာတော့ ဖွန်ဦးမောင်က ကားရှေ့ကနေဖြတ်ပြီး အိုဂျူးစံကို တံခါးဖွင့်ပေးလိုက်ရာတွင် အမလေးဟဲ့ ... သူများတံခါး သွားဖွင့်ပေးရတယ်လို့ ကြီးကျယ်လိုက်တာနော်...ဒင်းက ဘာကောင်မို့လို့လဲ...ဟင်း...ဟု ရှင်နှောင်းစိတ်ထဲ မကျေမနပ် ဆိုလိုက်မိသည်။

မမှိတ်မသုန် ငေးကြည့်နေမိသည့် ရှင်နှောင်း၏ မျက်ဝန်းထဲမှာတော့ ကားပေါ်ကဆင်းလာသည့် အိုဂျူးစံ၏ရုပ်သွင်ကို ရှင်နှောင်းရှင်းရှင်းလင်းလင်း မြင်လိုက်ရသည့်ခဏ...အို...ကြည့်စမ်းပါ..ချောလိုက်တာနော်...တဒင်္ဂခဏမှင်သက်အံ့သြကာ ငေးမောလို့သွားတော့၏။

"အန်တီမေရေ"

"ရှင်နှောင်း...နှောင်း...ရေ"

ခြံဝင်းထဲသို့ လျှောက်လှမ်းဝင်လာရင်းကနေ ခေါ်လိုက်သည်။ အိုဂျူးစံကတော့ အိမ်နှင့်ပတ်ဝန်းကျင် အနေအထားကို လေ့လာ





အကဲခတ်လျက်နေတယ်။ ခဏအကြာမှာ ဖွန်ဦးမောင်နှင့် အိုဂျူးစံတို့နှစ်ဦးသား အိမ်ပေါ်သို့ တက်လာခါနီး ရှင်နှောင်းတစ်ယောက်ထိပ်ထိပ်ပျာပျာနှင့် ဖြစ်လို့သွားကာ...ဟော...လာပြီ။ သူတို့တွေတက်လာကြပြီ။ ရှင်နှောင်း...လှစ်ကနဲ အိပ်ခန်းတွင်းထဲသို့ ပြေးဝင်လိုက်တော့သည်။

"ဟဲ့ ... ဟဲ့ ... အို...ဒီကလေး ဘယ်လိုဖြစ်နေတာလဲ"

ဖိုလိုက်ဖိုလိုက် ဖြစ်နေသော ရင်အစုံကို လက်ဖြင့်ဖိရင်းကနေ...

"အမေ အိမ်ရှေ့မှာ ဖွန်တို့ရောက်နေပြီ...ဧည့်သည်လည်းပါတယ်"

"ဟုတ်လား"

ဒေါ်ခင်နှောင်းမေ မျက်နှာလေး ကြည်လင်ရွှင်ပြသွားပြီးကမန်းကတမ်းပင် အိမ်ရှေ့ဧည့်ခန်းတွင်းသို့ ထွက်လာခဲ့တော့၏။ ဧည့်ခန်းရောက်တော့ ဖွန်ဦးမောင်နှင့် အိုဂျူးစံတို့ နှစ်ယောက်ကို တွေ့လိုက်ရတယ်။

ဒေါ်ခင်နှောင်းမေ၏ ဖျတ်ခနဲ ကြည့်လိုက်သည့် အကြည့်ကလေးတစ်ချက်က အိုဂျူးစံ၏ နှလုံးသည်းပွက်ထဲမှာ ဝေဒနာလေးတစ်ခုဖြစ်လို့သွားခဲ့သည်။ တစ်ခဏ အကြည့်စိမ်းစိမ်းလေးတွေကမှတဆင့် အပြုံးချိုချိုကလေးတွေနဲ့အတူ အိုဂျူးစံက ရိုသေသမှုနဲ့ခေါင်းလေးငုံ့ ခါးလေးကိုင်းပြီး ပြုံးပြုံးလေးနဲ့ နှုတ်ဆက်လိုက်ပါတယ်။

"အန်တီမေ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြည်နူးစွာ ကြည့်နေသည့် ဒေါ်ခင်နှောင်းမေကို သူက ခေါ်လိုက်သဖြင့် သူ့ဆီသို့ အကြည့်တွေ ရောက်သွားတယ်။

"ဒါ...ကျွန်တော့်ရဲ့ ညီ့သည် နာမည်က အိုဂျူးစံလို့ ခေါ်တယ်"

ဒေါ်ခင်နှောင်းမေ၏ အကြည့်တို့က အိုဂျူးစံဆီသို့ ပြန် ရောက်သွားပြန်သည်။ ဒါပေမဲ့ အပြုံးကတော့ မပျက်။

"ဩော်...အေး...နာမည်လေးက သိပ်လှတယ်... လူက လည်း ချောတယ်ကွယ်"

ရင်ထဲက ရှိတဲ့အတိုင်း ပြောလိုက်တော့ အိုဂျူးစံ နဲနဲလေး တော့ ရှက်လို့သွားပါတော့တယ်။ ခေါင်းလေးငုံ့လို့ ရှက်ပြုံးလေးနဲ့ ရှက်ရယ် ရယ်လိုက်တယ်။

"အို..."

အဲဒီဟန်လေးက တူလိုက်တာ...ကိုအောင်ရှက်ပြီး ရယ် လိုက်တဲ့ပုံစံနဲ့ တထေရာထဲပဲလေ။ ဘာမဆိုင် ညာမဆိုင် တွေးလိုက် မိသေးတော့တယ်။

"ဒိုးဇိုယောရိုရိုရု"

အိုဂျူးစံက ဒေါ်ခင်နှောင်းမေအား ဂျပန်လို နှုတ်ဆက်လိုက် ပါတယ်။

"အန်တီမေကို တွေ့ရတာ ဝမ်းသာပါတယ်လို့ ဂျပန်လို နှုတ်ဆက်လိုက်တာ"

"အို...ဟုတ်လား...အေးကွယ်...ပြောလိုက်ပါ...အန်တီ





မေလည်း ဝမ်းသာပါတယ်လို့"

"ဂျူးစံက မြန်မာလိုလဲ နားလည်တယ် အန်တီမေရဲ့"

"ဟုတ်လား"

ထပ်ပြီး အံ့ဩလိုက်ရတယ်။

"အမေနဲ့ ရှင်နှောင်းရော"

ဖွန်ဦးမောင်က အိမ်ထဲသို့ လှမ်းကြည့်ရင်းနှင့် မေးလိုက် သည်။

"အထဲမှာရှိတယ်...သားရဲ့။ သမီး နှောင်းရေ လာဦးကွယ် အပြင်ထွက်ခဲ့ပါဦး...သမီး အမေသိန်းကိုပါ ခေါ်လိုက်နော်"

လိုက်ကာကြားထဲမှ ချောင်းကြည့်နေသော ရှင်နှောင်း တွန့် ခနဲဖြစ်လို့သွားတယ်။ လိုက်ကာစလေးကို ပြန်စေ့လိုက်ပြီး ရင်တဖိုဖို နှင့် ရှိနေတော့ ... အို...ငါဘာဖြစ်နေတာလဲ၊ ရင်မဆိုင်ရဲတာ လား။ ကြောက်နေတာလား...မဟုတ်သေးပါဘူး။

"ဟဲ့ ... သမီး ဘာလုပ်နေတာလဲ သွားလေ"

နောက်ကနေ ရောက်လာသော ဒေါ်ခင်မေသိန်းက ပြော လိုက်သဖြင့် ...

"ဟို...အမေသိန်း ရှေ့ကနေသွားလေ"

"အဲဒါဆို သွားမယ်...သမီးကနောက်ကလိုက်ခဲ့"

"ဟုတ်"

နှစ်ယောက်သား ရှေ့ဆင့်နောက်ဆင့်ပဲ ညှိခန်းတွင်းသို့ ဝင်ရောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...အမေ...လာ၊ လာ...နောင်း...လာ...လာ"

ဖွန်ဦးမောင်က အိုဂျူးစံနှင့် မိတ်ဆက်ပေးသည်။ ဒေါ်ခင်မေသိန်းက ပြုံးပြုံးရွှင်ရွှင်နှင့် ရှင်နောင်းကတော့ ရယ်ရွှင်ပြုံးတဲ့ မပြုံးတုံ့နဲ့ပေါ့လေ။

"ကဲ...ထိုင်ကြကွယ်"

အားလုံးကြိမ်ဆက်တီ ထိုင်ခုံတွင် ဝင်ထိုင်လိုက်ကြသည်။ ရှင်နောင်းအနေနှင့် အိုဂျူးစံ၏ ရှေ့တွင်ထိုင်လိုက်ရခြင်းကြောင့် စိတ်ကျဉ်းကျပ်သလို ဖြစ်နေရ၏။

အိုဂျူးစံကတော့ သူတို့အားလုံးကို ပြုံးရွှင်စွာပင် နှုတ်ဆက်ရင်း ရှင်နောင်းကို သေချာစူးနှင့်စွာ ကြည့်လိုက်တယ်။

"အို..."

ဒီလောက်လှတဲ့ မိန်းကလေးမျိုး မတွေ့မိသေးဟု စိတ်ထဲက တွေးလိုက်စဉ် နှုတ်ကလည်း...

"အရမ်းလှတာပဲကွယ်"

ချီးသာတဲ့ စကားလုံးလေးနဲ့ ချီးမွမ်းလိုက်တယ်ဆိုရင်ပဲ ရှင်နောင်းစိတ်ထဲ ကျေနပ်မိသလိုလို ဖြစ်သွားခဲ့၏။ အိုဂျူးစံအပေါ်ကိုလည်း ချစ်ခင်လိုသည့် စိတ်တို့ကလည်း ဖျတ်ကနဲ ရောက်လာခဲ့သည်။

အိုဂျူးစံသည် ရှင်နောင်း၏ လက်ဖျားလေးကို လှမ်းယူကိုင်တွယ် ယုယစွာပွတ်သပ်လိုက်ပြီး...

"ဂျူးစံ တွေ့ဘူးခဲ့တဲ့ မြန်မာမလေးတွေထဲမှာ ဒီကညီမက အလှဆုံး အချောဆုံးပဲ"

ပီတိအဟုန်က ရှင်နောင်း၏ သွေးကြောထဲကို စိမ့်ဝင်လို့သွားတော့တယ်။ ကိုယ့်ကို ချောကြောင်းလှကြောင်း ပြောလာလျှင် ဘယ်သူမကြိုက်ပဲ နေပါမည်နည်း။

"ခုလိုပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်...ဒါပေမဲ့ နောင်းက မမလောက်တော့ မလှပါဘူးနော်...ဟင်း...ဟင်း"

အိုဂျူးစံက သဘောကျစွာ ရယ်မောလိုက်တယ်၊ ဟန်ဆောင်မှုမရှိသော ရယ်မောသံ...ကိုယ်ကိုယိမ်းထိုးလိုက်ပြီး ခေါင်းကိုမော့ မျက်လုံးလေးပိတ်ပြီး ရယ်လိုက်ခြင်းပါ။ အချုပ်အနှောင်မရှိ၊ လွတ်လပ်ပေါ့ပါးစွာ ရယ်မောလိုက်ရခြင်းပါပေ။

ရယ်မောခြင်းရဲ့ အဆုံးမှာ မျက်ဝန်းအစုံကို ပြန်ဖွင့်လိုက်ပါတယ်။ ဖွင့်လိုက်သည့် မျက်ဝန်းရဲ့အကြည့်က ဦးစွာနံရံတွင် ချိတ်ဆွဲထားသည့် ဓါတ်ပုံကို တွေ့လိုက်ရသဖြင့် သူမမျက်နှာက တည်တည်ငြိမ်ငြိမ် ဖြစ်လို့သွားတော့သည်။

စူးစူးစိုက်စိုက်ပင် ကြည့်နေခြင်းကြောင့် ...

"အနားကို ထသွားပြီး ကြည့်လိုက်ပါလား အိုဂျူးစံ"

ဖွန်ဦးမောင် တည်ငြိမ်အေးဆေးသည့် လေသံဖြင့်ပြောလိုက်ရာ အိုဂျူးစံသည် ဖျတ်ခနဲထလိုက်ပြီး ဓါတ်ပုံရှိရာသို့ လှမ်းသွားလိုက်ပါတယ်။ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း ခြေလှမ်းတွေ ရပ်လိုက်သည်နှင့် မျက်ဝန်းအစုံသည်လည်း စူးရှတောက်ပလို့ သွားတော့၏။

"ဟင်...ဖေ...ဖေ"







www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲတွင် ဝမ်းနည်းခြင်းတွေ၊ ဝမ်းသာခြင်းတွေ ရောပြွန်းကာ လှိုက်ခနဲခံစားလိုက်ရတယ်။ ထို့အပြင် အံ့ဩခြင်းမက အံ့ဩမှုတွေက မမျှော်လင့်စွာနဲ့ပ ဖြစ်ပေါ်လာခဲ့သည်။

ထိုသောအခါ ဖွန်ဦးမောင်ဆီသို့ သူမရဲ့မျက်လုံးတို့က လှစ်ကနဲရောက်လို့လာသည်တွင် ဖွန်ဦးမောင်က ထိုင်နေရာမှထကာ ယဲ့ယဲ့လေးပြုံးလိုက်ပါတယ်။ ပြီးမှ...

"အစကတည်းက သိရဲ့သားနဲ့ ဘာလို့မပြောတာလဲလို့ ဂျူးစံ ကိုယ့်ကို အပြစ်တင်တော့မယ်ဆိုတာ ကိုယ်သိပါတယ်။ ဒါပေမဲ့လေ ကိုယ်ရှင်းပြ ပြောပြတာထက် ဂျူးစံကို ဒီကိုခေါ်လာပြီး ပြောပြတာ ပိုကောင်းမယ်ထင်လို့ပါ ဂျူးစံ"

အိုဂျူးစံ ဘာမှမပြောနိုင်...ရင်ထဲမှာ တစ်ခုခုကြီး တစ်ဆို့နေသလို ခံစားလို့နေရ၏။ ကြည့်စမ်း...ဘုရားမှာ သိရဲ့သားနဲ့ သူမပြောပဲနေတာ။ အို...သူပြောခဲ့တဲ့ စကားတွေ...ဂျူးစံအဖေတာ သေဆုံးသွားခဲ့ရင်ရောတဲ့ ... ဂျူးစံဘယ်လိုလုပ်မလဲ...ဘာလဲ ဒီစကားကြီးက ဘာရည်ရွယ်ချက်နဲ့ ပြောတာလဲ။ ဒါဆို အိုဂျူးစံရင်ထဲမှာ တုန်လှုပ်ချောက်ချားသွားခဲ့ပြီး...

"ဖေ...ဖေ...ရော...ဟင်"

ဖွန်ဦးမောင် အသက်ရှူတွေ ရပ်တန့်သွားသလား အောက်မေ့ရသည်။ ဘယ်လိုပြန်ဖြေရမှန်းကို မသိတော့။ သူ့အမေနှင့် ဒေါ်ခင်နှောင်းမေတို့ ရှင်နှောင်းတို့ကို ကြည့်လိုက်၏။ သူတို့ ... သူတို့ရောလည်း ဘာမှန်းညာမှန်းမသိ ကြောင်အမ်းအမ်းတွေနှင့် ဖြစ်နေကြ





"ပြောလေ...ဖွန်...ဂျူးစံရဲ့ ဖေဖေရောလို့"

အိုဂျူးစံ၏ အသံက တုန်ယင်အက်ကွဲလို့နေသည်။

"ဆုံးသွားခဲ့ပါပြီ ဂျူးစံ"

"ရှင်"

သူမ...ဖွန်ဦးမောင်ကို ငေးကြည့်လို့နေလိုက်တယ်။ မျှော်လင့်မှုတွေ တစ်စစီ ဖွဲ့ကြွေသွားခဲ့ပြီဟု သိလိုက်တယ်။ အိုဂျူးစံ နီးစပ်ရာ ထိုင်ခုံလွတ်တစ်ခုပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ ပြီးတော့ အသံမထွက်အောင် ပါးစပ်ကို လက်ဝါးလေးပိတ်ရင်း ငိုကြွေးလိုက်ပါတယ်။

ဒေါ်ခင်နှောင်းမေ စိတ်ထဲ ကသိကအောင့် ဖြစ်လို့သွားခဲ့သည်။ ဒီကောင်မလေး တို့လင်မယားရဲ့ ဓါတ်ပုံကိုကြည့်ပြီး ဘာလို့ ငိုရတာလဲ။ ထူးဆန်းတယ်...ဒါဟာ...သိပ်ကိုထူးခြားလွန်းတဲ့ ဖြစ်ရပ်တစ်ခု...နောက်ပြီး သူက ကိုအောင်ထက်ပုံကိုကြည့်ပြီး ဘာလို့ ဖေဖေလို့ပြောရတာလဲ...ဘယ်လိုပတ်သက်နေသလဲ... အင်း...ဆက်နွယ်မှုတစ်ခုတော့ ရှိနေပြီဆိုတာ သေချာသလောက်ပဲ။

"သားရယ်...ဘာတွေဖြစ်တာလဲ အန်တီမေတို့ကို ပြောပါဦး"

ဒေါ်ခင်မေသိန်းကတော့ ဘာမှမပြော သူ့သား ဖွန်ဦးမောင်နှင့် ဟိုဂျပန်မလေးတို့ ဘယ်လိုဆက်နွယ်မှုတွေနဲ့ ပြောဆိုနေကြတာလဲဆိုတာကို ကြည့်နေမိသည်။

နဂိုကမှ အေးအေးလူလူနေတတ်သည့် အကျင့်ကရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ခုချိန်ထိ ဘာမှမမေးသေး။ ရှင်နှောင်းတစ်ယောက်
တည်း။

ဘာပြောလို့ ပြောရမှန်းမသိ...အိုဂျူးစံ၏နှုတ်မှ သူမအမေ
နှင့်အဖေပုံကိုကြည့်ရင်း ဖေဖေဟု ရေရွတ်သံကို ကြားလိုက်ရသည်။
ဒါသည် တစ်ခုခုတော့ လွဲမှားမှုတစ်ခုဟု သူမ...အိုဂျူးစံကိုသာ
ငေးကြည့်နေရုံမှတပါး အခြားမရှိတော့။

"ဂျူးစံ"

လိုက်လိုက်လှဲလှဲ ငိုကြွေးနေသော အိုဂျူးစံ၏အနားသို့
သွားပြီးတိုးတိတ်ညင်သာ ဖွဖွစွာခေါ်လိုက်သဖြင့် မျက်ရည်များ ရစ်ဝိုင်း
သိုင်းဖွဲ့နေသည့် မျက်လုံးများဖြင့် မော့ကြည့်လာခဲ့တယ်။

"အားလုံး...နားလည်သဘောပေါက်သွားအောင်လို့ ဂျူးစံ
ရဲ့မိဘနှစ်ပါးပုံကို ထုပ်ပြလိုက်ပါလားကွယ်"

အိုဂျူးစံ ခေါင်းလေးတဆတ်ဆတ်ညိတ်လိုက်သည်။ ဗိုင်တွဲ
အိတ်မှ ဇစ်ကိုဆွဲဖွင့်လိုက်ပြီး...ဓါတ်ပုံတွေကို ဆွဲထုတ်လိုက်ကာ
ဖွန်ဦးမောင်ကို ပေးလိုက်၏။

"ရော့ ... အန်တီမေ...အဲဒီဓါတ်ပုံတွေကို ကြည့်လိုက်
ပါဦး"

ဖွန်ဦးမောင် ပေးလာသည့် ဓါတ်ပုံတွေကို ယူလိုက်ပြီး ကြည့်
လိုက်သည့်အခါ...

"ကိုအောင်နဲ့ ဂျူးဂျူးနွယ်"

ဒေါ်ခင်နှောင်းမေက လက်ထဲက ဓါတ်ပုံတွေကိုကြည့်လိုက်





အိုဂျူးစံကို ကြည့်လိုက်နဲ့ ရင်ထဲမှာ လိုက်ဖိုစွာနဲ့ ဝမ်းနည်းသလိုလို
ဝမ်းသာသလိုလို ဖြစ်နေတော့၏။

"ဒါ...ဒါဆို...မင်း...မင်းက ဂျူးနွယ်နဲ့ ကိုအောင့် သမီး
ပေါ့ဟုတ်လား"

အိုဂျူးစံ ဘာတစ်ခွန်းမှ မပြောနိုင်။ ဝမ်းနည်းခြင်းဇွေက
တစ်ကိုယ်လုံးလွှမ်းခြုံလို့ထား၏။

"ဟုတ်တယ်...အန်တီမေ...ဂျူးစံရဲ့အမေ ဂျူးဂျူးနွယ်နဲ့
အန်ကယ်ဦးအောင်ထက်တို့ဟာ ငယ်စဉ်ဘဝတုန်းက ချစ်သူတွေဖြစ်
ခဲ့ကြတယ်ပေါ့"

အိုဂျူးစံရဲ့ အမေ ဂျူးဂျူးနွယ်၏ ဘဝဇာတ်ကြောင်းကို
ဖွန်ဦးမောင်က အိုဂျူးစံကိုယ်စား အားလုံးကို ရှင်းပြပြောပြလိုက်သည့်
အခါ...

"ဩော်...သမီးမေမေတောင် ဆုံးသွားပြီကိုး"

ဒေါ်ခင်နှောင်းမေက လက်ထဲကဓါတ်ပုံတွေထဲမှ ဂျူးဂျူးနွယ်
၏ ပုံကိုကြည့်ရင်း စိတ်မကောင်းစွာဖြင့် ပြောလိုက်သည်။ ကြားလိုက်
ရသည့် ဇာတ်လမ်းလေးက အိုဂျူးစံအတွက် ကြေကွဲစရာပါ။
ရှင်နှောင်းလည်း ယူကြုံးမရ ဖြစ်မိ၏။ ခုမှ သူနှင့် အိုဂျူးစံတို့နှစ်ဦး
ညီအစ်မမှန်း သိလိုက်ကြပြီ။

"အန်တီကိုတော့ သမီးအဖေကိုအောင်ထက်နဲ့ လူကြီးတွေ
က သဘောတူလို့ လက်ထပ်ပေးခဲ့ကြတာပါ။ အဲ...ကိုအောင်က
တော့ ပြောပါတယ်...သူ့မှာချစ်သူ ရှိခဲ့ဘူးတယ်တဲ့ ... နာမည်က



www.burmeseclassic.com

www.burmeseclassic.com



ဂျူးဂျူးနွယ်ဆိုတာကိုလည်း ပြောပြတယ်။ ဒါပေမဲ့ သူ့ချစ်သူက နိုင်ငံခြားအပြီးအပိုင် ထွက်သွားခဲ့တယ်လို့ ဖွင့်ပြောခဲ့ပါတယ်။ အန်တီကလည်း ကိုအောင့်ကို ခွင့်လွှတ်ပြီး ပေါင်းသင်းခဲ့တာ နောက်တော့ ဟောဒီက သမီးလေးရှင်နှောင်းကို မွေးခဲ့တာလေ''

အိုဂျူးစံ ဖျတ်ခနဲ ရှင်နှောင်းကို ကြည့်လိုက်သည်။ ရှင်နှောင်း၏ အကြည့်ကလည်း အိုဂျူးစံအပေါ် စူးနင့်စွာ ကြည့်လို့ပါ။ ကြင်နာခြင်း...သံယောဇဉ် မေတ္တာ အငွေ့အသက်တွေက ထုံမွှန်းလို့နေသည်ပေါ့။ အိုဂျူးစံက အငိုမျက်လုံးတို့ဖြင့် ရှင်နှောင်းကို ရီဝေလို့ငေးမော ကြည့်လိုက်ပါသည်။

ရှင်နှောင်းကတော့ ဂရုဏာသက်စွာဖြင့် အိုဂျူးစံဖြင့် လက်ဖဝါးလေးများကို ယုယကြင်နာစွာ ဆုတ်ကိုင်လိုက်၏။ တစ်ဦးနှင့်တစ်ဦး၏ အကြည့်တို့သည် မေတ္တာ၊ ဂရုဏာဓါတ်ကိုက ဖုံးလွှမ်းလိုက်သည်နှင့် သူကို၏နှလုံးအိမ်ထဲသို့ တစိမ့်စိမ့်ဝင်ရောက်လာသည့်အခါ တိုင်ပင်ထားသလို သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်လိုက်ကြတော့သည်။

ဩော်...လူလောကတွင် ထူးခြားအံ့သြဖွယ်ရာ အဖြစ်အပျက်တွေက အမြဲတမ်းရှိနေကြဦးမှာပါပဲလား။



အခန်း(၁၈)

ခုတော့လည်း အဆင်ပြေလို့ သွားကြသည်။ အိုဂျူးစံသည် ရှင်နှောင်းဆီသို့ နေ့တိုင်းလာ၏။ ညီအစ်မနှစ်ယောက် တစ်နေ့မတွေ့ရမနေနိုင်။ တစ်ခါတစ်လေ အပြင်သို့ ထွက်လည်သည့် အခါများလည်း ရှိတတ်သည်။ ထိုအခါမျိုးတွင် ဖွန့်ဦးမောင်လည်း ပါတတ်၏။

သူမပါ၍မပြီး...အိုဂျူးစံ၏ ကိုယ်ရံတော်လား...ရှင်နှောင်း၏ သက်တော်စောင့်လား...ဟုပင် သူငယ်ချင်းတစ်သိုက်က ဝိုင်း၍ စကြနောက်ကြခဲ့သည်လေ။

တစ်ကယ်လည်း သူတို့ပြောသလို ဘယ်သူ့ကိုကိုယ်ရံတော်၊ ဘယ်သူ့ကို သက်တော်စောင့်ဟု ခွဲခွဲခြားခြားလည်း မသိတတ်တော့။ သို့ပေမဲ့ နှစ်ယောက်စလုံးကိုတော့ အတူတူပဲလေဟု ကိုယ့်စိတ်ကပြောနေမိသည်ပဲ။




www.burmeseclassic.com

www.burmeseclassic.com



အဲလိုလျှောက်လည်ရင်းနှင့် ညီအစ်မနှစ်ယောက်ရဲ့ တစ်ယောက်အပေါ် တစ်ယောက် နားလည်မှုတွေ၊ စာနာမှုတွေ၊ ခွင့်လွှတ်မှုတွေ၊ အနစ်နာခံမှုတွေကို သူတွေ့လာခဲ့ရတယ်။

အဓိက,ကတော့ ရှင်နှောင်းပေါ့။ အိုဂျူးစံအပေါ်သို့ ဖွန်ဦးမောင်က စကားနှင့်သော်လည်းကောင်း၊ ဟန်အမူအယာနှင့်သော်လည်းကောင်း ပိုး၍ဂရုစိုက်လာသည်ကို တွေ့လိုက်ရတော့ အသာအယာပင် နောက်သို့မသိမသာ ဆုတ်ပေးခဲ့၏။

ရှင်နှောင်း၏ သဘောထားကြီးမှု၊ အနစ်နာခံမှုတို့သည် သူမ၏ နှလုံးသားအစိတ်စိတ်အမွှာမွှာ တစ်စစီဖြစ်သွားလင့်ကစား သူမကျိတ်ကာ ငိုကြွေးနေလင့်ကစား သူမပြုံးပြုံးပျော်ပျော်နှင့်သာ နေခဲ့တော့သည်သာ။

ထို့အပြင် အိုဂျူးစံအနေနှင့်လည်း အတူသွား အတူလာခဲ့တဲ့အချိန်ကစပြီး ဖွန်ဦးမောင်အပေါ်ကို ကြည့်တဲ့အကြည့်တွေထဲမှာ ချစ်ခြင်းရနံ့တွေ ပြည့်နှက်နေတယ်ဆိုတာ သိခဲ့မြင်ခဲ့ရတဲ့နောက် အစ်မဆိုတဲ့ သွေးသားတော်စပ်မှုကြောင့် ဖွန်ဦးမောင်နဲ့ ပတ်သက်သမျှသော အရာရာတိုင်းကို အိုဂျူးစံအားပေးဘို့ ဝန်မလေးတော့။ ရယူပိုင်ဆိုင်ခြင်းကို အချစ်ဟုခေါ်သလား။ စွန့်လွှတ်အနစ်နာခံခြင်းကို အချစ်ဟုခေါ်သလား။

အိုလေ . . . ရှင်နှောင်း ဘာကိုမျှ မတွေးချင် . . . မသိချင်တော့ပါ။ ဒါပေမဲ့ သိချင်တာတစ်ခုကတော့ သူ့အစ်မ အိုဂျူးစံက ဘာမဆိုပေးဘို့ အဆင်သင့်ပါပဲ။ သူမနှလုံးသားကို ခွဲ၍ပေးရမည်





ရင်တော . . . အင်း . . . ဟုသာ ခေါင်းညိတ်မိလိုက်မှာပေါ့လေ။

ခုလည်းကြည့်လေ . . . ရှင်နှောင်း ရင်ထဲက တွေးထင်ထားသလိုပါပဲ . . . တစ်နေ့မှာ ခုလိုသူတို့သုံးယောက် လျှောက်လည်ကြပြီးတော့ ရှင်နှောင်းကို အရင်ပို့ပြီး အိုဂျူးစံကို ပြန်အပို့မှာပေါ့ . . .

"ဖွန်"

နူးညံ့သိမ်မွေ့စွာခေါ်လိုက်သည့် အိုဂျူးစံအား ကားမောင်းနေရင်းက လှည့်ကြည့်လိုက်ပါသည်။

"တိတ်ဆိတ်ပြီး အေးဆေးတဲ့နေရာကို လိုက်ပို့ပါလား ဖွန့်ကိုပြောစရာတွေရှိတယ်"

အင်းဆိုတဲ့သဘောနဲ့ ပြုံးရင်းခေါင်းညိတ်ပြလိုက်တယ်။ ပြောစရာတွေရှိတယ်တဲ့၊ ဘာတွေပြောမှာလဲ ဂျူးစံရယ်။ ကိုယ်လည်းပဲ ဂျူးစံကို ပြောစရာတွေရှိတယ် သိလား။ ဂျူးစံပြောမှာနဲ့ ကိုယ်ပြောမယ့် အကြောင်းတွေ တိုက်တိုက်ဆိုင်ဆိုင် တူနေရင်တော့ . . . အိုဂျူးစံရယ် ကိုယ့်ရင်တွေ သိပ်ခုန်နေပြီ ဂျူးစံ။

အရိပ်အာဝါသကောင်းလွန်းတဲ့ သစ်ပင်ကြီးအောက် ရေကန်ကြီးရဲ့ ကမ်းစပ်နားအထိ ကားကိုမောင်းပြီး ရပ်လိုက်တယ်။ အိုဂျူးစံ ကားတံခါးကိုဖွင့်ကာ ဆင်းလိုက်ပြီး ရေကန်စပ်နားထိ သွားလိုက်သည်။

သူကလည်း ကားသော့ပိတ်ပြီး တံခါးဖွင့်ကာ အိုဂျူးစံရှိရာသို့ လိုက်လို့သွားလိုက်တယ်။ အိုဂျူးစံနားရောက်တော့ ကန်ရေပြင်က တိုက်ခိုက်လိုက်သည့် လေညှင်းနုနုလေးကို အားရပါးရ ရှူသွင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး သူ့ဘက်ကိုလှည့်ကာ အိုဂျူးစံက ကြည့်လိုက်သည်။ နောက်

"ရှန်"

တိုးတိုးဖွဖွလေး ခေါ်လိုက်တယ်။

"ကိုယ့်ကို ဘာပြောချင်လို့လဲ ဂျူးစံ"

ကြည်လဲ့ရွှန်းမြနေတဲ့ ပြုံးတုံ့တုံ့အကြည့်လေးနှင့် သူ့ကို ကြည့်နေသည့် အိုဂျူးစံ၏ မျက်ဝန်းအောက်မှာ ရှန်ဦးမောင် ကျောက်ရုပ်တစ်ရုပ်လို ရပ်လို့နေပါတယ်။

"ရှန်ကို အများကြီး ကျေးဇူးတင်ပါတယ်နော်"

ဘာမှအစပ်အဆက်မရှိတဲ့စကား။ ဘယ်အကြောင်းကိစ္စတွေကြောင့် ကျေးဇူးတင်ရမှာလဲ။ စဉ်းစားကြည့်မိတော့လည်း မရေရာသေသေချာချာမသိ။

"ကိုယ့်ကို ဘာဖြစ်လို့ ကျေးဇူးတင်ရတာလဲ ဂျူးစံ"

"ဂျူးစံအတွက် ညီမလေး ရှင်နှောင်းကို ရှာပေးလို့ပေါ့"

ြော်... ဒီအတွက်ကြောင့်ကိုးဟု ရှန်ဦးမောင် အားပါးတရ ပြုံးလိုက်သည်။

"အကြောင်း ညီညွတ်တိုက်ဆိုင်သွားတာပါ ဂျူးစံ"

"ဟင်... ဘာပဲဖြစ်ဖြစ်ပေါ့ ကျေးဇူးတင်တာကတော့ တင်ရမှာပဲ"

မဒိုတရှိဟန်လေးနှင့် မူနွဲ့နွဲ့လေးရပ်လို့ မျက်လုံးလေး ဒေါက်ကပ်ပြီးပြောတဲ့ပုံက အသည်းယားစရာ ကောင်းလှပါတယ်။ ဒါတောင် သူကဆက်ပြောနေသေး၏။





"အဲဒီအတွက်ကြောင့် ရှန်ကိုအမှတ်တရအနေနဲ့ လက်ဆောင်တစ်ခုခုပေးချင်တယ်... ရှန်... ဘာလိုချင်လဲဟင်... ပြော"

ရှန်ဦးမောင်... အိုဂျူးစံကို စူးစူးစိုက်စိုက် ကြည့်နေလိုက်တယ်။ ရွှန်းလဲ့တောက်ပနေသောအကြည့် ... သူ့နှလုံးသားထဲသို့ ထည့်တည့်ထိုးဖောက်နိုင်သော မျက်ဝန်းများကို အိုဂျူးစံဘာကြောင့် ပိုင်ဆိုင်ထားပါလိမ့်။ တခဏအတွင်း သူ့နှလုံးသားလေး ဒက်ခနဲ တုန်သွားသည်ဟု ခံစားမိလိုက်သည်။

"ပြောလေလို့ ..."

နွေးထွေးသော အပြုံးဖြင့် နူးညံ့သော အကြည့်ကို ရင်ဆိုင်တိုက်ရတယ်။ သူ့ကိုလက်ဆောင်ပေးစရာရှိသည်ဟု ပြောလိုက်ခြင်းကြောင့် ရှန်ဦးမောင်လည်း ချက်ခြင်းအတွေးတစ်ခုကို ရလိုက်၏။

"ဟုတ်တယ်... ကိုယ်... ဂျူးစံဆီက အမှတ်တရလေးတော့ လိုချင်တာအမှန်ပဲ"

"ကဲ... ဒါဆို... ဘာလိုချင်သလဲ"

အိုဂျူးစံ၏ နက်နဲကြည်မွေ့သော အပြုံးတစ်ခု... သူ့ရဲ့ ညိမ်မွေ့လွန်းတဲ့အကြည့် ... ကဲ... သူ... ဘာဖြစ်ချင်နေပြီလဲ။

"တန်ဘိုးကကြီးလွန်းတော့ ဂျူးစံပေးနိုင်ပါ့မလား"

ချက်ချင်းပင် အိုဂျူးစံ မျက်နှာလေး အိုလို့သွားတယ်။ နောက် ပြုံးစလဲ့လဲ့ဟန်လေးနှင့် လက်ကလေးနှစ်ဖက်ကို ယှက်ဖြာပိုက်လို့ ရှန့်ရှေ့ပြင်ဘက်ကိုကြည့်ရင်း...

"ရှန်... တွေးကြည့်လိုက်လေ... ဂျူးစံပေးနိုင်လား..."



www.burmeseclassic.com

www.burmeseclassic.com



မပေးနိုင်ဘူးလားဆိုတာ''

စကားကို အထိန်းအကွပ်လေးနဲ့ သတိထားပြောလို[illegible] သလားမသိ... ပြောလာသည့်စကားလုံးလေးတွေက သိပ်လှနေ[illegible] သူတောင် ခေတ္တခဏ မှင်သက်လို့သွားတယ်။

''ဂျူးစံ ပေးလည်းပေးနိုင်တယ်... မပေးလည်း မပေး[illegible] ဘူး''

''ဟင်...ဘယ်လိုချည်းလဲ''

ယဲ့ယဲ့လေးအပြုံး...မျက်ဝန်းနက်နက်လေးက ထောင့်[illegible] ပြီး ကြည့်တဲ့အကြည့် ... သူ့နှလုံးသားကို နှိုးဆွလို့ နေသယော[illegible] ယောင်။

''ကိုယ်ထင်တယ်...ဂျူးစံပေးနိုင်မယ်လို့ ... ဘယ်လို[illegible] ကိုယ်တောင်းရမလား''

''အင်း...တောင်းလေ''

လေသံလေးက လျော့ရဲရဲဖြစ်သွားတယ်။ မသိမသာ[illegible] လဲ တုန်ရီအက်ကွဲသံလေး ဖြစ်ပေါ်နေတယ်။ သူတောင်းဆိုမဲ့အ[illegible] ကို သိနေလို့ ရှက်သံလေး ရောစွက်သွားတာလား။

''စိတ်မဆိုးနဲ့နော်''

ဟောကြည့် ... အိုဂျူးစံ မျက်နှာလေးက ရဲရဲလေး [illegible] သွားသည်။ ခေါင်းလေးကို ငုံ့လို့ထား၏။

''ကိုယ်...လေ...ကိုယ်...ဂျူးစံကိုချစ်တယ်''

အိုဂျူးစံ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းလေးတွေ ဖျာ[illegible]





[illegible]သွားသည်။ အိုလို့ဆိုပြီး ပါးစပ်က ရှက်ယောင်သံလေး အော်လိုက် [illegible]သော်လည်း အသံကထွက်မလာခဲ့။ ပြီးတော့လည်း သူ့ဘက်ကို [illegible]ည်းနည်းလေးမှ လှည့်၍မကြည့်ရဲတော့။ ရင်ထဲမှာ ပြောင်းဆန်လို့ [illegible]သွားတော့တယ်။ သွေးကြောတွေ ပြောင်းပြန်လှည့်ပတ်စီးဆင်းလို့ [illegible]နေသလား။

''ဂျူးစံ ကိုယ့်ကိုစကားလေး ပြန်ပြောပါလား''

''မသိဘူး''

ရှက်ရမ်းကလေး ရမ်းလို့ပြောလိုက်ခြင်းပါ။

''ဟင်...မသိဘူး...ဒါဆိုဂျပန်လိုပြောမယ် အားအိရှိတယ် [illegible]မတ်စ်''

သူက ဂျပန်လို ချစ်တယ်လို့ ထပ်ပြောလိုက်ပြန်တယ်။

''ဟာ...ဘာမှန်းလဲ မသိဘူး''

အိုဂျူးစံက မျက်လုံးလေးဝင့်ချီလို့ ပြောလိုက်တယ်။

သူတောင်းဆိုတဲ့အရာက...

သူမ တန်ဘိုးထားသော...

သူမ တန်ဘိုးမဖြတ်နိုင်သော...

အချစ်ဆိုသော အရာတစ်ခုပါပဲ...။ ခုတော့ ဖွန့်ဦးမောင် [illegible] ဘဝတစ်သက်သာအတွက် ပေးရတော့မည်။ အိုကွယ်...သူ့ကို [illegible]က်လိုက်တာနော်။

''မင်း...အဲဒီမှာပဲ အိုဂျူးစံရဲ့အချစ်ကို ရသွားခဲ့တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

ထူးကျော်၏အမေးကို သူမဖြေသေး။ လီမွှန်တီးခွက်ထဲက ဖွန်းကိုလှုပ်ကာ မွှေ့ရမ်းလိုက်သဖြင့် အနည်ထိုင်နေသော သကြား တို့က အရည်နှင့်အတူ ဝေ့ဝဲလို့သွားသည်။

"ဟေ့ကောင်...ဖွန်ဦးမောင်...ငါမေးတာ ဖြေဦးလေကွာ"

ထူးကျော့်စိတ်ထဲမှာ မရိုးမရွ ဖြစ်လို့နေ၏။ သိချင်သည့် စိတ်တို့ကိုလည်း အောင့်အီးကာ ထိန်းသိမ်းလို့မရတော့။

"ပြောမှာပေါ့ ... ထူးကျော်ရာ ဖြေးဖြေးပေါ့ ... လီမွှန် တီးလေး တစ်ငုံတော့ ငုံလိုက်ပါရစေဦးကွာ"

ဖွန်ဦးမောင်က လီမွှန်တီးခွက်ကို ကောက်ကိုင်ကာ မော့ သောက်လိုက်၏။ ပြီးတော့မှ ခွက်ကိုပြန်ချလိုက်တယ်။

"မင်း...မေးတဲ့အတိုင်း အဲဒီမှာပဲ ဒိုဂျူးစံရဲ့ အချစ် ငါရသွားတာ"

"ဟူး..."

ထူးကျော် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ သူ့ လည်း ခပ်စိမ်းစိမ်းကြည့်လိုက်တယ်။ ထိုစူးစူးရဲရဲ အကြည့်များ ဒေါသမပါ...နာကျင်မှုများသာ ပါနေသည်ဟု သူတစ်ယောက် အကဲခတ်မိလိုက်သည်။

"မင်း...ငါ့ကိုကြည့်တဲ့ အကြည့်က တစ်မျိုးကြီးဖြစ် တယ် ထူးကျော်"

စိတ်ထဲတွင် နောက်ကိုရှုပ်ထွေးနေသဖြင့် သူ့ကို ထူးကျော်





စကားများများ မပြောတော့။

"ဒါဆို...မင်း...ရှင်နှောင်းကို ဘယ်လိုလုပ်မလဲ"

ရှင်နှောင်းအတွက် စိတ်ပူနေဟန်တူသော ထူးကျော်ကို ကြည့်လိုက်တယ်။

"ဘယ်လိုလုပ်ရမလဲ ဟုတ်လား"

"အေး...ဟုတ်တယ်"

"ဘာမှမလုပ်နိုင်ဘူး...ဒီအတိုင်း ညီမလေးတစ်ယောက် လိုပဲ ဆက်ဆံရမှာပေါ့"

"ဟာ...မဟုတ်သေးပါဘူးကွာ"

"ဘာလို့ မဟုတ်တာလဲ"

ခပ်ဆတ်ဆတ်နဲ့ ထန်ထန်လေးပဲ ပြန်ပြောလိုက်တဲ့အခါ ထူးကျော်က ပုခုံးတစ်ဖက်ကို မှာန်ပါပါတွန့်လိုက်ရင်း...

"ဒီမှာဖွန်...ရှင်နှောင်းရဲ့ အချစ်က ပေါ့သေးသေး မဟုတ် ဘူးနော်...မင်းအပေါ်ကို ချစ်တဲ့အချစ်က အင်မတန်ကို လေးနက် တာ"

ဖွန်ဦးမောင် ခေါင်းကိုဘယ်ပြန်ညာပြန် ယိမ်းလိုက်တယ်။ ရှင်နှောင်းအတွက် ဥပေက္ခာပြုသည့် အပြုအမူမှန်း ထူးကျော်သိ လိုက်၏။

"ငါဘာမှမတတ်နိုင်ဘူးကွာ"

"မဟုတ်သေးဘူးလေ...မင်းစဉ်းစားကြည့်ကွာ...ဒိုဂျူးစံ ဆိုတာ ခုမှပေါ်လာတာ...ရှင်နှောင်းကျတော့ မင်းနဲ့အတူနေလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြတာ ကြာပြီပဲ သံယောဇဉ်ဖြစ်ချင်ဖြစ် ရှင်နှောင်းအပေါ်ပဲ ဖြစ်သင့်တယ်"

ခက်တော့ခက်နေပြီ။ အချစ်တစ်ခု ပေါ်ပေါက်ဖန်တီးလာတာက ကြာရှည်ရင်းနှီးတဲ့ အချိန်ကာလ တစ်ခုနဲ့ပဲ သက်ဆိုင်နေတာလား။ တစ်ကယ်တမ်း သေချာဆန်းစစ်ကြည့်တော့ ထူးကျော်အချစ်ကို နားမလည်သေးတာကတော့ အသအချာပင်။

ထိုနေ့က ရွှေညည့်သည်က ပြန်လာတော့ လမ်းတစ်လျှောက်လုံး အိုဂျူးစံကိုသာ သတိရနေရမည့်အစား ရှင်နှောင်းကိုသာ သတိရလို့နေသည်မှာ ဘာကြောင့်လဲ။





## အခန်း (၁၉)

သည်ခြံသည်ဝင်းထဲကို အခေါက်ပေါင်း မရေတွက်နိုင်လောက်အောင် ရောက်ခဲ့ဖူးပါသည်။ သည်တစ်ခေါက်ကတော့ဖြင့် ဘာဖြစ်မှန်းကိုမသိ... ရင်ကလေး ဖိုတိုတိုနှင့် တစ်မျိုးကြီးကိုဖြစ်လို့ ဝင်ဝင်ခြင်းပါပဲ ခြံပေါက်ဝမှာ TEXI ကားလေးကို ထိုးရပ်ထားသည်ကို တွေ့လိုက်ရ၏။

"ဂျူးစံ"

ကားရှေ့ခန်းကနေ ခေါင်းလေပြုရင်း အပြုံးကလေးဖြင့် နှုန်ဦးမောင် ခေါ်လိုက်တယ်။ လတ်လတ်ဆတ်ဆတ် ချစ်ခဲ့ရသော ချစ်သူကို သူကြည့်လို့မဝ။ အိုဂျူးစံက သူ့ကိုပြုံးပြရင်း သူ့ကားဆီသို့ ခပ်သုပ်သုပ် လျှောက်လာခဲ့သည်။ ဒါပေမဲ့လို့ ရှက်သွေးလေးတွေကတော့ မျက်နှာတစ်ခုလုံးမှာ ပြန့်နှံ့လို့နေပါတယ်။ မနေ့တစ်နေ့ကမှ ချစ်ရတဲ့ချစ်သူဆိုတော့ ရှက်လို့နေသေးတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လာကြိုမှာပေါ့ ... တစ်ယောက်ထဲ ဘာလို့လာရတာလဲ ဂျူးစံရယ်...ဘာလဲ...ကိုယ့်ကို သိပ်တွေ့ချင်နေလို့ မဟုတ်လား"

"အမယ် ဟုတ်ပါဘူးနော်"

ချက်ချင်းပြန်ပြောလိုက်သည့် စကားက ရှက်စရာအသံတွေ ရောစွက်လို့နေသည်။ ဖွန့်ဦးမောင်က အိုဂျူးစံကိုကြည့်ကာ ရယ်မော လိုက်တယ်။

"သွား...ဘာမှန်းလဲ မသိဘူး"

မျက်စောင်းလေးထိုးလို့ မဒိုတရိုဟန်လေးနှင့် ပြိတီတီ အပြုံးချိုချိုလေးကိုပြုံးရင်း သူ့အနားမှာ ခေါင်းလေးငုံ့ကာရပ်ရင်း ...

"ဘယ်သွားမလို့လဲ"

"နှောင်းကို သင်တန်းသွားပို့မလို့လေ...ဂျူးစံလိုက်ဦးမလား"

"ဟင့်အင်း...မလိုက်တော့ဘူး...ဒီမှာအန်တီတို့နဲ့ စကားပြောမလို့"

"ဒါဆို ကိုယ်ပြန်လာခဲ့မယ်...အိမ်ကစောင့်နေနော်"

အင်းဟုလည်းမပြောပဲ ပြုံးရင်းခေါင်းညိတ်ပြလိုက်တယ်။

"ဂျူးစံ"

နှစ်ကိုယ်ကြားလေသံလေးဖြင့် သူခေါ်လိုက်တယ်။ အိုဂျူးစံရဲ့ မျက်ဝန်းနက်နက်လေးက အရည်တွေရွှန်းလဲ့ တောက်ပနေတယ်။

"ညက ကိုယ် အိပ်မက်မက်တယ်သိလား"

"ဘယ်လိုမက်လို့လဲ"





"ဂျူးစံက ကိုယ့်ကို မွှေးမွှေးလေးပေးနေတာကို"

"အိုး"

သူ့စကားမဆုံးသေး...အိုဂျူးစံ ရှက်လို့ခြံဝင်းထဲကို ဝင်ပြေးသွားလိုက်တယ်။

"ဟယ်...မမဂျူးစံ"

ခြံဝင်းထဲသို့ ပြေးဝင်လာသည့် အိုဂျူးစံကို အိမ်ပေါက်ဝမှ ဆင်းလာသည့်ရှင်နှောင်းက ဝမ်းသာအားရ နှုတ်ဆက်လိုက်ရာ...

"နှောင်း"

"ဟင်...မမဂျူးစံ...ဘာဖြစ်လာတာလဲ...မျက်နှာကြီးကလဲ ရဲလို့"

"ဟို...ဟို...ဟင့်အင်း ဘာမှမဖြစ်ပါဘူး"

ပြောသာပြောလိုက်ရပေမဲ့ အိုဂျူးစံက ဖွန့်ဦးမောင် ကားဆီသို့ မသိမသာလှမ်း၍ ကြည့်လိုက်သည်ကို ရှင်နှောင်း ရိပ်မိလိုက်၏။

အချစ်သည် အရာရာတိုင်းကို လွှမ်းမိုးနိုင်ပါ၏။ ဟန်ဆောင်နိုင်စွမ်းကိုလည်း လွှမ်းမိုးသွားနိုင်သည်ကို လက်တွေ့မြင်လိုက်ရပြီလေ။

"မမဂျူးစံ...နှောင်းသင်တန်းက ဒီနေ့ နေ့တစ်ပိုင်းလောက်ပဲ...တစ်နေကုန်မဟုတ်ဘူး...ပြန်လာခဲ့မယ်နော်...အိမ်ကနေစောင့်နေတော့"

ရှင်နှောင်းပြောပြီး အိုဂျူးစံ၏ မျက်နှာလေးကို မြတ်နိုးစွာကြည့်ရင်း မေးဖျားလေးကို လက်ချောင်းဖျားလေးနှင့် ထိတွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး...

"ဖွန့်ကို ခဏလေးခေါ်သွားမှာ နောက်မှ မမဂျူးစံ ရင်ခွင်ထဲကို ပြန်ပို့မယ်နော်"

"အို"

အိုဂျူးစံ ရှက်လို့ အိုခနဲလို့အပြော ရှင်နှောင်းက ကားဆီသို့ ထွက်လို့သွားတော့တယ်။ ရှင်နှောင်းရဲ့ ကျောပြင်လေးကိုကြည့်ရင်း အိုဂျူးစံ ရင်ထဲတွင် သိမ့်ခနဲနွေးထွေးမှုကို ခံစားလိုက်ရတော့သည်။

ရင်ထဲတွင်ရှိနေသည့် မျှော်လင့်ခြင်းများစွာကို လှပစွာပန်တီးပေးခဲ့ပါသော ရှင်နှောင်းလေးကို သူမအထူးကျေးဇူး တင်မိနေပါတော့တယ်။

ဖွန့်ဦးမောင်နှင့် ရှင်နှောင်းကတော့ ကားလေးကို ငြိမ့်ငြိမ့်ညောင်းညောင်းလေး မောင်းနေသည့် ဖွန့်ဦးမောင်ကို ရှင်နှောင်း မကြာမကြာ လှည့်ကြည့်မိသည်။

မေးချင်နေသည့် စကားတစ်ခွန်းကို မေးသင့်သလားဟု ရှင်နှောင်း အပြန်ပြန်အလှန်လှန် သုံးသပ်နေမိတယ်။ စိတ်မငြိမ်မသက်ဖြစ်နေပုံသည် ဟန်ပန်အမူအယာပေါ်တွင် ထင်ရှားစွာပေါ်လွင်တတ်၏။ ထို့ကြောင့် ...

"နှောင်း...ဘာပြောချင်လို့လဲ"

သူမဘက်ကိုလှည့်၍ မကြည့်ပဲ ဖွန့်ဦးမောင် မေးလိုက်တော့ ဟင်းခနဲ သက်ပြင်းရှည်တစ်ချက်ကို ဆွဲဆန့်ကာချလိုက်ရ





သည်။ ဖွန့်ဦးမောင်ကိုလည်း ဝေးမောစွာ ကြည့်လိုက်မိသေးတယ်။

"ပြောစရာရှိတာ ပြောလေ နှောင်းရဲ့"

စကားစကို ဖော်ပေးလိုက်သလို ပြောလာသဖြင့် ရှင်နှောင်းက...

"အခု...ဖွန့်ဘာကိုတွေးနေလဲ"

မေးချင်သည်ကတစ်ခြား...ပြောလိုက်သည်က တစ်ခြားဖြစ်လို့သွား၏။

"အိုဂျူးစံ အကြောင်းတွေးနေတာ"

ဟင်...ရင်ထဲကနေ မည်တမ်းလိုက်တာပါ။ မထင်မှတ်ပါ။ သူမ မေးချင်နေသည့် အကြောင်းကိစ္စကလည်း အိုဂျူးစံနဲ့ ပတ်သက်နေသည်မဟုတ်လား။ ရှင်နှောင်း...ဖွန့်ဦးမောင်ကို စူးစူးရဲရဲလေး စိုက်ကြည့်လိုက်တယ်။ ဖွန့်ဦးမောင်၏ မျက်ဝန်းအကြည့်တွေထဲတွင် ကြင်နာခြင်းများစွာကို ရှင်နှောင်း ဖမ်းမိလိုက်သည်။ အိုဂျူးစံအပေါ်ကို ဖွန့်ဦးမောင် အရမ်းချစ်ရှာပါလား ဆိုတာကို နားလည်လိုက်မိပြန်ပါသည်။

"ဖွန့်...မမဂျူးစံကို သိပ်ချစ်တာပဲလား"

ဖွန့်ဦးမောင်ဆီမှ ဘာသံမှထွက်မလာခဲ့တော့။ ဘာဖြစ်သွားတာလဲ။ သူမမေးလိုက်သည်ကို စိတ်ဆိုးလို့ သွားတာလား။ သူ့မျက်နှာကိုကြည့်လိုက်တော့ ဘာမှမဖြစ်သလို ရှေ့တူ့ဆီကြည့်ပြီး ကားကိုသာ မောင်းနှင်လို့နေတယ်။

အဲဒီလို မသိသလိုနှင့် အူကြောင်ကြောင်နိုင်ရှာခံစံကို ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ အသည်းယားသွားမိတယ်။ ထို့ကြောင့်ထင် ရှင်နှောင်းက ခေါင်းလေးငုံ့ပြီး သူ၏မျက်လုံးတွေကို စိုက်ကြည့်ပစ်လိုက်ပြီး...

"ပြောလေလို့... မမဂျူးစံကို သိပ်ချစ်တာပဲ မဟုတ်လား"

ဘာဖြစ်သွားမှန်း ကိုယ့်ကိုယ်ကို ရှင်နှောင်း သတိမထားမိလိုက်။ ဒေါသကြောင့်ရော၊ ရှက်ရွံ့မှုကြောင့်ရော၊ မနာလိုမှုတွေကြောင့်ရော သူမတစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လို့သွားသည်။

ဒါပေမဲ့ သူ့ပေါ့ ... ရှင်နှောင်းတစ်ယောက် ဘယ်လိုမှ မျှော်လင့်မထားသော စကားလုံးများကို ရုတ်တရက်ပြောချလိုက်ရာ ရှင်နှောင်းမှာ ထိုစကားလုံးတွေကြောင့် သေဆုံးသွားသည်ဟု ထင်လိုက်ရပါတယ်။

သူပြောတဲ့ စကားလုံးလေးကတော့ ...

"ကိုယ်...ဂျူးစံကို ဘယ်လောက်ထိချစ်တယ်ဆိုတာ၊ ပြောဘို့ကို စကားလုံးရှာမရ ဖြစ်နေတာပါ"

တဲ့ ... ကိုင်း...ကောင်းရော။

အိမ်တွင် ကျန်ရစ်ခဲ့သော အိုဂျူးစံမှာလည်း ဒေါ်ခင်နှောင်းမေ၏ ရုတ်တရက် ပြောချလိုက်သည့် စကားတွေက သူမရင်ထဲသို့ ကျိုက်ကျိုက်ဆူနေသော သံရည်ပူများ လောင်းချတာထက်ကို ပူလောင်သွားသည်ဟု ထင်လိုက်၏။ အလိုလိုနေရင်းကို ဂျူးစံစိတ်ထဲ အားငယ်လာသည့် စိတ်တွေက မိုးအုပ်လာသလိုမျိုး ခံစားလာရပြန်ပါ၏။ ခေါင်းလေးအငုံ့တွင် မျက်ရည် များက ဝဲချင်လာသည်။

"သမီးပဲ စဉ်းစားကြည့်ကွယ်...သားလေး မောင်ဖွန်ဟာ





အန်တီမေတို့လက်ပေါ်မှာ ငယ်ငယ်လေးကတည်းက ကြီးပြင်းလာတာဆိုတော့ အန်တီမေတို့၊ သိန်းသိန်းတို့ရဲ့ သန့်သင်ဆုံးမမှုတွေကို အသားကျနေပြီသား...လိုရာပုံစံကိုလည်း သွင်းလို့ရတယ်လေ"

အသံလေးတွေ တဒင်္ဂတိတ်ဆိတ်သွား၏။ အသက်ရှူသံ မှုန်းမှုန်းလေးက တိတ်ဆိတ်လွန်းသော ပတ်ဝန်းကျင်လေးတွင် ကျယ်လောင်စွာ ပေါ်ထွက်နေ၏။

အိုဂျူးစံရင်ထဲမှာ လှိုင်းတံပိုးတွေ ပြင်းထန်စွာ ရိုက်ခတ်လို့နေတယ်။ မကြာသေးခင် ရက်ပိုင်းလေးမှာ အချစ်အိမ်လေးကို တည်ဆောက်ဖြစ်တယ်...ဟော...ခု...ထိုအချစ်အိမ်လေး ပြိုကျပျက်စီးတော့မှာပါလား။

ဘာတဲ့ ... ညီမလေးရှင်နှောင်းနဲ့ ဖွန်တို့ကို လက်ထပ်ပေးချင်တယ်တဲ့။ သွားပြီ...ဒီစကားလေးတစ်ခွန်းက အတိုင်းအဆမဲ့ပြင်းထန်လွန်းတဲ့ ဗုံးအားပမာဏတစ်ခုပင်။

"ဒါကြောင့် သမီးရဲ့ ညီမလေးရှင်နှောင်းကို သားလေးနှိုင်းမောင်ကလွဲလို့ တစ်ခြားဘယ်ကောင်လေးတွေနဲ့မှ သဘောမတူနိုင်ဘူးကွယ်။ သမီးကအကြီးဖြစ်နေတော့ သမီးကိုပဲ အန်တီမေတို့က တိုးတိုးတိတ်တိတ် တိုင်ပင်ကြည့်တာပါ။ သမီးသဘောကရော ဘယ်လိုလဲ"

နားစွင့်ရင်းက မျက်ဝန်းလေးကို ဖျတ်ခနဲပင့်ကာ မော့ကြည့်လိုက်တယ်။ ရိုဝေဝေအကြည့်လေးပါ။ ပြီးတော့မှ လိုက်ဖြာကြည့်လင်းသော အသံလေးဖြင့် သို့မဟုတ် ရင်နာစွာ ကြေကွဲလိုက်မောင့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ အန်တီတို့ ကောင်းသလိုကြည့်စီစဉ်ကြပါ...သမီး ကခုမှ ရောက်လာတာဆိုတော့ ဘာမှမပြောတတ်ပါဘူးရှင်"

"အဲဒီလို မဟုတ်ဘူးလေ...သမီးရှင်နှောင်းကို သားလေး ဖွန်နဲ့ သဘောတူမတူဆိုတာကို ပြောတာပါ"

အိုဂျူးစံ ဘာပြောရတော့မည်နည်း။ သူမရဲ့ အသည်းနှလုံး ကို အစိမ်းသက်သက် ရင်ခွဲထုတ်ပေးလိုက်ရသလို။

"ကျွန်မ သဘောမတူစရာ မရှိတော့ပါဘူးရှင်"

အိုဂျူးစံ ငိုလိုက်ပါပြီ။ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲကို ငိုကြွေး နေပါပြီ။ သို့ပေမဲ့ မျက်နှာပြင်ပေါ်မှာတော့ အငိုမျက်လုံးလေးတွေ မျက်ရည်မကျ။ အပြုံးမျက်နှာလေးက အသက်မပါလှ။

ဒီအကြောင်းအရာကိစ္စတွေ ပြောပြီးတော့ သူမနဲ့ တွေ လေးပါးစကားတွေ ပြောဖြစ်နေကြရဲ့။ ဒါပေမဲ့ သူမရဲ့ ရင်တွင်းထဲ စကားတွေအများကြီး ဖွန်ဦးမောင်ကို ပြောနေလေရဲ့ပေါ့။ ဖွန်ရယ် ဂျူးစံကိုယ်တိုင် သစ္စာဖောက်ဖျက်ပြီး အပြစ်ကျူးလွန်ဖို့ ဘယ်တုန်း ကမှ မကြိုးစားမကြံစည်ခဲ့ပါဘူး ဖွန်...

ခုတော့ ညီမလေးနှောင်းရဲ့ ဘဝလေး လှပစေချင်တဲ့ စေတနာနဲ့ ဂျူးစံသစ္စာပျက်ရပါတော့မယ်။ တစ်ကယ်တော့လေ ဂျူးစံက သိပ်ပြီးအတ္တကြီးတဲ့ လူတစ်ယောက်ပါ ဖွန်ရဲ့။ ချစ်ခြင်း တွေကို လက်လွှတ်ဆုံးရှုံးမခံနိုင်လောက်အောင် ဖက်တွယ်ထား တဲ့သူပါ။

ဒါပေမဲ့လေ ကျွန်မရဲ့ ချစ်ခြင်းတွေကို ပြန်လည်ရုပ်သိမ်း





ပေးပါတော့လို့ နောက်နောင်ဘဝတွေ ရှိခဲ့မယ်ဆိုရင် ဖွန်ရဲ့ချစ်ခြင်း တရားတွေကို ဘဝဆက်တိုင်းဆက်တိုင်း ပြန်လည်ပေးအပ်နိုင်ခွင့် ရှိရပါစေသားလို့ ဆုတောင်းမိပါတယ် ဖွန်ရယ်။

အိုဂျူးစံ ကြာရှည် ဟန်ဆောင်လို့မရတော့။ ရှင်နှောင်းနှင့် ဖွန်ဦးမောင်ကို မစောင့်တော့ပဲ နိုင်လုံသော အကြောင်းပြချက်တစ်ခု ကို ဒေါ်ခင်နှောင်းမေနှင့် ဒေါ်ခင်မေသိန်းတို့ကို ပြောပြပြီး ပြန်လာခဲ့ တော့သည်။

ရင်ထဲမှာ ဝေဒနာတွေ သိန်းနဲ့သောင်းနဲ့ချီလို့ သွားခဲ့ပါပြီ ကော။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ကားလေးထဲတွင် ပကတိ တိတ်ဆိတ်ငြိမ်သက်လို့နေပါ၏။ ရှင်နှောင်းကတော့ ဘာကိုတွေးနေသည်တော့မသိ။ ငြိမ်သက်လွန်းလှ နေတယ်။ သူကတော့ ဒီကားလေးနှင့်အတူ အိုဂျူးစံနှင့်သွားလာကြ သည်ကို သတိရနေမိသည်။

အိုဂျူးစံရဲ့ အသံလွင်လွင်လေးတွေ လှုပ်ရှားသွားလာနေတဲ့ ဟန်ကလေးတွေကို မြင်ယောင်လို့နေမိတယ်။ အိုဂျူးစံနှင့် စတွေ့ ပြီးသည့်နောက် တစ်ရက်မှမပျက် သူ...အိုဂျူးစံနှင့် သွားခဲ့ခြင်းမှာ အလုပ်သဘောအရ ဆိုပေမဲ့လည်း အလွန်ပျော်ရွှင်ခဲ့ရသည်။ တမ်းတ ခဲ့ရပါသည်။

မနေ့က ဟုတ်၏။ မနေ့ကတစ်ရက်ပါပဲ။ သူ...အိုဂျူးစံကို လိုက်၍မပို့လိုက်ရ။ ရင်ထဲတွင် ဟာတာတာကြီးနှင့် တစ်ခုခုလိုနေမှန်း





သိသာလှသည်။ ရှင်နှောင်း၏ သင်တန်းကိုပို့ပြီး အိမ်သို့ပြန်လာကာ အိုဂျူးစံနှင့် သွားဖို့စိတ်ကူးလို့ထား၏။

ရှင်နှောင်း၏သင်တန်းကလည်း နေ့တစ်ပိုင်းထဲဆိုတော့ ပြီးဆုံးအောင်စောင့်ပြီးမှ ရှင်နှောင်းနှင့်အတူ ပြန်လာခဲ့သည်။ သို့သော် အိမ်သို့ပြန်ရောက်တော့ အိုဂျူးစံကိုမတွေ့ရ။

အန်တီမေနှင့် အမေတို့ ပြောစကားအရ အရေးကြီးတဲ့ကိစ္စ တစ်ခုကြောင့် ပြန်သွားပြီး မနက်ဖြန်ကျမှ တွေ့ဆုံမည်ဖြစ်ကြောင်းကို သိလိုက်ရသည်။

သို့နှင့် အဲဒီတစ်နေ့လုံး သူစိတ်ဓာတ်ကျစွာနှင့် ကားလည်း မထွက်တော့ပဲ နေလိုက်ရတော့၏။ ဒီနေ့မနက်ကျမှပင် သူနှင့် ရှင်နှောင်းတို့ အိုဂျူးစံ၏ ကုမ္ပဏီသို့ ထွက်လာခဲ့ရခြင်းပင်။

"ဖွန်"

ရှင်နှောင်း ခေါ်လိုက်သဖြင့် သူလှည့်ကြည့်လိုက်ရာ သူမ မျက်လုံးတို့သည် သူမြင်ဖူးသမျှတွင် နာကျင်ကြေကွဲဖွယ် အကောင်း ဆုံး မျက်လုံးများ ဖြစ်နေသည်။

"နှောင်း...စိတ်ထဲမှာ တစ်မျိုးကြီးပဲ...မမဂျူးစံနဲ့ ပတ်သက် ပြီးတော့ကို ခံစားနေရတယ်...ဘာဖြစ်လို့လဲဆိုတာကိုတော့ နှောင်းလဲ မပြောတတ်ဘူး"

အို...ကြည်စမ်း...တူလှချည်လား...ခံစားချက်ပင်သွ သူလည်း ရှင်နှောင်းနည်းတူကို ထပ်တူခံစားလို့နေရသည်။ ရှိရိမ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ကြီးထွားလို့နေပြီ။ ဘာဖြစ်မလဲဟု တွေးကြည့်လိုက်ပါတယ်။ အင်း...ဘာမှကိုတွေးလို့မရ။ ဒီလိုနှင့် ကားကိုမောင်းလာရာမှ စိတ်တို့က တထင့်ထင့်နှင့်ပေါ့လေ။

မိုလ်အောင်ကျော်လမ်းရှိ ကုမ္ပဏီရုံးခန်းရှေ့သို့ရောက်တော့ ကားကိုထိုးရပ်လိုက်သည်။ နှစ်ယောက်သား ကားပေါ်ကဆင်းပြီး ရုံးခန်းတွင်းသို့ အရင်စလိုဝင်လိုက်တော့ ဝန်ထမ်းတွေအားလုံးက ဝိုင်းကြည့်လို့နေကြသည်။

ထိုစဉ်မှာပင် ပထမဦးဆုံး စားပွဲခုံတွင် ထိုင်နေသော ဝန်ထမ်းကောင်မလေးတစ်ဦးက သူတို့နှစ်ယောက်ဆီသို့ထလာပြီး...

"အော်...အစ်ကို"

သူမှတ်မိလိုက်သည်။ ဒီကုမ္ပဏီသို့ အိုဂျူးစံကို ကြို့ပို့လုပ်ရင်းနှင့် သူတို့မျက်နှာတွေကို အလွယ်တကူ မှတ်မိထားခြင်းပင်။

"ဘော့စ်တို့သားအဖတွေ လေဆိပ်ကိုသွားကြပြီ အစ်ကို"

"ဟင်..."

"ဟာ...ဟုတ်လား"

ဖျတ်ခနဲဆို ဖွန်ဦးမောင်နှင့် ရှင်နှောင်းတို့ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြသည်။ တစ်ခုခုဖြစ်တော့မည်ကို ကြိုတင်တွက်ဆထားသည့်အတိုင်း ဖြစ်နေသည်က တစ်ကယ့်အံ့ဩစရာပင် ထင်မိ...

"ဟို...ဘာသွားလုပ်တာလဲ...ညှော်သည်သွားကြိုတာလား"





"မဟုတ်ဘူးရှင့် ... ဘော့စ်ရဲ့သမီး အိုဂျူးစံဆိုတာလေ ဂျပန်ကိုပြန်မလို့ အဲဒါ ဘော့စ်ကပါ ခဏလိုက်သွားတာ ဒီမှာခေတ္တ ကျွန်မတာဝန်ယူထားတာပါ"

"အိုဂျူးစံ ဘာဖြစ်လို့ ပြန်တာလဲ.. သူ့ဗီဇာက အများကြီး ကျန်သေးတာ"

"အဲဒါတော့ ကျွန်မ မသိပါဘူးရှင်...အစ်ကိုလာရင် ပေးဖို့ဆိုပြီး စာတစ်စောင်တော့ ထားခဲ့တယ်"

ပြောပြောဆိုဆို ဝန်ထမ်းကောင်မလေးက သူမရဲ့စားပွဲရှိရာသို့သွားကာ အံဆွဲထဲက စာအိတ်တစ်ခုကိုယူပြီး သူ့ဆီလှမ်းပေးလိုက်၏။ ဖွန်ဦးမောင် စာအိတ်ကို လျှင်မြန်စွာယူကာ ဖွင့်ဖောက်လိုက်စဉ် ရှင်နှောင်းကပါ သူနှင့်ခေါင်းချင်းယှဉ်ကာ ဖတ်လိုက်တော့သည်။

နွန်

ညီမလေးရှင်နှောင်းရဲ့ ဘဝကြင်ဖော်အဖြစ် သတ်မှတ်ပေးခဲ့တာကို အန်တီတို့ပြောမှ သိရပါတယ်။ ဂျူးစံကို ခွင့်လွှတ်ပေးပါနော်။

နွန်နဲ့ဂျူးစံတို့ရဲ့ အချစ်ဇာတ်လမ်းလေးကို ဂျူးစံတစ်ယောက်ထဲပဲ ရင်ထဲမှာ သိမ်းထားပြီး ဂျပန်ကိုအလွမ်းဇာတ်တစ်ပုဒ်အနေနဲ့ ယူသွားပါရစေတော့ နွန်ရယ်။

ညီမလေးနှောင်းရဲ့ ချစ်ခြင်းကိုလည်း ဂျူးစံမခွဲရက်ဘူး။ နွန်နဲ့ညီမလေးနှောင်းတို့ ထာဝရချစ်ခင်လက်တွဲနိုင်ပါစေကွယ်။

ဆာယိုနာရာ...နွန်...



www.burmeseclassic.com

www.burmeseclassic.com



အကြာကြီး ခွဲခွာသွားရတော့မှာမို့ ဂျပန်လိုပဲ နှုတ်ဆက်လိုက်ပါတယ်နော်။

နှင်းကို လွမ်းမပြေအောင် ချစ်နေမဲ့
ဂျူးစံ

ဟာ...ဂျူးစံရယ် ရက်စက်လိုက်တာကွယ်။ သူ အတိုင်းအဆမဲ့ နာကျင်လို့သွားတော့သည်။ ရှင်နှောင်းရဲ့ မျက်နှာကို ကြည့်တော့လည်း မဲနက်နေသော မျက်ဝန်းထဲတွင် မျက်ရည်များ အရည်လည်လို့ သူ့ကိုကြည့်လို့နေတယ်။

သွားပြီ...အိပ်မက်လေးတစ်ခု ရုတ်တရက် ပြိုကျပျက်စီးသွားပြီကော။ ရှင်နှောင်း ရင်ထဲတွင် ဝမ်းနည်းနာကျင်နေမိခြင်းက ကြီးစိုးနေတော့သည်။ ဖွန်ဦးမောင် သက်ပြင်းတစ်ရှိုက် ရှိုက်လိုက်ပြီး ဝန်ထမ်းကောင်မလေးကို ကြည့်လိုက်ပြီး...

"သူတို့တွေ ဘယ်အချိန်လောက်က ထွက်သွားကြတာလဲ"

"တစ်နာရီလောက်တော့ ရှိသွားပြီ အစ်ကို"

သူ...ဖျတ်ခနဲလက်မှ နာရီကို ကြည့်လိုက်တယ်။ ပြီးမှ ရှင်နှောင်းလက်လေးကို ဆွဲကိုင်လိုက်ရင်း...

"လာ...နှောင်းသွားမယ်"

သူတို့နှစ်ယောက်သား ကားဆီသို့ အပြေးကလေး လှမ်းလို့သွားပြီး ကားထဲဝင်ထိုင်ပြီးသည်နှင့် အတင်းမောင်းထွက်လို့ လာခဲ့တော့တယ်။ မြို့လယ်မှာဆိုတော့ ကားကို ကိုယ်မောင်းချင်သလို





မောင်းလို့မရ။ စိတ်က အတော့်ကို ရှည်နေရ၏။ ဟွန်းမတီးရဇုန်ဟု သတ်မှတ်ထားသည့်အတွက်လည်း တော်တော်ကသိကအောင့် ရှိလှသည်။

တစ်ချို့ယာဉ်တွေ စည်းကမ်းမရှိသလို...လူတွေကလည်း စည်းကမ်းမဲ့လှတယ်။ ကားတွေကို သေစေနိုင်သည့် စက်ပစ္စည်းဟု သဘောမထားချင်ကြ။

ရန်ကုန်မြို့တွင်း နယ်နိမိတ်ကျော်လာမှ ကားမောင်းရတာ အဆင်ပြေသွား၏။ ဒီတော့မှ ကားကိုအမြန်နှုန်းတင်ပြီး မောင်းလို့ ရတော့သည်။

မဲနက်သော ကတ္တရာလမ်းမပေါ်တွင် ကားလေးက မြှားတစ်စင်းပမာ ပြေးလွှားလို့နေပေသည်။ ရှင်နှောင်းတစ်ယောက် ပြင်ပမှ တိုက်ခိုက်လာသည့် လေတို့က ခေါင်းပေါ်က ဆံနွယ်စတို့ကို မျက်နှာတစ်ဝိုက်ဆီသို့ တွန်းပို့ပို့နေသဖြင့် ရှင်နှောင်းက ခဏခဏလက်ဖြင့် ဖယ်၍နေရသော်လည်း စိတ်အတွေးက အစ်မဖြစ်သူ အိုဂျူးစံဆီသို့ ရောက်လို့နေ၏။

"မမဂျူးစံ...ဘာဖြစ်လို့ ဂျပန်ပြည်ပြန်ရတာလဲ...ပြဿနာဆိုတာ ဖြေရှင်းတတ်ရင် လွယ်လွယ်လေးပါနော်။ အဲလိုလုပ်သွားတော့ရော အားလုံးစိတ်ချမ်းသာမှာတဲ့လား...ဟင်း"

ရှင်နှောင်းတစ်ယောက်ထဲ ပြောသလိုလိုနဲ့ ဖွန်ဦးမောင်ကို ပြောလိုက်သည်။ ဖွန်ဦးမောင် သူကတော့ အင်းမလှုပ်၊ အဲမလှုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြန်မပြော ကားကိုသာမဲ့၍ မောင်းနေမိတယ်။ ဒါပေမဲ့ ... သူ့စိတ်သူ့အတွေးတွေက အိုဂျူးစံဆီသို့သာ ရောက်နေမည်မလွဲ။

ရှင်နှောင်း သူ့ဘက်ကို ကြည့်လိုက်တယ်။ မျက်နှာက အလို မကျရုံသည့်ဟန် တင်မာခက်ထန် မာကျောလွန်းနေသည်ဟု သူမထင် လိုက်၏။ သူမကို စကားပြန်ပြောမည့် အနေအထားမရှိမှန်းကို အကဲ ခတ်လိုက်မိသဖြင့် ... ဟွန်း ဟု မေးထိုးပြီး ကားအပြင်ဘက်ကို ပြန်လှည့်ကာ ကြည့်နေလိုက်တယ်။

စိတ်ထဲကတော့ ပြောနေမိတယ်ပေါ့ သူတစ်ယောက်ထဲ အသည်းကွဲတာကျနေတာပဲလို့လေ။ ကားလေးကတော့ ပြည်လမ်းမ ကြီးပေါ်မှ ရိပ်ကနဲ ရိပ်ကနဲ ပြေးတုံ့ပေါ့။ ရှင်နှောင်းလည်း ဘာစကား မှ မပြောတော့ပါ။ ကိုယ့်အတွေးနဲ့ကိုယ် နေလိုက်တယ်။ သူလည်း ထို့နည်းတူပေါ့။

မကြာခင်မှာပဲ လေဆိပ်သို့ သွားရာလမ်းကြောင်းပေါ်သို့ ရောက်၍လာ၏။ ကားမောင်းနေရင်းမှ ကောင်းကင်ပေါ်ကိုလည်း သူ မော့မော့ကြည့်နေမိသည်။

"လေယာဉ်ထွက်သွားပြီလား မသိဘူး"

စိုးရိမ်သံတို့ဖြင့် ဖွန်ဦးမောင်နှုတ်က အသံထွက်၍ လာခဲ့ သည်။ ရှင်နှောင်းက သူ့ကိုလှည့်ကြည့်ရုံမျှတစ်ပါး ခွန်းတုံ့မပြန်။ မှတ်ပါလား...ဟင်း...ကိုယ်ပြောတုံးကတော့ အရေးမလုပ် ပြန် မပြောပဲနေလိုက်တာ...ခုမှလာမပြောနဲ့ နားမထောင်ဘူးသိလား။





ခဏအကြာမှာပဲ လေဆိပ်အဆောက်အအုံရှေ့သို့ ရောက် လာပြီး ကားပါကင်၌ရပ်ကာ နှစ်ဦးသား လေဆိပ်အဆောက်အအုံ ထဲသို့ အပြေးကလေး လှမ်းဝင်လိုက်ပါတယ်။

သို့သော် လေဆိပ်ခန်းထဲတွင် လူတွေကရှင်းလို့ ခရီးသည် တွေက အခန်းတွင်းသို့ ဝင်ရောက်ကုန်ကြပြီး လိုက်ပါပို့ဆောင်သူများ ကတော့ အပေါ်ထပ်သို့ သွားနေကြရာ...

"နှောင်း...လာ...အပေါ်ကိုသွားမယ်"

ဖွန်ဦးမောင်က ရှင်နှောင်း၏လက်ကို ဆွဲကိုင်ရင်း အပေါ်ထပ် လှေကားရှိရာသို့ အပြေးကလေးပဲ သွားကာတက်လို့သွားသည်။ အပေါ်ထပ်ရောက်တော့ လူတွေအားလုံးက လေသာဆောင်ဘက်မှ စုပြုံတိုးဝေ့လို့ အောက်ကို ကြည့်နေကြတယ်။ ဒါနဲ့နှစ်ယောက်သား လေသာဆောင်ဘက်သို့သွား၍ လူတွေကြားထဲ တိုးဝေ့လို့နေရာရ အောင် ယူလိုက်ကြတယ်။

ဖွန်ဦးမောင် လေယာဉ်ကွင်းထဲသို့ ကြည့်လိုက်တော့ စက်သူ အဲယားဝေး လေယာဉ်ပျံကြီးက ပျံတက်ဖို့အဆင်သင့်။

"တော်သေးတယ် လေယာဉ်မထွက်သေးလို့"

"မမဂျူးစံက ဒီလေယာဉ်ပျံနဲ့ သွားမှာလား"

"ဟုတ်တယ်...စက်သူကနေ ဂျပန်ကိုသွားလိမ့်မယ် နှောင်း"

ထိုစဉ်မှာပဲ...

"ဟိုမှာ...ဟိုမှာ...ကားထွက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ကြသူတွေထဲမှာ တစ်ယောက်က အော်ပြောလိုက်သဖြင့် သူ့ရင်ထဲမှာ လှိုက်ကနဲ ဖြစ်လို့သွားသည်။ သူနှင့် ရှင်နှောင်းတို့လည်း ရောယောင်၍ အောက်သို့ငုံ့ကြည့်လိုက်သည်။ ပြည်ပသို့သွားကြမည့် ခရီးသည်တွေကို တင်ဆောင်လာသည့် ခရီးသည်အဲယားကွန်းကားကြီး လေယာဉ်ကြီးရှိရာသို့ မောင်းနှင်လို့သွားတော့ သူ့နားထဲတွင် နှုတ်ဆက်သံတွေ...ဆူညံလို့ပေါ့လေ။ အဲဒီကြားထဲမှာမှ

"မမ...ဂျူးစံရေ...မမ...ဂျူးစံ"

ရှင်နှောင်း၏ အော်ခေါ်သံလေး ကြားလိုက်ရတော့ သူ့မျက်ဝန်းမှ မျက်ရည်စများကလည်း ဝေ့ဝဲချင်လို့လာပြီ။ ထို့ကြောင့် သူလည်း ခေါ်လိုက်ပါတယ်။ ဂျူးစံရယ်လို့ ရင်ပွင့်မတတ် ခေါ်လိုက်ပါတယ်။ ဒါပေမဲ့ အသည်းနှလုံးကပဲ ခေါ်လိုက်ခြင်းရယ်ပါ။ လေယာဉ်ကြီးဆီသို့ ပို့ပေးနေတဲ့ အဲယားကွန်း ကားကြီးထဲမှာတော့ အိုဂျူးစံရယ အနိုင်နိုင်ထိန်းထားသည့်ကြားထဲက မျက်ရည်လေးများ လွင့်စင်လို့ ကျလာခဲ့ပါပြီ။ နှလုံးသားထဲမှာ တဆစ်ဆစ်နဲ့ နာကျင်လို့နေခဲ့ပါပြီ။

နာကြည်းခံပြင်းခြင်းများ ကင်းစင်သော...

ကြေကွဲထိခိုက်ခြင်းများ ကင်းဝေးစေသော...

အချစ်သစ်သန့်မှ ဖြစ်တည်လာသည့် မှုဝေခံစားတတ်သည့် အချစ်တို့သည် ရင်နှင့်အမျှ ဖြစ်ပေါ်လာခဲ့ချေပြီလေ။

ရစ်ပိုင်းသိုင်းချုံနေသည့် မျက်ရည်များကြားမှ ကား၏အပြင်





ဘက် ညွှန့်ပို့ဆောင်အပေါ်ထပ်ကို လှမ်း၍ ကြည့်လိုက်သေးသည်။

မျက်ရည်များကြားမှ ဖြူဖြူ ဝါဝါ၊ စိမ်းစိမ်းတွေ လက်ကလေးတွေမြှောက်လို့ နှုတ်ဆက်နေကြတာကို ဝိုးတဝါးနိုင်စွာ မြင်လိုက်ရပါတယ်။ ပါးစပ်ကနေ အော်ဟစ်လို့ နေကြတာကိုတော့ သူမ အိုဂျူးစံ မကြားနိုင်။

ဩော်...ဒီလိုလိုက်ပို့ကြတဲ့ သူတွေထဲမှာ ညီမလေးနှောင်းနဲ့ ဒွန်တို့ကော လိုက်မပို့နိုင်ကြဘူးလို့ ပြောလို့ရရဲ့လားဟင်။ ဘယ်ပြောနိုင်မှာလည်း ပို့ချင်ပို့နိုင်တာပေါ့။

နောက်ဆုံးမျှော်လင့်မှုလေးရဲ့ အတွေးက မရေရာမသေချာပါဟု စိတ်ကထင်ထားပြီးသား။ ရှိပါစေတော့လေ။ ဒီဘဝမှာ သည်မှုန်အချစ်တွေကို နိဂုံးချုပ်ရမည်။ ညီမလေးနှောင်းအတွက် ပေးဆပ်ရမည် မဟုတ်လား။ အဲယားကွန်းကြီးက လေယာဉ်ကြီး၏ အနားဆီသို့ ဆိုက်ရောက်လို့သွားတယ်။

ခရီးသည်တွေ တစ်ယောက်ပြီးတစ်ယောက် ဆင်းလာကြတယ်။ ပြီးတော့ ခပ်ဝေးဝေးရှိ ညွှန့်ပို့ဆောင်ဘက်သို့ လှည့်ကာရပ်သို့ လက်တွေပေါင်ဖော့ရမ်းလို့ နှုတ်ဆက်ကြတာပေါ့။

အိုဂျူးစံတို့ သားအဖတွေ ဆင်းလာကြပြီး ညွှန့်ပို့ဆောင်ဆီသို့ မျှော်မှန်းလို့ကြည့်လိုက်တယ်။ နှုတ်ဆက်သူတွေကို တွေ့နေသည်။ သို့သော် ဘယ်သူဘယ်ဝါဟုတော့ သေချာမသိရ။

နာကာတာစံက အိုဂျူးစံကို စိတ်မကောင်းစွာကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပေါ်တက်သည့် လှေကားပေါ်သို့ တက်လို့သွားခဲ့လေသည်။ ဘာပဲပြောပြော ညီမလေးနှောင်းနှင့် ဖွန် လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ သူမစိတ်က လာခဲ့တယ်ဆိုတာကို စိတ်ထဲသွင်းပြီး မျက်ဝန်းထဲမှာလည်း မြင်ယောင်လိုက်ပြီး လက်ကလေးကို ဝှေ့ရမ်းပြလိုက်တယ်။

အဲဒီမှာပဲ မျက်ရည်စတွေ ကြွေကျလို့လာခဲ့ပါပြီ။ နေရစ်တော့ကွယ်...သွားတော့မယ်နော်။ ညွှန့်ပို့သည် လေသာဆောင်ထက်မှာလည်း ကြည့်ဦး...နှုတ်ဆက်သူတွေထဲမှာ...

"ဟယ်...ဟိုမှာ...ဟိုမှာ...မမဂျူးစံရယ်"

ရှင်နှောင်း လက်ညှိုးလေးတထိုးထိုးနှင့် ဝမ်းသာအားရ အော်ဟစ်လိုက်သည်။

"မမ...ဂျူးစံ...မမ...အိုဂျူးစံ"

ရှင်နှောင်းအားရပါးရ အော်ဟစ်၍ လက်ကိုဝှေ့ရမ်းပြလိုက်သည်။ လူတွေအားလုံးကလည်း သူတို့လိုပင် အော်ဟစ်လို့ ဝှေ့ရမ်းလို့နေ၏။ ဖွန့်ဦးမောင်ကတော့ အော်လည်းမအော် လက်လည်းဝှေ့ရမ်းမှုမပြု...ဒါပေမဲ့ နှလုံးသားက ငိုကြွေးလို့နေခဲ့လေပြီ။

အော်...ဂျူးစံရယ်...ကိုယ်မင်းကို နှုတ်မဆက်ချင်ဘူး ဘယ်တော့မှ နှုတ်မဆက်ချင်ဘူး...နှုတ်ဆက်တယ်ဆိုတာ တကယ်ခွဲခွာရတဲ့သူတွေမှ နှုတ်ဆက်တာပါ...မင်းကို...ဘယ်တော့မှ မခွဲနိုင်ဘူး...တကယ်တော့ မင်းဟာ ကိုယ့်ဘဝရဲ့ ဒုတိယအသက်တမ်းဆိုရင် ယုံမှာလား ဂျူးစံရယ်...





"ဖွန်...ဟိုမှာ...မမဂျူးစံ တက်သွားပြီ...လှေကားပေါ်တက်သွားပြီ"

သူလှမ်းကြည့်လိုက်တော့ လေယာဉ်ပေါ်တက်ဖို့ အိုဂျူးစံ လှေကားအတိုင်း ဖြေးလေးစွာတက်သွားခဲ့လေသည်။ ချစ်တဲ့သူကို စွန့်လွှတ်အနစ်နာခံသွားတဲ့သူကို အချစ်သူရဲကောင်းလို့ ခေါ်ရတော့မှာလား။ ဒါဆို မင်းကိုလည်း အချစ်သူရဲကောင်းဘွဲ့ ပေးရတော့မှာပေါ့နော်။

ဒီလိုဆို ကိုယ့်ကိုစွန့်ပစ်ခဲ့တဲ့အတွက် ခံစားနေရတဲ့ ကိုယ့်ကိုရော...ဘယ်လိုကမ္ပည်းထိုးမှာလဲ...ဂျူးစံရယ်။ နေပါစေတော့ ရှိပါစေတော့။

ကိုယ်မင်းကို အမြဲချစ်မယ်...အမြဲလွမ်းနေမယ်ဆိုပေမဲ့ ခံစားမှုတွေ အသချေနဲ့ လွမ်းရင်းနဲ့ ငိုရတော့မှာပါကွယ်။

အိုဂျူးစံရယ်ပေါ့... လှေကားထိပ်ကိုအရောက် လေယာဉ်အဝင်လှဲ့ဆဲဆဲ နောက်ဆုံးအကြိမ် ညွှန့်ပို့ဆောင်ဘက်ကို လှည့်ကြည့်လိုက်တယ်။ လွမ်းရစ်ဝေသီနေသော မှေးမှိန်ရောင်ရဲနိုင်လွန်းသော မျက်ရည်များ ဝေ့လည်စွာ ပြည့်အိုက်နေသော မျက်ဝန်းထဲမှာ မမျှော်သင့်သော ညီမလေးနှောင်းကို တွေ့ခဲ့ရသည်။

မမျှော်လင့်သော ချစ်သူဖွန်နှင့် ဆုံဆည်းခွင့်ရခဲ့သည်။ သို့သော် မမျှော်လင့်စွာနှင့်ပဲ လက်လွှတ်ဆုံးရှုံးခဲ့ရပြန်တော့ ဝမ်းနည်းခြင်းတွေ၊ ပူဆွေးခြင်းတွေနဲ့အတူ ဂျပန်ကိုပြန်သွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေရစ်တော့ မြန်မာပြည်...

နေရစ်တော့ ရှင်နှောင်း...

နေရစ်တော့ ချစ်သူ ဖွန့်ရယ်...

ပေါက်ခနဲကျလာသည့် မျက်ရည်စနဲ့အတူ အိုဂျူးစံ လေယာဉ်ထဲသို့ ဝင်လိုက်ပါတော့တယ်။

အို...ရှင်နှောင်းက ယောင်ယမ်း အော်လိုက်မိတယ်။ မိမိမျက်စိရှေ့မှ အိုဂျူးစံသည် ပျောက်ကွယ်ခဲ့ရပြီ။ ဒါသည် နောက်ဆုံးတွေ့မြင်လိုက်ရခြင်းပင်။ တစ်ကယ် ရက်စက်နိုင်သည့် မမဂျူးစံ၊ တစ်ကယ် ဥပေက္ခာပြုနိုင်ရက်သည့် မမဂျူးစံ၊ တစ်ကယ် စိမ်းကားသွားနိုင်သည့် မမဂျူးစံ။

ရင်တွင်းက တစ်ကယ့်ကို လှိုက်လှိုက်လှဲလှဲဖြစ်သွားပြီး အနီးရှိ ဖွန့်ဦးမောင်၏ ရင်ခွင်ထဲသို့ ခေါင်းကိုတိုးဝှေကာ တသိမ့်သိမ့် ရှိုက်ငိုနေပါတော့တယ်။ ငို...ငို...မင်းအားရအောင် ငိုလိုက်စမ်းပါ ရှင်နှောင်းရယ်။

သူက အလိုက်သင့် ပြန်လည်ထွေးပိုက်လို့ထားလိုက်ပါတော့တယ်။ ခဏအကြာမှာတော့ လေယာဉ်ပြေးလမ်းမှာ လေယာဉ်ကြီးက အရှိန်အဟုန်ပြင်းစွာနှင့်သွားပြီး ဦးမော့ကာ ကောင်းကင်ပေါ်သို့ ပျံတက်လို့သွားတော့သည်။

ရှင်နှောင်း သူ့ရင်ခွင်ထဲမှာ ခေါင်းလေး မော့ကာကြည့်လိုက်တယ်။ သူလည်း အိုဂျူးစံကိုယ်စား လေယာဉ်ကြီးကို နောက်ဆုံး





ကြည့်လိုက်မိသည်။ တိမ်တိုက်တွေကြားထဲသို့ ဝင်ရောက်ပျောက်ကွယ်သည့်အထိကို ကြည့်နေလိုက်စဉ်...

"ကိုကို"

ထူးခြားစွာ ခေါ်လိုက်သည့် ရှင်နှောင်း၏ အသံကြောင့် သူပြန်လည်ငုံ့ကြည့်လိုက်ရာ ရှင်နှောင်းက သူ့ကိုညိုးညိုးငယ်ငယ်လေးနဲ့ ကြည့်နေရှာသည်ကို တွေ့ရ၏။

"နှောင်း"

အလိုအလျောက် သူ့နှုတ်မှ ကြင်နာစွာခေါ်လိုက်မိသည်။ ရှင်နှောင်းက သူ့ကိုရီရီဝေဝေလေးကြည့်လို့ တစ်စုံတစ်ခုသောအရာကို တောင့်တနေသည့်ဟန် ခံကောင်းစွာ နားလည်လိုက်ပါသည်။

"နှောင်း...ကိုကို ကိုချစ်တယ်မဟုတ်လား"

ရှင်နှောင်း နှုတ်ခမ်းလေးတွေက စုတင်းနေရာမှ ပြုံးယောင်သမ်းလို့သွား၏။

"ချစ်တယ်...ကိုကိုရယ်...သိပ်ချစ်တာပေါ့"

"နှောင်းနဲ့ကိုကိုတို့ လက်ထပ်ကြရအောင်နော်"

"ကိုကိုသဘောပဲလေ"

"ဒါဆို နှောင်းနဲ့ ကိုကိုတို့ရဲ့ မင်္ဂလာလက်ထက်ပွဲကြရင် နှောင်းရဲ့အစ်မ အိုဂျူးစံကို ဖိတ်အုံးမှာလား"

"ဟင်"

နှောင်းက သူ့လက်တွေကြားမှ ရုန်းထွက်လိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... ကိုကိုရယ်... နှောင်းနဲ့ကိုကိုရဲ့ မင်္ဂလာရက်ကို အစ်မဂျူးစံသိ အကြောင်းမကြားရဲဘူး... သိရင် အစ်မဂျူးစံတော်တော်ခံစားရဦးမှာ... ဒါကြောင့် ကိုကိုနဲ့ နှောင်းတို့ရဲ့ မင်္ဂလာရက်ကို မကြေညာရက်ပါဘူး ကိုကိုရယ် နော်"

"အော်... နှောင်းရယ်"

ရှင်နှောင်းအတွက် နားဆိုရာနေရာလေးက အေးငြိမ်းတဲ့ ဖွန့်ရဲ့ ရင်ခွင်လေးပဲ ဖြစ်ပါတော့သည်။

မင်္ဂလာရက်ကို
ကြေညာနိုင်ကြပါစေ

ရှင်နှောင်း



www.burmeseclassic.com